# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၀၃၀)


# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(UNEP)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ရက် (AJNE) တို့ ပူးပေါင်း၍ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံ (Asia-Pacific Judicial Conference on Environmental and Climate Change Adjudication)" ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

ညီလာခံကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမှုများ စစ်ဆေးစီရင်မှုနှင့် စပ်လျဉ်း၍ တိုးတက် ခိုင်မာလာစေရေးအတွက် ကျင်းပခြင်းဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ တရားမျှတမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမှုများ စစ်ဆေးစီရင်ခြင်း၊ စီရင်ထုံးများ


စာမျက်နှာ ၃ ကော်လံ ၁





ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ့မွေးမြူရေးငါးများ ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အီးယူသို့ တင်ပို့ခွင့်ရရှိပြီ



ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်း ၁၀ မျိုးကို အီးယူ၏ခွင့်ပြုချက်ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ တိုင်းဒေသကြီးသုံးခုမှ ရေထွက်ပစ္စည်း ၁၀ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်ရရှိပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ ငါးမြစ်ချင်းငါးကို ပြည်ပသို့ အဓိကတင်ပို့လျက်ရှိပြီး တစ်နှစ်ခန့် ဈေးကွက်ပျောက်လျက်ရှိရာ ယခုအခါ ကမ္ဘာ့နိုင်ငံများစားသုံးလျက်ရှိသည့် ငါးတန်ကို တင်ပို့နိုင်ရန် မွေးမြူထုတ်လုပ်လျက်ရှိကြောင်း၊ ပြည်တွင်းရှိ ပင်လယ်ပိုင်း၊ ကုန်းတွင်းပိုင်းနှင့်မွေးမြူရေးပိုင်းမှ ငါးများကို ပြည်ပသို့ တင်ပို့ရာတွင် အီးယူ၏ စစ်ဆေးအတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် စက်ရုံပေါင်း ၂၀ မှ တင်ပို့လျက်ရှိပြီး မွေးမြူရေးငါးကို တင်ပို့နိုင်ခြင်းမရှိသေးဘဲ သဘာဝ ငါး၊ ပုစွန်များကိုသာ တင်ပို့ခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၁၁ ကော်လံ ၄


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


စာ ၁ » ၈





**မြန်မာ့အလင်း**

# နိုင်ငံတော်သမ္မတ၏ ရွှေသောင်ယံတံတားဖွင့်ပွဲ မိန့်ခွန်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရွှေသောင်ယံတံတား(မကျီးချောင်း) ဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လူထုအစိုးရသစ်၏ နှစ်နှစ်ကျော်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့သည်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ လူထုအစိုးရသစ်၏ လက်ကျန်သက်တမ်းအတွင်း ဒေသအလိုက် လိုအပ်နေသည့် တံတားအစင်းပေါင်း ၄၀၀ ကျော် ဆောက်လုပ်ပြီးစီးရေး စီစဉ်ထားသည်ကိုလည်း နိုင်ငံတော်သမ္မတက ထည့်သွင်းပြောကြားခဲ့ပါသည်။ ဝမ်းမြောက်စရာကောင်းသည်မှာ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်အတွင်း ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသနေ ပြည်သူအားလုံး၏ ၉၀ ရာခိုင်နှုန်းအား ကျေးလက်လမ်းများ ရာသီမရွေး အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည်ကို နိုင်ငံတော်သမ္မတက မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတက လမ်းတံတားတည်ဆောက်ရေးများ၊ စီမံကိန်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရာ၌ ဒေသအကျိုးဖြစ်ထွန်းစေရန် လိုအပ်သကဲ့သို့ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေးအတွက်ပါ အသေအချာ ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်သည်တို့ကို လမ်းညွှန်ပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများ အပ်နှံရာ၌ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်ကိုလည်း တစ်ပါတည်း သတိပေးလမ်းညွှန်ခဲ့ပါသည်။ စီမံကိန်းများ ဆောင်ရွက်ရာတွင် အကယ်၍ အဆင့်လိုက်ခွဲတမ်းချ ဝေပုံကျခွဲယူကြပြီး ပြည်သူများအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းမရှိတော့သည့် ဘဏ္ဍာငွေဆုံးရှုံးမှု အခြေအနေများ ဖြစ်ပေါ်လာပါက နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးအရ ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ကို နိုင်ငံတော်သမ္မတက ပြတ်ပြတ်သားသား သတိပေးပြောဆိုခဲ့ပါသည်။

လမ်းများ၊ တံတားများ အပါအဝင် အခြေခံအဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း အရည်အသွေး စိစစ်ထိန်းသိမ်းရေး **(Quality Control)** ကို မဖြစ်မနေ ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့ပြီး မဖြစ်သင့် မဖြစ်ထိုက်သည့် ယိုယွင်းပျက်စီးခြင်းမျိုးများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ကို နိုင်ငံတော်သမ္မတက အတိအလင်း ပြောကြားခဲ့ပါသည်။ ပြည်သူ့ဘဏ္ဍာငွေနှင့် ကျခံသုံးစွဲထားသည့် တိုင်းပြည်၏ အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် ပြည်သူများဘက်ကလည်း ကြည့်ရှုစောင့်ရှောက်ကြပ်မတ်ထိန်းသိမ်းပေးရန်ကိုလည်း နိုင်ငံတော်သမ္မတက တိုက်တွန်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ၏ ရွှေသောင်ယံတံတား (မကျီးချောင်း)ဖွင့်ပွဲ မိန့်ခွန်း၌ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများကို ထည့်သွင်းပြောကြားခဲ့ပါသည်။ တောင်သူလယ်သမားတို့အနေဖြင့် မြေယာကို သားစဉ်မြေးဆက် ခိုင်ခိုင်မာမာလုပ်ကိုင်ခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဥပဒေအရ ဆောင်ရွက်ပေးနေသည်တို့ကို နိုင်ငံတော်သမ္မတက ရှင်းလင်းပြောဆိုခဲ့ပြီး သိမ်းဆည်းခံမြေများ ပြန်လည်အပ်နှံရေးအတွက် နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုများကိုပါ တင်ပြပြောဆိုခဲ့ပါသည်။ ဤသိမ်းဆည်းခံမြေများ ပြန်လည်အပ်နှံရေးကိစ္စရပ်၌ တရားမျှတမှု လက်ခံကျင့်သုံးရေး၏ အရေးပါပုံကို နိုင်ငံတော်သမ္မတက ထောက်ပြခဲ့ပြီး တစ်ဆက်တည်း တရားမျှတမှု လက်ခံကျင့်သုံးရေးက လူ့အဖွဲ့အစည်း ခိုင်မာရေးအတွက် အရေးပါသကဲ့သို့ ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အရေးပါသည်ကို ရှင်းလင်းပြောဆိုခဲ့ပါသည်။

နိုင်ငံတော်သမ္မတက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ အစဖြစ်သော ပစ္စုပ္ပန်ကာလ၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် လွတ်လပ်မှုနှင့် လုံခြုံမှုအား အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန် အရေးကြီးသည်ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ တစ်ပါတည်း နိုင်ငံတော်သမ္မတက နိုင်ငံသူ နိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ဖိနှိပ်ချုပ်ချယ်သော အုပ်ချုပ်ရေးယန္တရား မဖြစ်စေရန်ကိုလည်း သတိပေးပြောဆိုခဲ့ပါသည်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရွှေသောင်ယံတံတား(မကျီးချောင်း) ဖွင့်ပွဲ မိန့်ခွန်းသည် တိုင်းပြည်၏ ကဏ္ဍအသီးသီးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**




## တတိယအကြိမ် အင်းသားအမျိုးသားနေ့ကို ညောင်ရွှေမြို့၌ နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည်

**ညောင်ရွှေ အောက်တိုဘာ ၂၉**

အင်းသားတိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ဒေသတွင်းရှိ ညီနောင်တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများတွင် အတူဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး ရည်ရွယ်ချက်ဖြင့် တတိယအကြိမ် အင်းသားအမျိုးသားနေ့ကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ညောင်ရွှေမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် အင်းသားအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ ပြသခြင်း၊ ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ရိုးရာယဉ်ကျေးမှုအကများ၊ ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ရွေးစင် ဘော်လီဘောပြိုင်ပွဲများ ကျင်းပခြင်း၊ ဒေသတွင်းလူငယ်များနှင့် အဖွဲ့အစည်းများမှ စကားဝိုင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့အပြင် အင်းသားအမျိုးသားနေ့ဖြစ်သည့် တန်ဆောင်မုန်းလဆန်း ၁ ရက် (နိုဝင်ဘာ ၈ ရက်)တွင် အင်းသားရိုးရာကျော်လှေများဖြင့် လှော်ခတ်ချီတက်၍ လူထုအခမ်းအနား ကျင်းပခြင်း၊ အင်းလေး စုပေါင်းမဟာဘုံကထိန် လှည့်လည်ပူဇော်ခြင်းနှင့် မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်းတွင် မဟာဘုံကထိန်ပွဲ ကျင်းပခြင်းတို့ဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



အင်းသားအမျိုးသားနေ့ကို ဒေသတွင်း အင်းသားလူမျိုးများနှင့် အဝေးရောက် အင်းသားလူမျိုးများ ပြန်လည်ဆုံစည်းရာမှ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေး၊ အင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ဒေသတွင်းရှိ ညီနောင်တိုင်းရင်းသားများနှင့် အတူ စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ အင်းသားလူငယ် မောင်မယ်များ အနေဖြင့် မိမိတို့ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အနာဂတ်ခေါင်းဆောင်များပေါ်ထွန်းလာရေး၊ အင်းလေးကန် ထိန်းသိမ်းရေးနှင့် သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ အင်းလေးဒေသ စုပေါင်းဘုံကထိန်အလှူမှသည် အမျိုးဘာသာသာသနာကို ထောက်ပံ့ခြင်းနှင့် စောင့်ရှောက်ထွန်းကားစေခြင်းစသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) စည်ကားစွာ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိ

**ပုသိမ် အောက်တိုဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ပုသိမ်မြို့ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း စာအုပ်စင်များကို ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်လျက်ရှိကာ ကလေးငယ်များ ဗဟုသုတရရှိမည့် စာအုပ်စာစောင်များ ပြသပြီး စာအုပ်အရောင်းပွဲတော် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**



**ထင်သာမြင်သာပြုပြင်စရာ**

## လှိုင်ကော်မြို့တွင်းရှိ အများပြည်သူဆိုင်ရာနေရာများတွင် စည်းကမ်းမဲ့အရက်ဝိုင်းဖွဲ့ခြင်းကို တားမြစ်ပေးစေလို

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းရှိ အများပြည်သူဆိုင်ရာနေရာများတွင် ညအချိန် စည်းကမ်းမဲ့အရက်ဝိုင်းဖွဲ့ကာ မူးယစ်သောက်စားရမ်းကားနေသူများကြောင့် လမ်းသွားလမ်းလာများအတွက် အန္တရာယ်ဖြစ်ပေါ်လျက်ရှိရာ အဆိုပါနေရာများ၌ စည်းကမ်းမဲ့ အရက်ဝိုင်းဖွဲ့ခြင်းကို သက်ဆိုင်ရာက တားမြစ်အရေးယူပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

"ဘီလူးချောင်းဖြတ်ကျော် ဒေါ်နိုးကူးတံတားရဲ့ လူသွားလမ်းပေါ်မှာလည်း ညအချိန်စည်းကမ်းမဲ့ အရက်ဝိုင်းတွေကို တွေ့ရပါတယ်။ နောင်ယားကန်သာယာဘေးနဲ့ ထေးငှားလျား ကန်သာယာဘေးတို့ရဲ့ နားနေဆောင်တွေမှာလည်း စည်းကမ်းမဲ့အရက်ဝိုင်းတွေကို တွေ့ရတတ်ပါတယ်။ ပြီးတော့ အခြားဘီလူးချောင်း ဖြတ်ကျော်တံတားတွေရဲ့ လူသွားလမ်းတွေပေါ်မှာလည်း စည်းကမ်းမဲ့အရက်ဝိုင်းတွေ တွေ့ရတတ်တာပါပဲ။ အခြား လမ်းသွားလမ်းလာတွေအတွက် အန္တရာယ်ဖြစ်ရပါတယ်။ ဒီလို စည်းမဲ့ ကမ်းမဲ့နေတာကို တားမြစ်ပေးစေလိုပါတယ်" ဟု လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်နေသူတစ်ဦးက ပြောသည်။

သို့ဖြစ်၍ လွိုင်ကော်မြို့တွင်းရှိ အများပြည်သူဆိုင်ရာ နေရာများတွင် ညအချိန်မတော် စည်းကမ်းမဲ့ အရက်ဝိုင်းဖွဲ့ကာ မူးယစ်ရမ်းကားနေမှုများကို သက်ဆိုင်ရာက တားမြစ်အရေးယူသွားရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံဖွင့်ပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ရှေ့ဖုံးမှ

လိုက်နာမှု အားကောင်းလာစေရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အုပ်ချုပ်မှုတို့နှင့်ပတ်သက်၍ အကောင်းဆုံး ကျင့်သုံးမှုများကို တရားသူကြီးများနှင့် ဥပဒေပညာရှင်များအကြား ကျယ်ကျယ်ပြန့်ပြန့် အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ညီလာခံကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၊ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တရားစွဲဆိုမှုများနှင့် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲလာသည့်ခေတ်ကြီးတွင် တရားသူကြီးများ၏ အခန်းကဏ္ဍအစရှိသည်တို့နှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများက ရှုထောင့်အသီးသီးမှ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

**တာဝန်ရှိသူများ တက်ရောက်**

ညီလာခံသို့ အာဆီယံနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ပစိဖိတ်ဒေသတွင်းနိုင်ငံများ၊ ဗြိတိန်၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ နယူးဇီလန်၊ ကိရိဘတ်စ် နိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ADB၊ UN Environment မှ တာဝန်ရှိသူများနှင့် Train-The-Trainers Program Environmental Champions မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့် ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခများ၊ ရန်ကုန်နှင့် မန္တလေး ရှေ့နေများအသင်း ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် တရားသူကြီးများနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

သတင်းစဉ်

# အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ၃/၂၀၁၈ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၉**

Job Creation Sector Coordination Group ၏ ၃/၂၀၁၈ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဒုတိယဝန်ကြီးက အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဦးစားပေးကဏ္ဍအလိုက်ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လက်အောက်တွင် ဦးစားပေးကဏ္ဍခွဲအလိုက် အဖွဲ့ခွဲ ၄၇ ဖွဲ့အား ဦးစီးဌာနအသီးသီး၏ ညွှန်ကြားရေးမှူးချုပ်များမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာကဏ္ဍ အဖွဲ့ခွဲကိုလည်း ဆက်လက်ဖွဲ့စည်းရန်ရှိကြောင်း။

ယခု ဖွဲ့စည်းထားပြီးဖြစ်သော အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမိတ်ဖက် အဖွဲ့အစည်း ၁၈ ခုမှ ကိုယ်စားလှယ်ပေါင်း ၂၂ ဦး ပါဝင်လျက်ရှိသဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အဖွဲ့ခွဲများအနေဖြင့် မိမိကဏ္ဍအတွင်းရှိသော စီမံကိန်း အစီအစဉ်များကို ကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို အဖွဲ့ဝင်များနှင့် ဗဟိုစာရင်းအင်းအဖွဲ့သို့ မျှဝေရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ရှိ မဏ္ဍိုင် (၂) ၌ မဟာဗျူဟာ (၇) ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း။

MSDP ၏ ပန်းတိုင် (၃) ပါ မဟာဗျူဟာများတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေး၊ လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖော်ဆောင်ရေး၊ ကုန်သွယ်မှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအား လေ့လာစေရေး၊ ငွေကြေးဝန်ဆောင်မှုစနစ်များ ပိုမိုခိုင်မာလာစေရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှု တွန်းအားပေးဆောင်ရွက်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်ပေါင်း ၇၅ ခုကိုလည်း သတ်မှတ်ရေးဆွဲပြီးဖြစ်ကြောင်း၊ တက်ရောက်လာကြသော တာဝန်ရှိ ပုဂ္ဂိုလ်များမှလည်း လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ပမိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများအား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Hanns Seidel Foundation၊ BRAC Myanmar၊ Embassy of Switzerland၊ UNFPA၊ JICA၊ MCRB၊ Cuso International၊ ITC၊ ILO၊ People In Need၊ ACTED၊ German Embassy၊ DFID၊ GIZ၊ USAID တို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဦးမျိုးတင့်အား ပီရူးသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပီရူးသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

သတင်းစဉ်

# ရွှေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**နောင်ချို အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် စာဖတ်သူများထံသို့ စာအုပ်များ သွားရောက်ငှားရမ်းပေးခြင်းနှင့် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ သမရုံး၊ စိုက်ပျိုးရေး၊ မီးသတ်၊ မြို့မကုန်တင်၊ ကုန်ချရုံးများသို့ ကွင်းဆင်း၍ သုတ၊ ရသစာအုပ်အသစ်များ ငှားရမ်းပေးကာ ယခင်ငှားရမ်းပေးထားသော စာအုပ်များကို ပြန်လည်သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ၏ (၂၆)ကြိမ်မြောက် ကောင်စီအစည်းအဝေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ၏(၂၆) ကြိမ်မြောက် ကောင်စီအစည်းအဝေး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ၏(၂၆) ကြိမ်မြောက် ကောင်စီအစည်းအဝေး ဂုဏ်ပြု ညစာစားပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ပိုမိုကြိုးစား လုပ်ဆောင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Industry 4.0 သို့ကူးပြောင်းလာချိန်တွင် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအရေးပါလာကြောင်းနှင့် အာဆီယံနိုင်ငံများတွင် စီးပွားရေး၊ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားရေးကိစ္စရပ်များ ပိုမိုတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှုများ ပိုမိုကြိုးစား လုပ်ဆောင်ကြရန် ပြောကြားသည်။

ယင်းနောက် အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီမှ ပေးအပ်သည့် Senior Fellowship နှင့် Academy of Engineering Technology for Developing World Fellowship များကို ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

**ပထမဆုံးအကြိမ် လက်ခံကျင်းပ**

အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီသည် အာဆီယံနိုင်ငံများမှ ဦးဆောင်အင်ဂျင်နီယာနှင့် ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် ဂုဏ်ထူးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာဆီယံ အတွင်းရေးမှူးအဖွဲ့က အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်သည့် non-profit အရပ်ဘက် လူမှုအဖွဲ့အစည်းဖြစ်ကာ ယခုအကြိမ်သည် မြန်မာနိုင်ငံမှ အာဆီယံအင်ဂျင်နီယာနှင့်နည်းပညာ အကယ်ဒမီ ကောင်စီအစည်းအဝေးကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ခြင်း ဖြစ်သည်။

**လူမှုတာဝန်တစ်ရပ်အဖြစ် ခံယူ**

အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီနှင့်အဖွဲ့ဝင်များသည် အထူးအားဖြင့် အာဆီယံလူ့အဖွဲ့အစည်းများမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေး၊လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားရေးကိစ္စရပ်များ လက်တွေ့ကျကျ ပိုမိုတိုးတက်ရေးအတွက် အင်ဂျင်နီယာ၊ သိပ္ပံပညာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ တိုးမြှင့်ရေး၊ ပိုမိုကောင်းမွန်စေရေးနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးချနိုင်ရေးတို့အတွက် မိမိတို့၏ ကျွမ်းကျင်တတ်မြောက်မှုနှင့် ကွန်ရက်များဖြင့် တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်သွားရေးကို လူမှုတာဝန်တစ်ရပ်အဖြစ် ခံယူထားသည်။

**ပါဝင်ဆောင်ရွက်**

အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီတွင် မြန်မာနိုင်ငံမှ ဆယ်စုနှစ်တစ်ခုကျော် ပါဝင်ဆောင်ရွက်ပြီးနောက်ပိုင်းတွင် လက်ရှိအချိန်၌ အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီအဖွဲ့ဝင် စုစုပေါင်း ၂၅၆ ဦးတွင်မြန်မာနိုင်ငံမှ Senior Fellow နှစ်ဦး၊ Fellow ၄၇ ဦး၊ Associate Fellow ၁၆ ဦး စုစုပေါင်း ၆၇ ဦး ပါဝင်နေပြီး ၁၅ ဦး ကောင်စီတွင် မြန်မာနိုင်ငံမှ ဒေါက်တာစိန်မြင့်နှင့် ဒေါက်တာအောင်ကျော်မြတ်တို့ ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရတနာသီယံခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)





သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားရေး၊ စီမံဌာနများမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**အထောက်အကူပြုနိုင်**

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းဖွင့် မိန့်ခွန်းပြောကြားရာတွင် ယခုသင်တန်းအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပညာရှင် ဆရာ၊ ဆရာမများ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တက္ကသိုလ်အကြံပေးအဖွဲ့၊ တက္ကသိုလ်ပညာရပ်အဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များမှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ဝန်ဆောင်မှုပေးခြင်းဆောင်ရွက်ချက်များကို လေ့လာ၍ ဘာသာရပ်များကို စနစ်တကျ ရေးဆွဲထားရှိသည့်အတွက် သင်တန်းသားများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အထောက်အကူပြုနိုင်စေမည်ဖြစ်ပါကြောင်း။

**အရည်အသွေးနှင့် စွမ်းဆောင်ရည်**

သင်တန်းကာလအတွင်းမှာ ပညာဌာန ခုနစ်ခုတို့မှ သင်ကြားပေးလိုက်သည့် ဘာသာရပ်များ၊ ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံဗဟုသုတတို့ကို မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ပြီး ဆွေးနွေးပို့ချသွားမည် ဖြစ်သလို သင်ကြားဆွေးနွေးပို့ချမှု ပုံသဏ္ဌာန်အနေဖြင့်လည်း တစ်ဦးချင်း ဆွေးနွေးတင်ပြခြင်း၊ အုပ်စုလိုက် ဆွေးနွေးတင်ပြခြင်း ဉာဏ်စမ်းမေးခွန်းတို မေးမြန်းခြင်းတို့ဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှုအတတ်ပညာ၊ သုတပညာ၊ သမ္မာတိုးတက်လာစေရန်အတွက် လေ့ကျင့်ပေးလျက်ရှိရာတွင် မိမိရာထူးအဆင့်နှင့် လျော်ညီသည့် အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးတက်လာအောင် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒများကို ၁၃-၆-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်ကာ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်း၊ အရည်အသွေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အရည်အသွေး စီမံခန့်ခွဲမှုစနစ်**

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပို့ချလျက်ရှိသော သင်တန်းများ၏ အရည်အသွေး အာမခံခြင်းကို ဖော်ဆောင်နိုင်ရန်အတွက် အရည်အသွေး စီမံခန့်ခွဲမှုစနစ်ကို ပြုစုရေးဆွဲပြီး ဖြစ်ပါကြောင်း၊ အလယ်အလတ်အဆင့် အရာထမ်းများသည် အထက်အဆင့်က ချမှတ်သည့် စီမံကိန်းလုပ်ငန်းတာဝန်နှင့် မူဝါဒများကို အောက်ခြေက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရသူများ ဖြစ်သောကြောင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသူများ ဖြစ်ပါကြောင်း။

**လူ့စွမ်းအားအရင်းအမြစ်များ**

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပိုမိုအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး မိမိတို့၏ အတွေ့အကြုံကောင်းများ၊ အသိပညာ အတတ်ပညာများအပေါ် အခြေခံပြီး ယနေ့ဖွင့်လှစ်မည့် သင်တန်းမှ သင်ယူလေ့လာရရှိမှုများနှင့်ပေါင်းစပ်ကာ ဌာနအကျိုး၊ တိုင်းပြည်နှင့် ပြည်သူ့အကျိုးတို့ကို ပိုမိုစွမ်းဆောင် သယ်ပိုးထမ်းရွက်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ သဘာဝသယံဇာတကဲ့သို့ လျော့နည်းကုန်ခန်းသွားခြင်းမဟုတ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပြီး လူ့စွမ်းအားအရင်းအနှီးကို အသုံးပြုကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိအောင်ကဏ္ဍစုံမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

**နည်းလမ်းတကျ တွေးခေါ်**

အလယ်အလတ်အဆင့် အရာထမ်းများအနေဖြင့် အထက်နဲ့အောက် အဆင့်ဆင့်ဝန်ထမ်းများကို ကွင်းဆက်မိမိ ချိတ်ဆက်ပေးနိုင်ရေး စီမံခန့်ခွဲပေးရသည့် အရာထမ်းများဖြစ်သောကြောင့် လုပ်ငန်းခွင်အတွင်း စည်းစနစ်ကျနသည့် ရုံးလုပ်ငန်းများ ပိုမိုကောင်းမွန်စွာ ဖြစ်ပေါ်လာစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသား၊ သင်တန်းသူများကို ယခုသင်ကြားပေးမည့် သင်ခန်းစာဘာသာရပ်များအပေါ် ပိုမိုအာရုံစိုက်ပြီး သင်ယူလေ့လာကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မိမိတို့၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များကို ထိရောက်စွာ စီမံခန့်ခွဲပေးနိုင်မည့် စွမ်းရည်အရည်အချင်းများအပြင် ကိုယ်ပိုင်ဉာဏ်စွမ်းပကားဖြင့် တွေးခေါ်ကြံဆနိုင်မှု တီထွင်နိုင်မှု စွမ်းရည်စွမ်းပကားများ ပိုမို ရရှိလာမည်ဖြစ်သလို လုပ်ငန်းခွင်အတွင်း အခက်အခဲ ပြဿနာများကိုလည်း နည်းလမ်းတကျ တွေးခေါ်ဖြေရှင်းပေးနိုင်သည့် အရည်အသွေးများ ရရှိမည်ဖြစ်ပါကြောင်း။

**စံနမူနာဖြစ်အောင် ကြိုးစား**

နိုင်ငံတော်က သွားရောက်လိုသည့် ဒီမိုကရေစီစနစ်အတွက် မိမိတို့အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိလေ့လာပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အချိန်နှင့် တစ်ပြေးညီ လျင်လျင်မြန်မြန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မိမိအထက်အဆင့် အရာထမ်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပံ့ပိုးနိုင်ရေး၊ အထက်အောက် လုပ်ငန်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ ပေါင်းကူးတံတားများသဖွယ် ဆောင်ရွက်နိုင်ရေး အလေးထားသင်ယူကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ စွမ်းရည်ထက်မြက်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်အောင် အတွေးအခေါ်၊ ခံယူချက်၊ ယုံကြည်ချက်များကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲကြရန် မိမိလက်အောက် အရာထမ်း၊ အမှုထမ်းများကိုလည်း သင်ကြားပြသ ဦးဆောင်လမ်းညွှန်ပြီး မိမိကိုယ်တိုင်ကလည်း စံနမူနာဖြစ်အောင် ကြိုးစားဆောင်ရွက်ကြပါဟု ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ၂၅ ဦး စုစုပေါင်း ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၉-၁၀-၂၀၁၈ ရက်မှ ၂၂-၃-၂၀၁၉ ရက်အထိ ရက်သတ္တ ၂၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် တာမွေမြို့နယ်၏ ကြိုတင်ပြင်ဆင်ထားမှုများနှင့် ပြည်သူတို့၏ သဘောထားအမြင်များ

ရန်ကုန် အောက်တိုဘာ ၂၉

**တစ်နိုင်ငံလုံးရှိ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ် ၁၃ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပသွားမည် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လစ်လပ်မဲဆန္ဒနယ်များအဖြစ် တာမွေမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်တို့ ပါဝင်သည်။**

**တာမွေမြို့နယ်အတွင်း မဲပေးပိုင်ခွင့်ရှိသူ ၉၉၁၁၉ ဦး၊ မဲရုံပေါင်း ၁၂၃ ရုံရှိရာ ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများ၊ ပြည်သူတို့၏ သဘောထားအမြင်များနှင့် လိုလားချက်များကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည် -**


ဦးသိန်းပိုင်


ဦးခင်မောင်စန်း


ဦးသန်းညွန့်


ဦးလှဝင်း

**ဦးသိန်းပိုင်**
**(တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ)**

မူလရွေးကောက်ပွဲတစ်ခုပြီးလို့ ကြားဖြတ်ရွေးကောက်ပွဲတစ်ခုပေါ်လာခဲ့ရင် မူလရွေးကောက်ပွဲရဲ့မဲစာရင်းကိုအခြေခံပြီး လုပ်ရပါတယ်။ ဒါကြောင့် ၂၀၁၅ မဲစာရင်းတွေကိုအခြေခံပြီး မဲစာရင်းတွေကို ပြုစုရပါတယ်။ သေတဲ့လူတွေကို နုတ်ပယ်ရတယ်။ ပုံစံ ၆၆/၆ နဲ့ ထွက်သွားတဲ့သူတွေကိုလည်း ထုတ်ပယ်ရပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အတိုင်း ပုံစံ ၆၆/၆ နဲ့ ပြောင်းလာတဲ့သူတွေကိုလည်း ဖြည့်စွက်ပြီး စာရင်းပြုစုရပါတယ်။

**မဲစာရင်းမှာ ဒီကနေ့ (အောက်တိုဘာ ၂၆ ရက်) အထိ မဲပေးပိုင်ခွင့်ရှိတဲ့သူ ၉၉၁၁၉ ဦး ရှိပါတယ်။** မဲစာရင်းပြုစုတဲ့အခါမှာလည်း ပြည်သူတွေပူးပေါင်းပြီး ပါဝင်ကြည့်ကြဖို့ ဇူလိုင်လ ၉ ရက်ကနေ ၂၂ ရက်နေ့အထိ ၁၄ ရက်တိုင်တိုင် ဆောင်ရွက်ခဲ့ပါတယ်။ တကယ်တမ်းလိုအပ်တဲ့စာရင်းရှိခဲ့ရင်လည်း ပုံစံ ၃ နဲ့ဖြည့်စွက်ဖို့၊ မဲပေးခွင့်မရှိတဲ့သူတွေ ပါနေရင်လည်း ပုံစံ ၄ နဲ့ကန့်ကွက်ဖို့ အဲဒီအပိုင်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့တယ်။

ဒုတိယအကြိမ်အနေနဲ့ အောက်တိုဘာလ ၁ ရက်ကနေ ၁၄ ရက်နေ့အထိ ပြည်သူတွေရဲ့ အားပေးကူညီပံ့ပိုးမှုကို မျှော်လင့်ပြီးတော့ ပုံစံ ၃ နဲ့ ဖြည့်စွက်ခြင်း၊ ပုံစံ ၄ နဲ့ ကန့်ကွက်ခြင်းတွေ ပြုလုပ်လာခဲ့တာကြောင့် အခုလို မဲစာရင်းကို ရရှိခဲ့တာပါ။ ပြည်သူအားဟာ အရေးကြီးပါတယ်။ ဒါကြောင့် မဲစာရင်းကပ်တဲ့ အချိန်ကာလတိုင်းမှာ ပြည်သူတွေ ပူးပေါင်းပါဝင်ကြဖို့ မဲစာရင်းကို မိသားစုတစ်စုကို အနည်းဆုံးတစ်ယောက် လာရောက်ကြည့်ရှုဖို့ အသံချဲ့စက်နဲ့ လှည့်လည်ပြီး ဆော်သြမှုတွေ လုပ်ကြပါတယ်။

အခုပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ တာမွေမြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပါတီရှစ်ခု ရှိပါတယ်။ ပါတီတွေနဲ့ပတ်သက်လို့ ပြဿနာတစ်စုံတစ်ရာ အထွေအထူး မရှိပါဘူး။ သူတို့ကိုဟောခွင့်၊ စည်းရုံးခွင့်ပြုတဲ့အခါမှာလည်း ပါတီဝင်တွေ သဘောတူလိုက်နာရမယ့် ကျင့်ဝတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားတဲ့ ၁/၂၀၁၄ စည်းမျဉ်းတွေ၊ တည်ဆဲဥပဒေတွေနဲ့အညီဆိုတဲ့ စည်းကမ်းချက် သုံးချက်ကို အမြဲတမ်း ထည့်သွင်းရေးသားပြီးတော့ မူဘောင်အတွင်းကနေ စည်းရုံးလှုံ့ဆော်သွားဖို့ ကော်မရှင်အနေနဲ့ အမြဲသတိပေး ဆောင်ရွက်နေပါတယ်။ မြို့နယ်မှာရှိတဲ့ ရပ်/ကော် ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေနဲ့ အဖွဲ့ဝင်တွေဟာ မဲရုံရဲ့အနေအထားတွေ၊ ကြိုတင်မဲပုံးရဲ့အနေအထားတွေကို ပြင်ဆင်ပြီးဖြစ်ပါတယ်။

**ဦးခင်မောင်စန်း (တာမွေမြို့နယ်၊ ကျားကွက်သစ်၊ အနေးယာဉ်လုပ်သား)**

မဲစာရင်း မကြည့်ရသေးပါဘူး။ မဲပေးဖို့ဆန္ဒကတော့ ရှိပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ရတဲ့အခွင့်အရေးကို လက်လွှတ်မခံပါဘူး။ တာမွေမြို့နယ်အကျိုးကို ရှေးရှုတတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်မယ်ဆိုရင် ကျွန်တော်တို့က အားရဝမ်းသာမဲပေးမှာပါ။ ဒီမြို့နယ်မှာရှိတဲ့ အမြင်မသင့်တော်တဲ့နေရာတွေ၊ အမြင်မသင့်တော်တဲ့လုပ်ငန်းလေးတွေကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တစ်ဖက်တစ်လမ်းကနေ ကူညီပေးမယ်ဆိုရင် ကျွန်တော်တို့က အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုမှာပါ။ ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်ရင် ပြည်သူတွေအနေနဲ့ စိတ်ဝင်စားမှုက သူ့ဟာနဲ့သူ ထိုက်သင့်သလောက်တော့ ရှိပါတယ်။ ပထမတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်ဆိုရင် ကျွန်တော်တို့ တာမွေမြို့နယ်မှာ စွမ်းစွမ်းတမံလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခံရခြင်း ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောက်တက်တဲ့ ကိုယ်စား လှယ်ကိုလည်း သမ္မတကြီး ဦးဝင်းမြင့်လို အရည်အချင်းပြည့်စုံတဲ့ ကိုယ်စားလှယ်ဖြစ်မယ်ဆိုရင် အတိုင်းထက်အလွန် ကျွန်တော်တို့က အင်မတန်မှ ဝမ်းမြောက်မှာပါ။

**ဦးသန်းညွန့် (တာမွေမြို့နယ်၊ ကျားကွက်သစ်၊ အငြိမ်းစားဝန်ထမ်းဟောင်း)**

ရွေးကောက်ပွဲက အရေးကြီးပါတယ်။ နိုင်ငံတော်အတွက် အရေးကြီးတယ်။ ကြားဖြတ် ၁၃ နေရာဆိုပေမယ့် ဒီဥစ္စာက စနစ်တစ်ခုကို ရွေးတာ၊ လူကိုရွေးတာမဟုတ်ဘူး၊ ကျွန်တော်တို့အတွက် လုပ်ဆောင်ပေးနိုင်မယ်လို့ ထင်တဲ့သူကို မဲပေးကြမယ်။ နောက်တက်လာမယ့် ပုဂ္ဂိုလ်ကိုလည်း ကြည့်ရဦးမယ်။ နိုင်ငံ့တာဝန်တွေကိုလည်း ထက်ထက်မြက်မြက် ထမ်းဆောင်စေချင်တယ်။ တာဝန်တွေလည်း ပေးစေချင်တယ်။

**ဦးလှဝင်း (တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်)**

မဲစာရင်း ကြည့်ပြီးပါပြီ။ မိသားစု ၁၀ ယောက်ရှိတယ်။ အကုန်လုံးပါပါတယ်။ အရင်တုန်းကလည်း အဆက်ဆက်မဲပေးခဲ့တယ်။ မြို့နယ်၊ တိုင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးကို စွမ်းစွမ်းတမံလုပ်နိုင်တဲ့သူကိုပဲ ကျွန်တော်တို့ ဦးစားပေးပြီးတော့ မဲပေးမှာပါ။ ကျွန်တော်တို့က ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးတို့၊ ပညာရေးတို့၊ အဲဒါတွေကို လုပ်တဲ့သူကိုပဲ ဦးစားပေးပြီးတော့ ရွေးချယ်မှာပါ။ ၃ ရက်နေ့မတိုင်ခင်ကတည်းက ရင်ခုန်ပါတယ်။ ပေးဖို့ အမြဲတမ်း ဆန္ဒထက်သန်တယ်။ ကိုယ့်ရဲ့ ရတောင့်ရခဲ အခွင့်အရေးကို လက်မလွှတ်ကြဖို့ ကျွန်တော် အမြဲတမ်းတိုက်တွန်းပါတယ်။ ကောင်းတဲ့သူကိုရွေးရင် ကောင်းသလို ပြည်သူလူထုက ခံစားရမယ်။ မကောင်းတဲ့လူကို အရွေးမှားရင် ကျွန်တော်တို့ပဲ ပြန်ခံစားရမယ်။ မျက်စိစုံမှိတ်ပြီး ဘယ်ပါတီကိုမှ မရွေးချယ်ဘူး။ အရင်ကတည်းက တိုင်းပြည်ကောင်းစားဖို့ စွမ်းစွမ်းတမံလုပ်တဲ့သူကိုပဲ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်ကျေအောင် မဲပေးခဲ့ပါတယ်။

**ဦးဇာလီ (တာမွေမြို့နယ်)**

မဲစာရင်းကြည့်တာတွေ လုပ်ပြီးပါပြီ။ ကျွန်တော်တို့ မိသားစုမှာ နှစ်ဦးစလုံး ပါပါတယ်။ ကျွန်တော်တို့ကတော့ ကြားဖြတ်ရွေးကောက်ပွဲအတွက် ခရီးသွားဖို့တောင် မသွားဘဲ အာရုံစိုက်ထားပါတယ်။ ကိုယ်စားလှယ်လောင်းအပေါ်ကိုလည်း အများကြီး မျှော်လင့်ပါတယ်။ ဥပဒေပြုရေးတွေမှာလည်း ဒီထက်ပိုတိုးတက်ပြီးတော့ ပိုပြီးကောင်းတဲ့ ဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကိုလည်း ဒီထက်ပိုပြီးလုပ်ဆောင်နိုင်ဖို့ ကျွန်တော်တို့ လိုလားပါတယ်။ ကိုယ်စားလှယ်လောင်းအနေနဲ့ ဒေသဖွံ့ဖြိုးရေးတွေကိုလည်း ဒီထက်ပိုပြီးလုပ်နိုင်ဖို့ မျှော်လင့်ပါတယ်။

**ဦးမင်းစံမောင်**
**(တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်)**

၃ ရက်နေ့မှာ မဲပေးဖို့ မဲစာရင်းနံပါတ်တွေ၊ ကိုယ့်ရဲ့ မဲရုံတွေကိုလည်း ကြည့်ရှုပြီးသွားပြီ၊ မိသားစု တစ်စုလုံးအတွက် အကုန်ပြင်ဆင်ထားပြီးပါပြီ။ ကျွန်တော်တို့မြို့နယ်က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ဖြစ်တဲ့အတွက် တိုင်းပြည်တစ်ခုလုံးရဲ့ ရေးရာတွေကို ဦးစားပေးပြီးဆောင်ရွက်နိုင်မယ့် ပုဂ္ဂိုလ်မျိုးကို မဲပေးမယ်။ ကျွန်တော်တို့မြို့နယ်မှာ လိုအပ်တဲ့ လိုအပ်ချက်တွေ၊ တိုင်းပြည်တစ်ခုလုံးအတွက် ထင်ဟပ်တဲ့ ဖြည့်ဆည်းပေးရမယ့် ကိစ္စမျိုးတွေ ရုပ်လုံးပေါ်လာဖို့အတွက် သူ့အနေနဲ့ ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ မျှော်လင့်တယ်။ ကျွန်တော်တို့က အခုလို မဲပေးခွင့်ရတဲ့အတွက် ဒီကြားဖြတ်ရွေးကောက်ပွဲဟာ ပါတီအသီးသီးရဲ့ ၂၀၂၀ ရွေးကောက်ပွဲအတွက် အားစမ်းမှုတစ်ခုလို့ မြင်ပါတယ်။

**ဒေါ်ဝင်းပပ**
**(တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်)**

မဲစာရင်းကြည့်ပြီးပါပြီ။ မိသားစုက ခုနစ်ယောက်ရှိတယ်။ ငါးယောက်ပေးရတယ်။ မဲနံပါတ်တွေ အကုန်ပါတယ်။ တိုင်းပြည်ကောင်းစားဖို့အတွက် ကိုယ့်ဘက်က တာဝန်ကျေအောင် လုပ်ရတာပေါ့။ ကိုယ့်ဒေသမှာ ကိုယ့်နေရာမှာ လိုအပ်တဲ့ဟာတွေကို လုပ်ပေးနိုင်မယ့်သူမျိုးကို မဲပေးသွားမယ်။ ကျွန်မတို့ကလည်း ပြည်သူ့တာဝန်ကျေအောင် လုပ်ပေးတယ်။ ကိုယ်စားလှယ်ကလည်း တာဝန်ကျေအောင်လုပ်ပေးဖို့ လိုပါတယ်။

**ဒေါ်လှမြတ်ဦး**
**(တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက်)**

မဲစာရင်းပါ မပါ ကြည့်ပြီးပါပြီ။ အိမ်မှာ မိသားစုဝင် ငါးယောက်ရှိတယ်၊ လေးယောက် ပေးခွင့်ရတယ်။ လေးယောက်စလုံးပါတယ်။ ကျွန်မတို့က အခုလိုကြားဖြတ်ရွေးကောက်ပွဲကို တက်ရောက်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ မဟုတ်လို့ရှိရင် လစ်ဟာနေတဲ့ အပိုင်းလေး ဖြစ်နေမယ်။ အခုလိုကြားဖြတ်ရွေးကောက်ပွဲလေး ရွေးလိုက်ရတဲ့အတွက် လိုအပ်ချက်တွေကို ပြည်သူတွေအနေနဲ့ တင်ပြခွင့်ရတယ်လေ။ တင်ပြတော့မှလည်း ပြည်သူလူထုတွေရဲ့ဆန္ဒကို ပြန်ဖြည့်ဆည်းပေးလို့ရမှာပါ။ ရွေးချယ်ခံ ကိုယ်စားလှယ်လောင်းရဲ့ အရည်အချင်းတွေကိုကြည့်ပြီး မဲပေးသွားမယ်။ ရွေးချယ်ခံရရင် ကိုယ်စားလှယ်လောင်းအနေနဲ့ ပြည်သူတွေအတွက် ဘယ်လိုဆောင်ရွက်ပေးလဲ ဆိုတာကို ကျွန်မတို့ကြည့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ၂၀၂၀ ကျရင် တစ်မျိုး စီစဉ်ရတာပေါ့။


ဦးဇာလီ


ဦးမင်းစံမောင်


ဒေါ်ဝင်းပပ


ဒေါ်လှမြတ်ဦး

**တွေ့ဆုံမေးမြန်း - ဇော်ကြီး**
**ဓာတ်ပုံ - ဖေဇော်**

# ရန်ကုန်မြို့တော်ဝန်ဆု ဒုတိယအကြိမ် ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ရန်ကုန်မြို့တော်ဝန်ဆု ဒုတိယအကြိမ် ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ဗဟိုအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် မြို့နယ်အဆင့်မှ ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲကို အောင်မြင်ခဲ့ကြသော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဖြေဆိုခွင့်ကတ်များ အချိန်မီ ထုတ်ယူနိုင်ရန်အတွက် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ယင်းနေ့ နံနက် ၈ နာရီခွဲ အရောက် လာရောက်ကြရန်နှင့် ကျောင်းဝတ်စုံများ ဝတ်ဆင်လာကြရန် ကျင်းပရေးကော်မတီမှ အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆာလောင်မွတ်သိပ်မှုကင်းစွာ သက်တမ်းစေ့ ရှင်သန်ရပ်တည်နိုင်ရေး

**မောင်ခိုင်မာ(အထက်မင်းလှ)**

'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်လာ ဆိုစကားနှင့် 'အူမတောင့်မှ သီလစောင့်နိုင်မည်' ဟူသော အရပ်သုံးဆိုစကားများက လူတစ်ဦး အသက်ရှင်နေထိုင်မှုနှင့် အကျင့်သီလတို့အတွက် အာဟာရသည် အရေးပါကြောင်း ဖော်ညွှန်းနေသည်။ လူသားတို့၏ ဘဝတစ်ခုရှင်သန်နေနိုင်ရေးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးအပေါ် မှီတည်ပြီး အာဟာရက အဓိကလိုအပ်ချက်ဖြစ်ပေသည်။ ကုန်ခန်းသွားသော စွမ်းအင်အတွက် စွမ်းအင်အသစ်များရရှိစေရန် အစာအာဟာရစားသုံးဖြည့်တင်းပေးရသည်လည်း မဟုတ်ပါလား။

လူသားတို့သည် သမိုင်းဦးဘုံမြေခေတ်က သားကောင်များကိုဖမ်းဆီးပြီး အစိမ်းစားဘဝ၌ စတင်ခဲ့သည်။ ထိုမှတစ်ဆင့် မီးကိုတွေ့ရှိပြီး ဖန်တီးကာ ချက်ပြုတ်စားသောက်သည့် အလေ့အကျင့် ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် သီးနှံများကို စားတတ်လာသည်။ သီးနှံစားရာမှ သီးပင်များကို စိုက်ပျိုးထုတ်လုပ်တတ်လာခဲ့ကြသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် လူလုပ်အားအပြင် သားကောင်များကို ဖမ်းဆီးစေခိုင်းရာမှ မွေးမြူရေးစနစ် ပေါ်ပေါက်ခဲ့ပြန်သည်။ လူသား၏ စားဝတ်နေရေး ဘဝနေထိုင်မှုပုံစံယဉ်ကျေးမှု အဆင့်မြင့်လာသော်လည်း လူသားတို့၏ အာဟာရအတွက် စိုက်ပျိုးမွေးမြူရေးမှာ မရှိမဖြစ်သော စားနပ်ရိက္ခာ ဘဏ္ဍာသိုက်ဖြစ်သည်။ ရှေးကာလကဆိုလျှင် ရှိနေသော သဘာဝသယံဇာတ မြေယာ၊ လုပ်အား၊ အရင်းအနှီးဟူသည့် ကုန်ထုတ်စွမ်းအားစုနှင့် အာဟာရမှီဝဲမည့် လူသားအရေအတွက်မှာ ညီညွတ်မျှတခဲ့လေသည်။

**ကြောက်ခမန်းလိလိ ကမ္ဘာ့လူဦးရေ**

သို့သော်ယခုအခါ ကမ္ဘာ့လူဦးရေက ကြောက်ခမန်းလိလိ တိုးပွားများပြားလာသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ လူဦးရေဆိုင်ရာ အကြီးအကဲ မစ္စတာ Heiling က လူသားများသည် ပိုမိုအသက်ရှည်လာပြီး မွေးဖွားနှုန်းလည်း တိုးတက်လာကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ အထိ ရောက်ရှိလာမည်ဖြစ်ပြီး ၂၁ ရာစုအကုန်တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၁၀၁၀၀ အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤသို့ တတိတတိနှင့် တိုးပွားလာသော လူဦးရေကြောင့် နေစရာနေရာ ချဲ့ရသည်။ နေစရာနေရာ ချဲ့ထွင်ရသဖြင့် စိုက်ပျိုးမြေများ၊ သစ်တောဧရိယာများ လျော့နည်းလာရသည်။ တိုးပွားလာသည့် ပါးစပ်ပေါက်များအတွက် စားနပ်ရိက္ခာ ထုတ်လုပ်နိုင်မှုမှာ ဆင့်ပါးစပ် နှမ်းပက်သလို ဖြစ်လာပြန်သည်။

ဤအခြေအနေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မျက်နှာလွှဲခဲပစ်နေ၍ မဖြစ်တော့သဖြင့် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကနေဒါနိုင်ငံ ကွီဘက် (Ouebec) မြို့၌ ကွီဘက်ညီလာခံကြီးကို ကျင်းပခဲ့ပြီး အဆိုပါညီလာခံတွင် 'ကမ္ဘာတစ်လွှားရှိ လူသားတစ်ရပ်လုံး မတောင့်မတ၊ မကြောင့်မကြနှင့် ငြိမ်းချမ်းစွာစားသောက်နေထိုင်နိုင်စေရန်' ဟူသော ဦးတည်ချက်ဖြင့် 'ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (The Food and Agriculture Organization-FAO) ကို ဖွဲ့စည်းလိုက်သည်။

**ကမ္ဘာ့စားနပ်ရိက္ခာနေ့**

'မည်သည့်ကလေးငယ်မျှ ထမင်းမစားဘဲ အိပ်ရာဝင်သည် မရှိစေရ'၊ 'မည်သည့်လူကြီး တစ်ယောက်မျှ နောက်တစ်နေ့ထမင်းအတွက် ပူပင်ကြောင့်ကြမရှိစေရ'ဟူသော မွန်မြတ်သည့် ဦးတည်ချက်များဖြင့် ဖွဲ့စည်းခဲ့သော FAO ကို စတင်ဖွဲ့စည်းသည့် အောက်တိုဘာ ၁၆ ရက်ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံများ၌ နှစ်စဉ်ကျင်းပရန် ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သော FAO အဖွဲ့၏ အကြိမ်(၂၀)မြောက် ညီလာခံက ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစတင်၍



ကမ္ဘာတစ်လွှား စားနပ်ရိက္ခာဖူလုံရေးနှင့် ဆာလောင်မွတ်သိပ်မှု လုံးဝပပျောက်ရေး(Zero Hunger) အတွက် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများကို ကျင်းပကြခြင်းဖြစ်သည်။

**ငတ်မွတ်မှုနှင့် အာဟာရမလုံလောက်မှု**

FAO ၏ စာရင်းအရ ကမ္ဘာ့လူဦးရေ သန်း ၈၀၀ ကျော်(ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်း) သည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကြောင်း၊ အများစုမှာဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ အထူးသဖြင့် အာရှနှင့် အာဖရိကဒေသမှဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များက အများစုဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ကလည်း ယနေ့ကမ္ဘာကြီးတွင် ကလေးသူငယ် ၃၁ သန်းခန့်သည် ငတ်မွတ်နေကြောင်း ဆိုပါသည်။ ဤကဲ့သို့ ငတ်မွတ်ခေါင်းပါးရာမှ ကမ္ဘာတစ်ဝန်း၌ ၁၅ စက္ကန့်တိုင်းတွင် ကလေးငယ်တစ်ဦး အသက်ဆုံးရှုံးနေရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်သကဲ့သို့ အာဟာရစားသုံးပြည့်စုံမှု ရာခိုင်နှုန်းများသော အမေရိကန်မှာပင် တိုင်းပြည်လူဦးရေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် အာဟာရမလုံလောက်မှုကို ခံစားနေရကြောင်းလည်း သိရသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ**

သို့အတွက်ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ အကျုံးဝင်သော ဖွံ့ဖြိုးမှုပန်းတိုင်များ(Millennium Development Goals-MDGs) (၈)ရပ်အနက် ပန်းတိုင်(၁)အဖြစ် 'အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကို ပပျောက်စေရန်'(Eradicate Extreme Poverty and Hungry)ဟု သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အကျုံးဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals- SDGs) (၁၇)ရပ်အနက် ပန်းတိုင်(၂)တွင် 'ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ်စိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်ရေး'ဟူ၍ ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဖော်ပြပါပန်းတိုင်များက လက်ရှိလူဦးရေနှင့် တိုးတက်လာနေသည့် လူဦးရေတို့အတွက် စားနပ်ရိက္ခာဖူလုံရန်ဆိုသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအားလုံးတွင် ယခုထက် အထွက်နှုန်းကောင်းရန် လိုအပ်နေ ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

**လုပ်သားအင်အား ရှားပါးလာခြင်း**

စားနပ်ရိက္ခာဖူလုံရန်အတွက် အဟန့်အတားဖြစ်စေသော အခြားအကြောင်းအချက်များလည်း ရှိနေပါသေးသည်။ ယနေ့ ကမ္ဘာတစ်လွှားဝယ် သဘာဝဘေး၊ စစ်မက်ဖြစ်ပွားမှု၊ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှု၊ ဘဝတိုးတက်လိုမှု စသည့် အကြောင်းတရားများကြောင့် ကျေးလက်မှ မြို့ပြသို့လည်းကောင်း၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့လည်းကောင်း ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားလာနေထိုင်မှုများ ရှိနေသည်။ ထိုကဲ့သို့ ရွှေ့ပြောင်းသွားလာမှုကြောင့် အလုပ်လုပ်နိုင်သော လုပ်သားအင်အား ရှားပါးပြီး စားနပ်ရိက္ခာထုတ်လုပ်မှုကို လျော့နည်းကျဆင်းလာစေပါသည်။

နိုင်ငံတကာ စာရင်းများအရ ကမ္ဘာ့ရွှေ့ပြောင်းနေထိုင်သူ ဦးရေမှာ ၂၀၁၅ ခုနှစ်က သန်း ၂၄၀ ခန့်ရှိကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ ၂၀၁၃ ခုနှစ်တွင် သန်း ၇၆၀ အထိရှိပြီး ရွှေ့ပြောင်းနေထိုင်သူဦးရေ၏ သုံးပုံတစ်ပုံမှာ လုပ်အားနှုန်း အထူးကောင်းမွန်သည့် အသက် ၁၅ နှစ်မှ ၃၄ နှစ်အကြားရှိ လူငယ်များဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ မြို့ပြတွင် နေထိုင်ကြပြီး ၂၀၅၀ ပြည့်နှစ်တွင် ၆၆ ရာခိုင်နှုန်းအထိ ဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂက ပြောသည်။ မြို့ပြနေထိုင်မှု တိုးပွားရခြင်းမှာ ကျေးလက်ဒေသ၏ လူနေမှုအဆင့်အတန်းနိမ့်ကျခြင်းဟူသည့် တွန်းပို့ချက်နှင့် မြို့ပြအဆင်ပြေမှုဟူသည့် ဆွဲဆောင်မှုကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်အဖြစ် 'ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး' ဟူ၍ ချမှတ်ဆောင်ရွက်စေခြင်းဖြစ်သည်။

**ဆင်းရဲနွမ်းပါးမှု**

ရွှေ့ပြောင်းသွားလာမှုကဲ့သို့ပင် စားနပ်ရိက္ခာထုတ်လုပ်မှုကို လျော့နည်းစေသော အခြားအချက်မှာ ဆင်းရဲနွမ်းပါးမှုဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရပ်ဝန်းမှာ ကျေးလက်ဒေသဖြစ်သည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်သည်။ '၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ကောက်ယူခဲ့သည့် Integrated household living Condition Survey စစ်တမ်းများအရ ဆင်းရဲမှုမျဉ်းအောက်တွင် နေထိုင်သူ ၂၅ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိပြီး အများစုသည် ကျေးလက်ဒေသနေပြည်သူများဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် Global Nutrition Report အရ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှုအဆင့်သည် ၁၃၆ နိုင်ငံတွင် အဆင့် ၁၀၆ တွင် ရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရေးနှင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း' ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်စီမံကိန်း၊ နှစ်တိုစီမံကိန်း၊ အနှစ် ၂၀ စီမံကိန်းနှင့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက အတည်ပြုဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန် ကျေးလက်လူမှုစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုရင်းနှီးဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူစေရန် ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ကျေးလက်နေပြည်သူများသည်**
**နိုင်ငံ၏ကျောရိုး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "ကျေးလက်နေပြည်သူများသည် တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် နိုင်ငံ၏ ကျောရိုးဟု ပြောနိုင်ကြောင်း၊ ကျောရိုးဆိုသည်မှာ မတ်မတ်ရပ်နိုင်အောင် ထောက်ပေးထားသကဲ့သို့ နိုင်ငံတိုးတက်ဖို့၊ မားမားမတ်မတ်ရပ်နိုင်ဖို့အတွက် ကျေးလက်နေပြည်သူများ၏ဘဝခိုင်မာတိုးတက်ကောင်းမွန်လာရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း" စသည်ဖြင့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က ကျင်းပခဲ့သည့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုသည်မှာ လွန်စွာကျယ်ပြန့်ပါသည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုပုံစံ၊ နည်းပညာ၊ အရည်အသွေး၊ ဈေးကွက်လက်ဝါးကြီးအုပ်မှု၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်မှု၊ အသိပညာမျှဝေမှု၊ မျိုးကောင်းမျိုးသန့်၊ မြေဆီအရည်အသွေးနှင့် ထိန်းသိမ်းခြင်း၊ သဘာဝဘေးဆိုင်ရာ အစီအမံ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပြည်ထောင်စုအဆင့် ရန်ပုံငွေနှင့် လူမှုဘဝ အကာအကွယ်ပေးရေးအစီအစဉ်(Social Protection Programme)၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ ငွေကြေးအရင်းအနှီး၊ လုံလောက်သော စိုက်ပျိုးစရိတ်ချေးငွေ၊ ကျေးလက်အခြေခံအဆောက်အအုံ၊ သီးနှံအာမခံစနစ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ ငြိမ်းချမ်းသာယာမှု၊ လယ်ယာလုပ်ငန်းခွင်တည်ငြိမ်မှု စသည်ဖြင့် စိန်ခေါ်မှုများစွာ ရှိသည်။

ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အစိုးရ၊ ပြည်သူ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ SME များ၊ သမဝါယမအသင်း အဖွဲ့များက စုပေါင်းညီညာစွာ ဆောင်ရွက်ကြဖို့ လိုပါသည်။ တစ်ကမ္ဘာလုံးနှင့်ပတ်သက်၍မူ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် FAO၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD) တို့က သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါသည်။

ဤကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်နိုင်ပါက ကျေးလက်ဒေသ အလုပ်အကိုင်များ ပေါ်ထွက်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကာ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာမှုကို ပြေလျော့စေပါလိမ့်မည်။ ထိုအခါ လယ်ယာလုပ်သားရှားပါးမှု လျော့နည်းသွားပြီး စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုကို မြင့်မားလာစေပါမည်။ စီးပွားရေးနှင့် သယံဇာတအပေါ် အခြေခံ၍ ဖြစ်ပေါ်တတ်သော ဒေသတွင်းမတည်ငြိမ်မှုများကိုလည်း လျော့ပါးသွားစေပါမည်။ တစ်နည်းအားဖြင့် လူ့ဘောင်လောကကြီး သာယာဝပြောလာမည်ဖြစ်ပါသည်။

**အားလုံးမှာ တာဝန်ရှိသည်**

အနှစ်ချုပ်အားဖြင့်ဆိုရပါလျှင် ကျွန်ုပ်တို့သည် တိုးပွားလာသော လူဦးရေကို ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ပါ။ အဆိုပါ တိုးပွားလာသော လူဦးရေကို လုပ်အားအဖြစ်ရယူလျက် စားနပ်ရိက္ခာထုတ်လုပ်မှုတွင် ပူးပေါင်းပါဝင်လာစေရန် အစီအမံများစွာ ချမှတ်ရပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံလျက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရပါမည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် ထုတ်လုပ်သူများကသာ တာဝန်ရှိသည်မဟုတ်ဘဲ စားသုံးသူများတွင်လည်း ကုန်နိုင်ရုံမျှ စားသုံးခြင်းကဲ့သို့သော စားသောက်မှုပုံစံ အလေ့အကျင့်ကောင်း များစွာရှိဖို့ လိုပါမည်။

တစ်နည်းအားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အားလုံးမှာ တာဝန်ရှိပါသည်။ မိမိကျရာတာဝန်ကို စနစ်တကျ စီမံဆောင်ရွက်ကြမည်ဆိုပါက ကျွန်ုပ်တို့ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် ဒုဗ္ဘိက္ခန္တရကပ်မှ လွတ်ကင်းကာ ဆာလောင်မွတ်သိပ်ခြင်းကင်းစွာဖြင့် သက်တမ်းစေ့ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**'မည်သည့်ကလေးငယ်မျှ ထမင်းမစားဘဲ အိပ်ရာဝင်သည်မရှိစေရ'၊ 'မည်သည့်လူကြီး တစ်ယောက်မျှ နောက်တစ်နေ့ထမင်းအတွက် ပူပင်ကြောင့်ကြမရှိစေရ'ဟူသော မွန်မြတ်သည့် ဦးတည်ချက်များဖြင့် ဖွဲ့စည်းခဲ့သော FAO ကို စတင်ဖွဲ့စည်းသည့် အောက်တိုဘာ ၁၆ ရက်ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံများက နှစ်စဉ်ကျင်းပရန် ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပသော FAO အဖွဲ့၏ အကြိမ်(၂၀)မြောက် ညီလာခံက ဆုံးဖြတ်ခဲ့သည်။**

## ရခိုင်ပြည်နယ်အရေးကိစ္စ

❑ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် မတူကွဲပြားမှုများအကြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ ပဋိပက္ခများ၊ တင်းမာမှုများဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြသည့် ရှုမြင်ချက်အဟောင်း၊ အယူအဆအဟောင်းများနှင့် ဖြေရှင်းနိုင်မည် မဟုတ်ပါ။

❑ ယနေ့ (၂၁)ရာစု ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ် Globalization နှင့် လိုက်လျောညီထွေဖြစ်မည့် ချဉ်းကပ်မှုအသစ်၊ ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များနှင့် လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားမျှတမှုမရှိသည့် စိန်ခေါ်မှုများ၊ တစ်ဖက်သတ်ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူတို့၏ ညီညွတ်မှုအင်အားနှင့် စုပေါင်းရင်ဆိုင်ကျော်လွှားသွားမည် ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

❑ *ကျောဖုံးမှ*

ယင်းနောက် နယ်မြေခံရေတပ်စခန်း အစည်းအဝေးခန်းမတွင် ရေတပ်စခန်းမှူးက နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သဘာဝ သယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

**သဘာဝဘေးဖြစ်ပေါ်ပါက ကူညီနိုင်ရေး**

ရှင်းလင်း တင်ပြမှုများအပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းနေ ဒေသခံပြည်သူများအား တပ်မတော်လေယာဉ်၊ ရေယာဉ်များနှင့် ပို့ဆောင်ပေးရာတွင် လိုအပ်ချက်အတိုင်း ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက အမြန်ဆုံး ကူညီနိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**မိမိဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်လိုစိတ်**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ယခုအခါတိုးတက်မှုများကို တွေ့မြင်ရသော်လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်း တည်ဆောက်ပေးနေရုံဖြင့် မလုံလောက်ဘဲ ဒေသခံပြည်သူများကလည်း မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုစိတ် ရှိရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရမည်ဖြစ်ပြီး ထွက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေး ပြည့်မီရန်လိုကြောင်း၊ ဈေးကွက်လည်းရရမည်၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်သည့် ထုတ်ကုန်များ သယ်ယူပို့ဆောင်ရောင်းချနိုင်စေရေးအတွက် နယ်မြေခံတပ်မှ ဦးဆောင်ပံ့ပိုး ကူညီစီစဉ်ပေးလျက်ရှိကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်သည်။ ထို့နောက် မြို့မိ၊ မြို့ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှု အခြေအနေများနှင့် ကျောင်း၏ လိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## ကျပ် ၅၀၀ တန် ထီဖွင့်ပွဲ နိုဝင်ဘာ ၁ ရက် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

အကြိမ်(၂၀)မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

ယခု(၂၀)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအနက် ကျပ် ၁၀ သိန်းနှင့်အထက် ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို နိုဝင်ဘာ ၂ ရက်မှစတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို နိုဝင်ဘာ ၁၂ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြ ထုတ်ယူနိုင်ပါကြောင်းနှင့် ကျပ် ၁၀ သိန်းနှင့် အောက်ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## (၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

(၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဇနီး ဒေါ်ခင်သန်းနွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် တူရကီသမ္မတနိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Haydar Kerem Divanlioglu နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က (၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ကြပြီး **(ယာပုံ)** တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ညစာစားပွဲဖြင့် တည်ခင်းညှော်ခံ**

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




## ကျုံသိုက်ချောင်းနယ်နိမိတ် ရေစီးရေလာကောင်းမွန်ရေး ချောင်းပတ်ဝန်းကျင်မှ ပြည်သူများနှင့် တွေ့ဆုံ

**ရေး အောက်တိုဘာ ၂၉**

ရေးမြို့နယ်ရှိ ရပ်ကွက်များအတွင်းသို့ ဖြတ်သန်းစီးဝင်လျက်ရှိသော ပေ ၆၀၀၀ အရှည်ရှိ ကျုံသိုက်ချောင်း နယ်နိမိတ်သတ်မှတ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရေးမြို့ ကျုံသိုက်ချောင်း၊ ညောင်ချောင်းနယ်နိမိတ်သတ်မှတ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဖြစ်မြောက်ရေးကော်မတီမှ ယနေ့ နံနက်ပိုင်းက ကျုံသိုက်ချောင်းနယ်နိမိတ်တွင် နေထိုင်သော ပြည်သူများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းတို့က အမှာစကားပြောကြားပြီး ကျုံသိုက်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြန်လည်တူးဖော်ရန် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦး၏ တင်ပြချက်ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုငွေကျပ် သိန်း ၁၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ(၂၇) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့် အမျိုး လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှုတွင် တရားခံကျား(၂၀)ဦး၊ မ(၂)ဦး၊ ပေါင်း(၂၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း တင်ပြပြီး/ သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၂၃-၁၀-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၈)၊ မဟာစည်ရိပ်သာလမ်းနှင့် ခိုတင်ရွာသွားလမ်းဆုံ၌ စောင့်ဆိုင်းစိစစ်နေစဉ် ဒေါ်အေ(၅၇)နှစ်၊ (ဘ)ဦးလရီ၊ ကာလိုင်ရွာနေသူအား ရှာဖွေစစ်ဆေးရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၁၁၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၅) ရပ်ကွက်၊ (၆)လမ်းနေ ကိုမျိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၀-၂၀၁၈ ရက်နေ့တွင် ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်၊ သဇင်လမ်း၌ သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် ကိုမျိုး (ခ)နေမျိုးလှိုင် (၃၄)နှစ်၊ (ဘ) ဦးမြင့်ဦးသည် ယာဉ်အမှတ် 6K/2870 Air Wave ယာဉ်နှင့် မောင်းနှင်လာစဉ် ရပ်တန့်ရှာဖွေစစ်စစ်ရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့ကရိတ်) မယ (ပ)၃၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အောင်သုခလမ်းနေ ဦးဗကယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၈ ရက်နေ့တွင် မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၄/အေ)နေ ဦးဗကယ် (ခ)ရဲဝင်းအောင် (၄၃)နှစ်၊ (ဘ) ဦးမီရာမေဒင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အဒူလာ (ခ)သန်းထိုက် (၃၀)နှစ်၊ (ဘ)ဦးစိုးဝင်းပါ(၂)ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုင်းဝန်ကွင်း) မယ(ပ)၁၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ ဇေယျာမွန် ရပ်ကွက်၊ (၁)လမ်းနေ ဦးဝင်းစိန်၏ သားဖြစ်သူ မောင်သော်ဇင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၁၈ ရက်နေ့တွင် ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁၀၈)နေ သော်ဇင် (၃၁)နှစ်၊ (ဘ)ဦးဝင်းစိန် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျိုက်ထို) မယ(ပ)၁၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာနေ ဆီနီဂေါသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာနေ ဆီနီဂေါ (ခ)ထွန်းဦး (ခ)မတ်ဟူရှိန် (၄၆)နှစ်၊ (ဘ) ဦးသိန်းပို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ) ၃၅/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ကောင်းမောင်းကျေးရွာနေ မြင့်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ကောင်းမောင်းကျေးရွာနှင့် ရွှေထီးကုန်းကျေးရွာသွားလမ်းမပေါ်၌ စောင့်ဆိုင်းစိစစ်နေစဉ် မြင့်လွင် (၃၂)နှစ်၊ (ဘ) ဦးချမ်းမောင်၊ ကောင်းမောင်းကျေးရွာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းမှာဆိုင်ကယ်ကို လှဲချထွက်ပြေးသွားခဲ့ပြီး ကျန်ရှိခဲ့သော လွယ်အိတ်အတွင်းမှ ဘိန်းဖြူများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၉၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၄၀) နေ စိုးသူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၁၈ ရက်နေ့တွင် ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၀)နေ စိုးသူ (၃၁)နှစ်၊ (ဘ)ဦးလှသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၁၂၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၇-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၃၅၇) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၄၇၄)ဦး၊ မ(၉၁)ဦး၊ ပေါင်း(၅၆၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၁၁၅.၉၅)ဂရမ်၊ ICE (၂၂.၀၁) ဂရမ်၊ ဘိန်း(၃၈၃၈၇.၀၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၁၈၅၀.၉၉)ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား(၁၆၇၀၆၇)ပြား၊ ဆေးခြောက်(၃၆၉၆.၀၃)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၁၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ်မျိုးစုံ(၁၂)လက်၊ ကျည်မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၀)ပြား၊ ဘိန်းစိမ်း(၁.၅)ဂရမ်၊ ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀၀)ပြား၊ တာချီလိတ်မြို့နယ်၊ ဒေင်ကျေးရွာ၊ အေးရိပ်မြိုင်လမ်းမပေါ်တွင် သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ မြို့မရပ်ကွက်မှ ရွာမကျေးရွာ သွားကားလမ်းပေါ်တွင် စစ်ဆေးစဉ် Hilux Pick Up ယာဉ်ပေါ်မှ ယာဉ်မောင်းတရားခံ အမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား(၁၉၁၁၀၀၀) ပြား၊ မော်တော်ယာဉ်(၁) စီး နှင့်အတူ ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဆေးပြားများ ပို့ဆောင်ခိုင်းသူ ဘူးသီးတောင်မြို့ အနောက်ရပ်ကွက်နေ တရားခံအမျိုးသား(၁)ဦးအား ၎င်းနေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၉၇၅၀၀၀)ပြား ဖမ်းဆီးရမိကာ စုစုပေါင်းစိတ်ကြွဆေးပြား (၂၈၈၆၀၀၀)ပြား ဖော်ထုတ်ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေး ပေါ်ပေါက်ချက်အရ အမျိုးသားတရားခံ(၄) ဦး ထပ်မံဖမ်းဆီးရမိသဖြင့် စုစုပေါင်း(၆) ဦး ဖမ်းဆီးရမိခဲ့ (ဖြစ်စဉ်စိစစ်ချက်အရ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှ ဘူးသီးတောင်မြို့နယ်သို့ ရေလမ်းကြောင်းမှတစ်ဆင့် စက်လှေဖြင့် ဖမ်းဆီးရမိ ရခိုင်အမျိုးသား(၂)ဦးမှ မူးယစ်ဆေးဝါးများ သယ်ယူလာခဲ့ပြီး ဘူးသီးတောင်ရှိ ဖမ်းဆီးရမိရခိုင်အမျိုးသား(၁)ဦးမှ ချိတ်ဆက်ဆက်သွယ်ပေးမှုဖြင့် ဘူးသီးတောင်မြို့နေ ဖမ်းဆီးရမိ မွတ်စလင်အမျိုးသား (၂)ဦးမှ မူးယစ်ဆေးဝါးများ လက်ခံထားရှိကာ မောင်တောမြို့ရှိ ဖမ်းဆီးရမိရခိုင်အမျိုးသား (၁)ဦးထံသို့ ပို့ဆောင်စဉ် ဖမ်းဆီးရမိခြင်းဖြစ်)၊ ကျောက်ဖြူမြို့၌ သတင်းအရဖော်ထုတ်ဖမ်းဆီးခဲ့ရာ အရာရှိရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၁)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၀.၀၉)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၉၀)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၅၅)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၌ သတင်းအရ ပိတ်ဆို့ရှာဖွေစစ်စစ်ရာ Honda Civic ယာဉ်ပေါ်မှ တရားခံအမျိုးသား(၁)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့အား Ketamine (၄၈၀) ဂရမ်၊ Ecstasy ဆေးပြား(၁၂၀)ပြား၊ စိတ်ကြွဆေးပြား(၄)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့လာသည့် ခရီးသည်တင်ယာဉ်ပေါ်မှ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်အား လည်းကောင်း၊ လက်နက်ခဲယမ်းများနှင့်အတူ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ခမောက်ကြီးမြို့ ဖော့သုတ်ကျေးရွာ၌ တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၃)ဦး၊ မြန်မာနိုင်ငံသားအမျိုးသား(၂)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၉၂၉)ပြား၊ ICE(၁၃၇၉.၇)ဂရမ်၊ ဆေးခြောက်(၂၄၇)ဂရမ်၊ ပွိုင့် ၂၂ သေနတ်(၁) လက်၊ ၎င်းကျည်(၃၉) တောင့်၊ ကျည်အိမ်(၁)ခု၊ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၇၀)တောင့်၊ ကျည်အိမ်(၁)ခု၊ ပွိုင့် ၃၈ ခြောက်လုံးပြူး(၁)လက်၊ ၎င်းကျည် (၁၅)တောင့်၊ ပွိုင့် ၃၂ ခြောက်လုံးပြူး(၁)လက်၊ ရွှေထည်ပစ္စည်းမျိုးစုံ(၄)မျိုး (အလေးချိန် ၇ ကျပ်သား ၅ ပဲ)၊ ဆိုင်ကယ်(၂) စီးအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၁-၁၀-၂၀၁၈ ရက်နေ့မှ ၂၇-၁၀-၂၀၁၈ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၁၈၀)မှုတွင် တရားခံကျား(၂၃၈)ဦး၊ မ(၂၈)ဦး၊ ပေါင်း(၂၆၆)ဦးကို ဘိန်းဖြူ (၈၆၅.၂၄) ဂရမ်၊ ICE(၁၄၃၈.၂၅)ဂရမ်၊ ဘိန်း(၆၀၃၅.၅၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄)ဂရမ်၊ ဘိန်းစာမှုန့်(၁၀)ဂရမ်၊ စိတ်ကြွဆေးပြား (၃၀၇၀၃၁၈)ပြား၊ ဆေးခြောက်(၆၈၁၈.၄၅)ဂရမ်၊ Ecstasy ဆေးပြား(၁၂၀)ပြား၊ Ketamine (၄၈၀)ဂရမ်၊ သေနတ်မျိုးစုံ(၄)လက်၊ ကျည်မျိုးစုံ(၁၂၄)တောင့်၊ ကျည်အိမ်(၂)ခု၊ ရွှေထည်ပစ္စည်းမျိုးစုံ (၄)မျိုး (အလေးချိန် ၇ ကျပ်သား ၅ ပဲ)တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၃၃

**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်သည်ဆိုသည့် အသိပညာ ဖြန့်ဝေလိုသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် တစ်ချိန်က စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ဖူးပါကြောင်း၊ ယနေ့တွင် Media and Information Literacy ဆိုပြီး ဆောင်ရွက်လာပါကြောင်း။




ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ် အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။

**စာတတ်မြောက်အောင်သင်ကြား**

ယခင်က Literacy Campaign (စာတတ်မြောက်ရေးလှုပ်ရှားမှု) လုပ်ခဲ့သည်မှာ မိမိတို့နိုင်ငံတွင် စာတတ်သူဦးရေ မနည်းပါးသော်လည်း စာမတတ်သေးသည့် ပုဂ္ဂိုလ်များ ကျန်ရှိသည့်အတွက် စာမတတ်သူပပျောက်အောင်၊ အားလုံးစာတတ်အောင်ဆိုပြီး လှုပ်ရှားမှုကြီးတစ်ခုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာနိုင်ငံအနှံ့အပြားကို သွားရောက်ပြီး စာတတ်မြောက်အောင်သင်ကြားမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် Literacy Programme များကို ဆက်လက်ဆောင်ရွက်နေပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာပေနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၊ စာပေပွဲတော်များကို ကျင်းပနေပါကြောင်း၊ လာမည့် နိုဝင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်၌ စာတတ်သူတိုင်းစာဖတ်ရေးဆိုသည့် ခေါင်းစဉ်ဖြင့် ပွဲတစ်ခုကျင်းပမည် ဖြစ်ပါကြောင်း၊ စာတတ်သူများစာဖတ်ရန် လိုပါကြောင်း၊ စာပေထဲမှ သတင်းအချက်အလက်များ ရရှိလာမည်ဖြစ်ပါကြောင်း။

**ကိုယ်စားလှယ်များရွေးချယ်နိုင်မည်**

လူတစ်ဦးချင်းသည် သတင်းအချက်အလက် ကောင်းကောင်း သိရှိနေရန်၊ ရရှိနေရန်လိုပါကြောင်း၊ ထိုသို့သိရှိနားလည်နေသည့် လူ့အဖွဲ့အစည်းသည် အလိမ်အညာမခံရပါကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် အများပြည်သူက မိမိနိုင်ငံကို စီမံခန့်ခွဲမည့် ခေါင်းဆောင်များအား ရွေးချယ်ရပါကြောင်း၊ ပြည်သူများသည် ကိုယ်ရွေးချယ်မည့်ခေါင်းဆောင်၏ အပြုအမူ၊ အနေအထိုင်၊ အမူအကျင့်များ ဖြောင့်မတ်မှန်ကန်မှု ရှိ၊ မရှိကို သိရှိရန်လိုပါကြောင်း၊ အချက်အလက် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်စုံစုံသိသူမှသာလျှင် မိမိနိုင်ငံကို စီမံခန့်ခွဲမည့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည် ဖြစ်ပါကြောင်း။

ယခင်က စာတတ်မြောက်ရေး၊ ထို့နောက် စာဖတ်ကြရေးနှင့် ယခုခေတ်တွင် Media Information Literacy ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များက ပျံ့နှံ့မှုလွယ်ကူလာပြီး အလျင်အမြန်နှင့် အများအပြားပျံ့နှံ့နေပါကြောင်း၊ အများကို အင်မတန်လွှမ်းမိုးပါကြောင်း၊ ထိုသို့ လွှမ်းမိုးသည့်အခါ မမှန်ကန်သည့် သတင်းအချက်အလက်များ လွှမ်းမိုးမခံရအောင် ရိုးရိုးစာတတ်ရုံဖြင့် မရပါကြောင်း၊ စာဖတ်ရာတွင် ပိုင်းခြားစိတ်ဖြာပြီး စိစစ်ဝေဖန်ဖတ်တတ်ရန် လိုအပ်လာပါကြောင်း။

**မှန်၊ မမှန်ကို ဝေဖန်သုံးသပ်နိုင်မည်**

Media Literacy ရှိလာရန် စာကိုများများစားစားဖတ်ရန်၊ အမြဲတမ်းဖတ်ရန် လိုပါကြောင်း၊ သို့မှသာမီဒီယာနှင့် သတင်းအချက်အလက်များကို သိနားလည်လာပြီး ထိုအကြောင်းအရာကို ကောင်းကောင်းနားလည်လာပြီဆိုလျှင် မှန်၊ မမှန်ကို ဝေဖန်သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ နေ့စဉ်နှင့်အမျှ ထိတွေ့နေရသည့် အကြောင်းအရာများထဲတွင်လည်း မှန်သလား၊ မှားသလား၊ ယုံလောက်သလား၊ မယုံလောက်ဘူးလားစသဖြင့် စိစစ်ဝေဖန်သည့်နည်းဖြင့် ဖတ်ရှုခြင်းအားဖြင့်သာလျှင် ပေါက်ကွဲနေသည့်၊ ထွန်းကားနေသည့် မီဒီယာနှင့်သတင်းအချက်အလက်ခေတ်ကြီးတွင် သတင်းအချက်လွှမ်းမိုးမှု၊ သတင်းအချက်အလက်များကိုအကျိုးရှိစွာအသုံးချ၍ ပါလာသည့်ဆိုးကျိုးများ၊ မကောင်းသည့်အချက်များကိုပယ်ပြီး ကောင်းသည့်သတင်းအချက်အလက်များကို ရယူသုံးစွဲခြင်းဖြင့် မိမိအတွက်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာတင်တင်ထွေးနှင့် ယူနက်စကို - မြန်မာရုံး၏ ဌာနေကိုယ်စားလှယ် မစ္စမင်ဂျုံးကင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် သတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ IMS / Fojo တို့မှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ဆရာ ဆရာမများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




"မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် လူ့အဖွဲ့အစည်းအတွက် ဘာကြောင့်အရေးကြီးပါသနည်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ်အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Myanmar Book Aid & Preservation Foundation အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်း ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန၊ တွဲဖက်ပါမောက္ခ (ဌာနမှူး) ဒေါက်တာဇင်မာကျော်၊ ဖွံ့ဖြိုးမှုအတွက် မြန်မာအိုင်စီတီအဖွဲ့ ပရောဂျက်ညှိနှိုင်းရေးမှူး (Myanmar ICT for Development Organization ,MIDO) ဦးခန့်ဖြိုးလွင်နှင့် 7day သတင်းစာနှင့် ဂျာနယ်မှသတင်းထောက်ချုပ်နှင့် အယ်ဒီတာ ဦးအောင်သစ်လွင်တို့က **" မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် လူ့အဖွဲ့အစည်းအတွက် ဘာကြောင့်အရေးကြီးပါသနည်း "**ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

**ပထမဆုံးအကြိမ်ကျင်းပ**

ဆက်လက်၍ သတင်းအတတ်ပညာ ကျောင်းသားကျောင်းသူဟောင်းများဖြစ်ကြသော ယူနက်စကို မြန်မာရုံး National Project Officer ဒေါ်နိုင်နိုင်အေးက ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး Starcom Myanmar Co,Ltd, Content Writer ကိုခန့်ဟိန်းသူ၊ The Joint Peace Fund, Communication officer မစကားဝါအောင်၊ Eleven Media Group အယ်ဒီတာ ကိုမျိုးမင်းထိုက်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန လက်ထောက်ကထိက ဒေါ်နန်းပြည့်ဖြိုးကျော်တို့က "လူငယ်နှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုအသိအမြင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြသည်။ နိုင်ငံတကာတွင် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားများကို ၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံ၌ ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ဇေယျာသီရိမြို့နယ်) နှင့် နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) တို့တွင် ၀ ဒသမ ၇၉ လက်မစီ၊ မတူပီမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၀ ဒသမ ၅၀ လက်မ၊ အမ်းမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၀ ဒသမ ၃၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန်သို့ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့မွန်းလွဲပိုင်းတွင် သတင်းမီဒီယာနှင့် သတင်းအချက်အလက်များ သိရှိနားလည်စေရန် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်ရန်ကုန်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစာတိုက်၌ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူး ဦးမြင့်ဆွေက သတင်းပေးပို့ရာတွင် သိရှိရမည့် အချက်များနှင့် သတင်းတန်ဖိုးကြီးမားမှုများကို ဆွေးနွေးပြောကြားခဲ့ပြီး လေ့လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကာ ကွန်ပျူတာဌာနစိတ်၌ ပေးပို့သည့်သတင်းများ စိစစ်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုံနှိပ်စက်ခန်းသို့ သွားရောက်လေ့လာရာ လက်ထောက်မန်နေဂျာ ဦးမြသန်း (ပုံနှိပ်)က ပုံနှိပ်စက်အကြောင်းနှင့် နေ့စဉ်သတင်းစာထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားရာ လေ့လာသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**



# အမျိုးသားထိခိုက်မှုအန္တရာယ်ကာကွယ်ကုသရေး လမ်းပြမြေပုံရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**
အမျိုးသားထိခိုက်မှုအန္တရာယ်ကာကွယ်ကုသရေး လမ်းပြမြေပုံရေးဆွဲရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ**

အမြဲတမ်းအတွင်းဝန်က ပြောကြားရာတွင် နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေး ပြဿနာများအနက် ထိခိုက်ဒဏ်ရာ ပြဿနာသည် နိုင်ငံနှင့်အဝန်း စဉ်ဆက်မပြတ်ကြီးထွားလာသော ပြဿနာဖြစ်ပြီး အလေးထားဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုများအနက် ယာဉ်ထိခိုက်မှုကြောင့်ဖြစ်ပွားမှုသည် အများဆုံးဖြစ်သောကြောင့် နိုင်ငံတော်အစိုးရက အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီကို ဖွဲ့စည်းပြီး ဆပ်ကော်မတီလေးခု ဖွဲ့စည်းကာ ယာဉ်တိုက်ခိုက်မှုကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအတွက် ကုသရေး၊ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနှင့် အခြားသော ဆက်စပ်ဌာနများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြပြီး National Trauma Roadmap အတွက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် Strategic Plan တို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ National Consultative Meeting for Development of Trauma Roadmap ကို ဆေးပညာရှင်များ၊ ပြည်တွင်း ပြည်ပပညာရှင်များနှင့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များပါဝင်၍ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၏ ရလဒ်ပေါ်မူတည်ကာ National Trauma Roadmap ကို ရေးဆွဲပြုစုခဲ့ပြီးဖြစ်ရာ အဆိုပါ မူကြမ်းအပေါ် သုံးသပ်အကြံပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ (Action Plan) နှင့် လက်တွေ့ဆောင်ရွက်မည့် အဖွဲ့အစည်းများ သတ်မှတ်နိုင်ရေးတို့အတွက် ရည်ရွယ်လျက် ယခုအစည်းအဝေးကို ကျင်းပခြင်း ဖြစ်သည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရိုးရောဂါဆေးပညာရှင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် AO Alliance Myanmar မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၉**
တောင်သူများစီးပွားရေး တွက်ခြေကိုက်သည့်ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသော သီးနှံမျိုးများ ပြောင်းလဲ စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ တွဲဖက်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နည်းပညာသစ်များ အပါအဝင်ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အပေါ် မျက်ခြည်မပြတ် ကြိုးပမ်းလေ့လာကြရန်လိုအပ်ကြောင်း အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများ၊ ထားဝယ်စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အစည်းဝေးခန်းမတို့တွင် ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ကော့သောင်းမြို့နယ်အတွင်းရှိရော်ဘာအလုပ်ရုံနှင့် ဆီအုန်း၊ ဆီကြမ်းစက်ရုံများ၊ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်း၊ မလိဝမ်းရွှေဖြူကုမ္ပဏီလီမိတက်တို့၏ လုပ်ငန်းခွင်များသို့ ရောက်ရှိကြကာ သီးနှံထွက်ရှိမှုနှင့် လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေများ မေးမြန်းဆွေးနွေးပြီး မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးရေး၊ နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ပညာပေးသင်တန်းများပို့ချပေးနိုင်ရေး၊ ဈေးကွက်ခိုင်မာစေရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များအား ဆွေးနွေးသည်။

ထို့နောက် ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု ဟတ်စဒင်းနှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး စမ်းသပ်ကွက်သို့ရောက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အရည်အသွေးပြည့်မီသည့် ဆီအုန်းမျိုးစေ့ထုတ်လုပ်နိုင်ရေးမျိုးစပ်သုတေသနလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အလားတူ ကော့သောင်းမြို့ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ဆောင်ရွက်လျက်ရှိသော ကော်ဖီ၊ ကိုကိုး၊ ရော်ဘာ၊ ဆီအုန်းစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးကာ အစိုးရ- ပုဂ္ဂလိက- တောင်သူပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းပေးကြမှသာ လယ်ယာကဏ္ဍတစ်ခုလုံးအရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ တောင်သူများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် နည်းပညာစိတ်ဝင်စားမှုအပေါ်အခြေခံ၍ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကျင့်သုံး လုပ်ကိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုဆွေးနွေးခဲ့ကြကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



# LNG လျှပ်စစ်ဓာတ်အားပေးစက်ရုံ(အလုံ) စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများအား ချပြဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၂၉**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကတို့နှစ်ရှည်အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်မည့် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးသော Literal Fine Natural Gas (LNG) လျှပ်စစ်ဓာတ်အားပေးစက်ရုံ(အလုံ) စီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား ချပြဆွေးနွေးမှုကိုယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့အလုံ မြို့နယ်ဌာနာရပ်ကွက် အလုံမြို့နယ်ခန်းမ၌ ပြုလုပ်သည်။**(အပေါ်ပုံ)**

အဆိုပါ လူထုတွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်၍ TTCL ကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးထက်အောင်မွန်က " စီမံကိန်းနဲ့ပတ်သက်ပြီးအခုလိုပြည်သူတွေနဲ့ တွေ့ဆုံဖြစ်တဲ့ ရည်ရွယ်ချက်က (EIA, SIA) သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ ထိခိုက်ဆန်းစစ်မှုလုပ်ငန်းတွေကို ပြည်သူများနဲ့တွေ့ဆုံပြီး ပွင့်လင်းမြင်သာစွာချပြဆွေးနွေးတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ၃၈၈ မဂ္ဂါဝပ်ထွက်ရှိမယ့် LNG သုံး လျှပ်စစ်ဓာတ်အား စီမံကိန်းနဲ့ပတ်သက်တဲ့ စီမံကိန်းဆိုင်ရာ အချက်အလက်တွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီးတော့ ထိခိုက်မှု၊ သက်ရောက်မှုတွေကို တတိယအဖွဲ့အစည်းတွေက ဘယ်လိုမျိုးဆန်းစစ်ပြီးတော့ လုပ်ဆောင်တယ်ဆိုတာကို ရှင်းလင်းတာဖြစ်ပါတယ်" ဟုပြောကြားသည်။

ယခုစတင်အကောင်အထည်ဖော်မည့် LNG လျှပ်စစ်ဓာတ်အားပေးစက်ရုံ(အလုံ) စီမံကိန်းကို ပြည်သူများသို့ ယခုကဲ့သို့ ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးပြီးလာမည့် ၂၀၁၉ နှစ်လယ်ပိုင်းတွင် လုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာမီလီယံ ၃၅၀ နှင့် ၅၀၀ ကြား ကုန်ကျခံကာလျာထားဆောင်ရွက်မည်ဖြစ်ပြီး ယနေ့ကနဦးတွင် အလုံမြို့နယ်၊ ဒဂုံမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး မျှားမကြာမီတွင် စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော တောင်ပိုင်းခရိုင်အတွင်းရှိဒလ၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များအတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"LNG က နိုင်ငံခြားကတင်သွင်းရမယ်။ ဘယ်နိုင်ငံကတင်သွင်းရမယ် ဆိုတာ တွက်ချက်မှုတွေ၊ စူးစမ်းလေ့လာမှုတွေ လုပ်နေပါတယ်။ ထွက်ရှိလာတဲ့ လျှပ်စစ်ကို မြန်မာနိုင်ငံမဟာဓာတ်အားလိုင်းပေါ် တိုက်ရိုက်ချိတ်ဆက် ပေးမှာပါ။ ဖြန့်ဖြူးရေးနဲ့ ရောင်းချရေးကို လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပါတယ်။ စက်ရုံကိုတော့ အလုံမြို့နယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံဝင်းအတွင်းမှာ တည်ဆောက်မှာဖြစ်ပြီး LNG သိုလှောင်မယ့် ဂိုဒေါင်တွေကိုတော့ ဒလဘက်ကမ်းသီလဝါနဲ့ မျက်နှာချင်းဆိုင်မှာ တည်ဆောက်မှာ ဖြစ်ပါတယ်"ဟု ဦးထက်အောင်မွန်က ဆက်လက်ရှင်းပြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (YESC) Deputy General Manager ဦးရင်ထွန်းလွင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူကျော်၊ ERM Team မှ ဒေါ်စုစုနိုင်၊ TTCL ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## ကျောက်ဖြူမြို့နယ်၌ ဆိုလာမီးရရှိ

**ကျောက်ဖြူ အောက်တိုဘာ ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်နိုင်ငံလုံးအမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (NEP) စီမံကိန်းဖြင့် ကျေးလက်ဒေသများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ဖြူမြို့နယ်တွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် NEP ( IBC- 2) ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာနှစ်ရွာကို အောက်တိုဘာ ၂၉ ရက်တွင် ဆိုလာမီးများ စနစ်တကျတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဖြင့် ကျေးရွာအတွင်း လမ်းမီးတိုင်များ၊ ဘာသာရေးအဆောက်အအုံများတွင် ဆိုလာမီးများ အခမဲ့တပ်ဆင်ပေးထားသဖြင့် ကျေးရွာသူ ကျေးရွာသားများ ဆိုလာမီးဖြင့် ၂၄ နာရီ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




# မယ်စဲ့မြို့တွင် လိုင်း ၁၀၀ အော်တိုတယ်လီဖုန်းလိုင်းအသစ် တည်ဆောက်မည်

**မယ်စဲ့ အောက်တိုဘာ ၂၉**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုင်း ၁၀၀ ပါ MSAN (Multi Service Access Note) အော်တိုအိတ်ချိန်းအသစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တယ်လီဖုန်း တပ်ဆင်အသုံးပြုလိုသူ ရုံးဌာနများ၊ ဒေသခံပြည်သူများအနေဖြင့် တယ်လီဖုန်းတစ်လုံးလျှင် ကနဦး တပ်ဆင်ခကျသင့်ငွေကျပ် ၃၄၁၂၅၀ ဖြင့်လည်းကောင်း၊ ADSL တစ်လုံးလျှင် ကနဦးတပ်ဆင်ခငွေကျပ်၅၀၀၀၀ဖြင့် လစဉ်ကြေးပေးသွင်းရခြင်းမရှိဘဲ 1MB ရရှိသည့် လိုင်းတစ်လိုင်းလျှင် ငွေကျပ် ၂၀၀၀၀၊ 2MB ရရှိသည့် လိုင်းတစ်လိုင်းလျှင်ငွေကျပ် ၃၉၀၀၀၊ 3MB ရရှိသည့်လိုင်းတစ်လိုင်းလျှင်ငွေကျပ် ၅၉၀၀၀ နှုန်းဖြင့် လည်းကောင်း သုံးစွဲမှုအပေါ် မူတည်၍ လစဉ်ပေးဆောင်ရမည်ဖြစ်သည်။

အော်တိုအိတ်ချိန်းအသစ် တည်ဆောက်ရာ၌ လိုအပ်သော မြို့တွင်း Cable Network တည်ဆောက်ရန်အတွက် ကယားပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကွန်ကရစ်တိုင်များ စိုက်ထူမည့်နေရာ ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့မိမြို့ဖများက အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ယင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး မြို့တွင်းရှိ ကေဘယ်လမ်းကြောင်း သတ်မှတ်နေရာများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းစီမံချက်ပါ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၉**

အဓမ္မစေခိုင်းမှုပပျောက်ရေး လုပ်ငန်းစီမံချက်တွင် ပါဝင်သည့် Good Practice Guidelines for Preventing Force labour ကို အပြီးသတ် ဆွေးနွေးရန်အတွက် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ High Level Working Group- HLWG ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

ယခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အိုင်အယ်လ်အိုနှင့် လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းစီမံချက်အရ ဆရာများအတွက် သင်ကြားမှုများအပါအဝင် သင်ရိုးညွှန်းတမ်းများ၊ အချိန်ဇယားများကို အတည်ပြုရန်၊ အဓမ္မစေခိုင်းမှု တားဆီးကျင့်သုံးမှုကောင်းဆိုင်ရာ လမ်းညွှန်ချက်များကို အပြီးသတ်အတည်ပြုရန်နှင့် အမျိုးသားအဆင့် အဓမ္မစေခိုင်းမှုပပျောက်ရေးတိုင်ကြားမှု ယန္တရားတစ်ရပ်ကို ထူထောင်ကြရန်အတွက် ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသည် အိုင်အယ်လ်အိုမှ တင်ပြထားသည့် ဆောင်ရန် ရှောင်ရန်အချက်များနှင့် သင်တန်းအစီအစဉ်များအပေါ်တွင် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို အိုင်အယ်လ်အိုမှ ပြန်လည်ဖြည့်စွက်ပြီး ပြန်လည်ပေးပို့လာသည့် Good Practice Guidelines for Preventing Forced Labour နှင့် သင်တန်းအစီအစဉ်များကို ယနေ့ အပြီးသတ်ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းအစီအစဉ်အရ နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များကို အသိပညာမြှင့်တင်ပေးခြင်းနှင့် ဌာနဆိုင်ရာများကို သင်တန်းများပေးအပ်ခြင်းဖြင့် အသိပညာကို မြှင့်တင်မည်ဖြစ်ကြောင်း၊ သင့်တော်သည့်အစီအမံများဖြင့် ဦးစားပေးဒေသများ အဆင့်ဆင့်သတ်မှတ်ကာ အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများ ပေးအပ်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြမည့် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများ၊ တပ်မတော်တို့မှ အရာရှိများကို စိစစ်ရွေးချယ်ပြီး သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် နားလည်မှုစာချွန်လွှာ သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် တည်ထောင်ခဲ့သည့် တိုင်ကြားမှုယန္တရားကို အစားထိုးရန်အတွက် အမျိုးသားအဆင့် အဓမ္မစေခိုင်းမှုပပျောက်ရေး တိုင်ကြားမှု ယန္တရားသစ်ကို ထူထောင်ရန် ဆွေးနွေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယင်းအတွက်လည်း အခြားနိုင်ငံများ၏ အတွေ့အကြုံများကို ဆွေးနွေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပသွားရန်ရှိကြောင်း သိရသည်။



တက်ရောက်လာသည့် ကိုယ်စားလှယ်များက အိုင်အယ်လ်အိုမှ ပြန်လည်ဖြည့်စွက်ပြီး ပေးပို့လာသည့် အဓမ္မစေခိုင်းမှု တားဆီးရေးကျင့်သုံးမှုကောင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် သင်တန်းအစီအစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အိုင်အယ်လ်အိုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ - သော်တာဝင်း**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံ/တက္ကသိုလ်ဆင်းများ အာစရိယ ပူဇော်ပွဲ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၂၉**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံ/တက္ကသိုလ်ဆင်းများ၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၂၃ ဦး၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ်-၃၃ နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အမှတ်စဉ် (၁) မှ (၂၅) အထိ ကျောင်းသား ကျောင်းသူ ၁၁၆၂ ဦး၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ် (၂၆) မှ (၄၅) အထိ ကျောင်းသား ကျောင်းသူ ၉၂၂ ဦး၊ ဆရာဖြစ် (အထူးသင်တန်း) မှ ကျောင်းသား ကျောင်းသူ ၃၈ ဦး၊ ပညာရေးဘွဲ့ (၅) နှစ် သင်တန်းဆင်း ၅၁ ဦး၊ ကျောင်းဆင်း မိသားစုဝင်များ ၆၅၉ ဦး၊ စုစုပေါင်း ၂၉၆၅ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းဆင်းကျောင်းသား ကျောင်းသူများက ဆရာကန်တော့ချိုးဖြင့် ရွတ်ဆို၍ ပူဇော်ကန်တော့သည်။ ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအောင်မြင့်က ဩဝါဒနှင့် ဆုမွန်စကား ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင်များက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလေး**



❒ ***ရွှေဖုံးမှ***

မြန်မာနိုင်ငံတွင် ငါးဦးစီးလက်အောက်တွင်ရှိသော ISO အသိအမှတ်ပြုဓာတ်ခွဲခန်းကို ၂၀၁၂ ခုနှစ်တွင် စံပြုအဆင့် ၂၅ တွင်ရရှိထားပြီး ဆေးဝါးနှင့် ပတ်သက်၍ FDA အသိအမှတ်ပြုအဖြစ် မကြာမီက ရရှိထားပြီးဖြစ်ကာ အစားအစာနှင့် ပတ်သက်သော ISO အတွက် ၂၀၁၈ ခုနှစ်တွင် လာရောက်စစ်ဆေးခဲ့ရာ ယခု အောက်တိုဘာလတွင် သဘာဝငါး၊ ပုစွန်၊ ကဏန်းများ သာမက မွေးမြူရေးငါးများကို တင်ပို့ခွင့်ပြုခဲ့ပြီဖြစ်ရာ ဒီဇင်ဘာ ၁ ရက်မှစ၍ အသက်ဝင်ပြီဖြစ်ကြောင်း၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ သဘာဝနှင့် မွေးမြူရေး ငါး၊ ပုစွန်၊ ကဏန်းတို့ကို တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

**စက်ရုံ ၁၃ ရုံကနေ တင်ပို့**

"EU ရဲ့ အတည်ပြုချက်နဲ့ ဒီနှစ် ဒီဇင်ဘာ ၁ ရက်ကစပြီး ငါး၊ ပုစွန်၊ ကဏန်းအပါအဝင် ၁၀ မျိုးကို စက်ရုံ ၁၃ ရုံကနေ တင်ပို့လို့ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ရေချိုငါးအနေနဲ့ တံ့တေး၊ ကဏန်းဆိုရင်ကျောက်တန်း၊ ဧရာဝတီတိုင်းဒေသကြီးက ရေချိုငါး၊ ပုစွန်ကျား နဲ့ပုစွန်ဖြူ၊ ကဏန်းပျော့လည်းပါမယ်။ တနင်္သာရီတိုင်းဒေသကြီးမှ ကဏန်းပျော့ပါမယ်။ အားလုံးအမျိုးအစား ၁၀ မျိုးပါမယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် တံ့တေး၊ ကျောက်တန်း၊ ဧရာဝတီတိုင်းဒေသကြီးမှာ ဆိုရင် ညောင်တုန်း၊ မအူပင်၊ လပွတ္တာ၊ ငပုတော၊ ပုသိမ်၊ တနင်္သာရီတိုင်းဒေသကြီးဆိုရင် ကျွန်းစုမြို့နယ်က ထွက်တဲ့ ကဏန်းပျော့ပါမယ်။ ပြည်ပငါးတင်ပို့မှုအတွက် အားရစရာပါပဲ။ ငါးတန်တင်ပို့နိုင်ဖို့ တရုတ်ပြည် ပေကျင်းမှာရှိတဲ့ မြန်မာသံရုံးက ဆောင်ရွက်ပေးနေပါတယ်။ ရေထွက်ပစ္စည်းတင်ပို့နိုင်တဲ့ စက်ရုံ ၂၁ ရုံကို EU က ခွင့်ပြုထားပြီးတော့ စက်ရုံနှစ်ရုံကို တင်ပြထားပါတယ်။ အဲ့ဒီ စက်ရုံ ၂၁ ရုံထဲက ၁၃ ရုံက တင်ပို့လို့ရပါပြီ" ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

**မွေးမြူရေးထွက်ကုန်များ တိုးမြှင့်**

စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ ရေထွက်ပစ္စည်းပို့ကုန်ဖြင့်လည်း ပြည်ပဝင်ငွေရရှိမည်ဖြစ်ရာ EU အသိအမှတ်ပြု ငါး၊ ပုစွန်တို့ကိုလည်း တင်ပို့နိုင်ပြီဖြစ်၍ မွေးမြူရေးထွက်ကုန် နှစ်စဉ် ၅၀ ရာခိုင်နှုန်း တင်ပို့သောဗီယက်နမ်နိုင်ငံကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ပသို့ စတင်တင်ပို့မည့် ငါးတန်နှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က "ငါးတန်ကို ကျွန်တော်တို့နိုင်ငံမှာ မွေးတာတော့ကြာပြီ။ ဗီယက်နမ်မျိုး၊ ထိုင်းမျိုးနဲ့ သဘာဝငါးတန်မျိုးတွေရှိမယ်။ နောက်ပိုင်း တရုတ်က ထုတ်လုပ်မှုပုံစံ အမျိုးမျိုးနဲ့ ငါးဝယ်ယူမှုများလာတယ်။ မြန်မာနိုင်ငံမှာ မွေးမြူတဲ့ငါးရဲ့ ၇၀ ရာခိုင်နှုန်းဟာ ငါးမြစ်ချင်းဖြစ်နေတယ်။ ကျန်တဲ့ ၁၅ ရာခိုင်နှုန်းဟာ ငါးတန်ကိုမွေးတယ်။ ကျန်တာက အခြားငါးမျိုးတွေ။ ပြည်ပစားသုံးမှုများတဲ့ ငါးတန်မှန်းသိတဲ့အချိန်မှာ တရုတ်ပြည်ကို တင်ပို့ဖို့ အားလုံး ချိတ်ဆက် ဆောင်ရွက်ထားပါပြီ" ဟု ဖြည့်စွက်ပြောကြားသည်။

**ဒီဇင်ဘာ ၁ ရက်မှ စတင်**

ငါးမြစ်ချင်းနှင့် ပတ်သက်၍ ဆက်လက်တင်ပို့နိုင်ရန် ဆွေးနွေးလျက်ရှိပြီး ကမ္ဘာ့နိုင်ငံများ စားသုံးသည့် ငါးတန်ကိုလည်း တင်ပို့နိုင်ရန် စတင်မွေးမြူလျက်ရှိကာ သဘာဝငါးများကိုသာ EU ၏ အသိအမှတ်ခွင့်ပြုမှုဖြင့် တင်ပို့နေရာမှ ယခုအခါ မွေးမြူရေးငါးများကိုလည်း စက်ရုံ ၁၃ ရုံမှ ဒီဇင်ဘာ ၁ ရက် မှ စတင်၍ တင်ပို့ခွင့်ရပြီဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။



မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူ ကာတာတပ်မတော်လက်ရွေးစင်အသင်းဘက်သို့ ပြစ်ဒဏ်ဘော ကန်သွင်းနေစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း ကာတာခရီးစဉ်တွင် ပထမဆုံး နိုင်ပွဲရ

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၁၈ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ်တွင် ပထမဆုံး နိုင်ပွဲရခဲ့ပြီး အောက်တိုဘာ ၂၈ ရက်က ယှဉ်ပြိုင်ကစားသည့် ကာတာတပ်မတော်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲအကြို ဆင္ဂမြောက် နိုင်ငံတကာခြေစမ်းပွဲတွင် ပထမဆုံး နိုင်ပွဲရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းသွင်းဂိုးများဖြင့် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဂိုးသမား ကျော်ဇင်ထက်ကို အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ပေးကာ ဇော်မင်းထွန်း၊ မောင်မောင်လွင်၊ ဇင်မင်းထွန်း၊ ပြည့်ဖြိုးဇော်၊ လွင်မိုးအောင်၊ သိန်းသန်းဝင်း၊ အီစိုး၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦးတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပိုင်းတွင် ကစားပုံ ပိုကောင်းခဲ့ပြီး အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်းတွင် ရရှိခဲ့ကာ ၂၃ မိနစ်တွင် ဇင်မင်းထွန်း၊ ၃၈ မိနစ်တွင် အီစိုးတို့က သွင်းယူခဲ့သည်။ ယခုခြေစမ်းပွဲတွင် လက်ကောက်ဝတ် ဒဏ်ရာရထားသည့် တိုက်စစ်မှူး အောင်သူသည် လူစားဝင်ပြီး ပထမဆုံးပါဝင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာတပ်မတော်လက်ရွေးစင်အသင်းနှင့် နှစ်ပွဲဆက် ခြေစမ်းခြင်းဖြစ်ပြီး ပထမပွဲတွင် နှစ်ဂိုးစီသရေကျကာ ယခုပွဲတွင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲ ခြောက်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲ ရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

# ဗန်းမော်မြို့၌ မြန်မာ့ရိုးရာလှေလှော်သဘင်ပွဲတော် ဖွင့်ပွဲကျင်းပ

**ဗန်းမော် အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြန်မာ့ရိုးရာ လှေလှော်သဘင်ပွဲတော်ဖွင့်ပွဲနှင့် လှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက သာစည်ရပ်ကွက် မင်္ဂလာကန်တော် (ဂေါ်ရာကန်) ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးထွန်းတင်က အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းတို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က မြန်မာ့ရိုးရာလှေလှော်သဘင်ပွဲတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကာ ပြိုင်ပွဲဝင်လှေများအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်လှေများက ကန်ရေပြင်တွင်တစ်ပတ်လှေလှော်ခတ်၍ အားပေးသော ပရိသတ်များအား ဂါရဝပြုခဲ့ကြပြီး အမျိုးသား ၂၁ တက် လှေလှော် ပြိုင်ပွဲကို စတင်ကျင်းပခဲ့ကြသည်။ အောက်တိုဘာ ၃၀ ရက်တွင် ၁၇ တက်လှေလှော်ပြိုင်ပွဲ၊ အောက်တိုဘာ ၃၁ ရက်တွင် ၉ တက် လှေလှော်ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်၍ နောက်ဆုံးဗိုလ်လုပွဲများကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဆုရအသင်းများကို ဆုချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

**ဆီမီးခုံ -နန်းရီ**

# စစ်တွေမြို့၌ ရပ်ကွက်ပေါင်းစုံ ကာယဗလမောင်၊ အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲ နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ၂၀၁၈ ခုနှစ် ရပ်ကွက်ပေါင်းစုံ ကာယဗလမောင်၊ အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ အမျိုးသား ကာယဗလမောင် ၆၀ ကီလိုတန်း ပြိုင်ပွဲတွင် ၁၃ ဦး ၊ ၆၅ ကီလိုတန်း ပြိုင်ပွဲတွင်ခြောက်ဦး ၊ ၇၀ ကီလိုတန်း ပြိုင်ပွဲတွင်လေးဦး ၊ ၇၅ ကီလိုတန်း ပြိုင်ပွဲတွင်လေးဦး နှင့် ၇၅ အထက် ကီလိုတန်း ပြိုင်ပွဲတွင်ငါးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အမျိုးသမီး ၁၀ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား ကာယဗလမောင် ပြိုင်ပွဲများတွင် ဆုရကာယဗလမောင်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်စောမြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ နှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုရအမျိုးသမီးများကို မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဝါဝါရွှေနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ အမျိုးသားဘောလုံးပြိုင်ပွဲ နိုဝင်ဘာ ၃ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ ပူးပေါင်းကျင်းပသည့် MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ အမျိုးသားဘောလုံးပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကား ပြောကြားပြီး F&N Myanmar ၏ Country Manager Mr.Freddy Oh က ပံ့ပိုးကူညီရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် မီဒီယာများက သိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်မျိုးဆက်သစ် ကစားသမားများ ထွက်ပေါ်လာစေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ လူငယ်ပြိုင်ပွဲများ ကျင်းပပေးလျက် ရှိပြီး ယခုပြိုင်ပွဲကိုမူ နိုဝင်ဘာ ၃ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြက်ခင်းတုကွင်း၌ ကျင်းပ မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်၊ ဧရာဝတီ၊ မွန်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ ပဲခူး၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရခိုင်၊ ရှမ်း (အရှေ့)၊ ရှမ်း (မြောက်) နှင့် ရှမ်း (တောင်) အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆုကြေးအဖြစ် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ငါးသိန်းချီးမြှင့်မည်ဖြစ်ပြီး ယခု ပြိုင်ပွဲမှ အလားအလာရှိသည့် လူငယ်ကစားသမားများကို မြန်မာယူ - ၁၅ လူငယ်လက်ရွေးစင်အသင်းတွင် ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ✤ကျော့ဖုံးမှ

သြစတြေးလျ၊ နီပေါ၊ ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ အီရန် နှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။ ပထမအဆင့် ခြေစစ်ပွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ နိုင်ငံခြောက်နိုင်ငံ၌ အုပ်စုခြောက်ခုခွဲ၍ ကျင်းပခဲ့ပြီး ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး နှစ်သင်း၊ စုစုပေါင်း ရှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု (က) မှ သြစတြေးလျ၊ အုပ်စု (ခ) မှ နီပေါ၊ အုပ်စု (ဂ) မှ ဥဇဘက်ကစ္စတန်၊ အုပ်စု (ဃ) မှ တောင်ကိုရီးယား၊ အုပ်စု (င) မှ ဗီယက်နမ်၊ အုပ်စု (စ) မှ အီရန်အသင်း၊ အကောင်းဆုံး အုပ်စုဒုတိယနေရာအဖြစ် လက်ဘနွန်နှင့်မြန်မာအသင်းတို့ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

အုပ်စု (ခ) တွင် ထိုင်းအသင်းက အုပ်စုပထမနေရာရခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် ယင်းအသင်းအစား ဒုတိယနေရာရသည့် နီပေါအသင်းက အစားထိုးအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (စ) တွင် ပါဝင်ခဲ့ပြီး ပထမပွဲတွင် လာအိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းအုပ်စုတွင် သုံးသင်းစလုံး သုံးမှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အီရန်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယ ရခဲ့သည်။

**ညီမြတ်သော်တာ**

# ❍ ကျော့ဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H .E. Mr. lchiro MARUYAMA က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ သံအမတ်ကြီး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ဒင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး လိုက်လံနှုတ်ဆက်ကြသည်။

ပထမနေ့ပွဲစဉ်တွင် အမျိုးသား၊ အမျိုးသမီး၊ သက်တန်းအလိုက်၊ ဝိတ်တန်းအလိုက်၊ ဂျူနီယာကစား သမားများက(ခတ)၊ (ကုမိတဲ့) ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှအသင်းများ၊ ဝန်ကြီးဌာနများနှင့် ပြင်ပကလပ်အသင်းများမှ ကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အေကေလင်း**

# မန်ယူတို့ အိမ်ကွင်းတွင် အနိုင်ရ၊ အယ်လ်ကလပ်စီကိုပွဲတွင် ဘာစီလိုနာအသင်း ဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀)မှ အောက်တိုဘာ ၂၈ရက် တနင်္ဂနွေည နောက်ဆုံးပွဲစဉ်တစ်ပွဲ ဖြစ်သော မန်ယူနှင့် အဲဗာတန်ပွဲတို့တွင် အိမ်ရှင်မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကြပြီး ပထမပိုင်းပွဲချိန် ၂၇မိနစ်တွင် ပေါ့ဂ်ဘာက မန်ယူအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၄၉မိနစ်တွင် ပေါ့ဂ်ဘာ၏ဖန်တီးမှုမှ တစ်ဆင့် မာရှယ်က မန်ယူအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၇မိနစ်တွင် အဲဗာတန်အသင်း ပယ်နယ်တီကန်ခွင့်ရရှိ ကာ ဆီဂတ်ဆန်က သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းသည် ဘောလုံး ပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့သည်။ ပွဲစဉ်(၁၀)အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၁၇မှတ်ဖြင့် အဆင့်၈ တွင် ရပ်တည်နေပြီး အဲဗာတန်က ရမှတ် ၁၅ မှတ်ဖြင့် အဆင့်၉ တွင် ရပ်တည်နေသည်။ ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၃ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး မန်ယူအသင်းသည် အဝေးကွင်း၌ ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အဲဗာတန်က အိမ်ကွင်း၌ ဘရိုက်တန်အသင်းကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။

တနင်္ဂနွေညတွင် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် ချယ်လ်ဆီးက ဘန်လေကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အာဆင်နယ်နှင့် ပဲလေ့စ်အသင်းမှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။

**စပိန်လာလီဂါ**

စူပါဆန်းဒေး၏ ပွဲကောင်းတစ်ပွဲဖြစ်သော အယ်လ်ကလပ်စီကို တွေ့ဆုံပွဲကို အောက်တိုဘာ ၂၈ ရက် ညပိုင်းက ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဘာစီလိုနာအသင်း ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဆယ်စုနှစ်အတွင်းပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့် မက်ဆီနှင့် စီရော်နယ်ဒိုတို့ မပါသည့် အယ်လ်ကလပ်စီကိုပွဲတွင် အိမ်ရှင် ဘာစီလိုနာအသင်းသည် ဆွာရက်ဇ်၊ ကော်တင်ဟိုနှင့် ရာဖင်ဟာတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာပြီး ရီးရဲသည် ဘင်ဇီမာ၊ ဂါရတ်ဘေးလ်နှင့်အစ္စကိုတို့ဖြင့် ပွဲထွက် လာသည်။ ပွဲစပြီး ၁၁မိနစ်တွင် ကော်တင်ဟို၏သွင်းဂိုးဖြင့် ဘာစီလိုနာတို့ ဦးဆောင်ခဲ့ပြီး မိနစ်၃၀တွင် ပယ်နယ်တီ ကန်ခွင့်ရကာ ဆွာရက်ဇ်က သွင်းယူခဲ့၍ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဘာစီလိုနာအသင်း ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း မိနစ်၅၀တွင် ရီးရဲအတွက် တစ်လုံးတည်းသော ချေပဂိုးကို မာဆယ်လိုကသွင်းယူခဲ့ပြီး ဘာစီလိုနာ အတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၇၅မိနစ်နှင့် ၈၃မိနစ်တွင် ဆွာရက်ဇ်ကသွင်းယူခဲ့၍ ဟက်ထရစ်ရရှိကာ ၈၇မိနစ်တွင် ဗီဒယ်လ်က ဘာစီလိုနာအတွက် နောက်ဆုံးဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ရှုံးနိမ့်ခဲ့ရသည့် ရီးရဲသည် ပွဲစဉ်(၁၀)အပြီး ဇယားထိပ်မှ ဘာစီလိုနာနှင့် ခုနစ်မှတ် ဖြတ်ထားခံရပြီး ရမှတ် ၁၄မှတ်ဖြင့် အဆင့် ၉ တွင် ရပ်တည် နေသည်။

စပိန်လာလီဂါ အခြားပွဲစဉ်ရလဒ်များအဖြစ် ဂီတာဖေးက ဘက်တစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အလာဗက်စ်က ဗီလာရီးရဲကို နှစ်ဂိုး-တစ်ဂိုးနှင့် ဆီဗီလာက ဟူစကာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၁၀)အပြီး ရပ်တည်မှုတွင် ဘာစီလိုနာက ရမှတ် ၂၁မှတ်ဖြင့် ဦးဆောင်နေပြီး အဆင့် ၂ တွင် အလာဗက်စ်က ရမှတ် ၂၀၊ အဆင့် ၃ တွင် ဆီဗီလာက ရမှတ် ၁၉ မှတ်ဖြင့် ရပ်တည်နေကာ အက်သလက်တီကိုက ရမှတ် ၁၉ မှတ်ဖြင့် ဂိုးကွာခြားချက်ကြောင့် အဆင့် ၄ တွင် ရပ်တည်နေသည်။

**သီဟ**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦး မီးလောင်သေဆုံးလျက်တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဥတ္တရသီရိမြို့နယ် ကျွန်းချောင်း ၂ လမ်း အိမ်အမှတ် ၂၀၄၂ နေ ဒေါ်ခင်ထွေးဝင်းသန်း(ခ)မီးငယ်(၄၉ နှစ်)သည် နေအိမ်၌ မီးလောင်သေဆုံးနေကြောင်း သတင်းအရ အောက်တိုဘာ ၂၈ ရက် ည ၇ နာရီ ၁၅ မိနစ်က ဘုရားကုန်းမြို့မ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဒေါ်ခင်ထွေးဝင်းသန်း (ခ) မီးငယ်မှာ အိပ်ခန်းအတွင်းရှိရေချိုးခန်း၌ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိသဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀၀ သို့ ပို့ဆောင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာအား ထိန်းသိမ်းထားရှိကာ မှုခင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးလျက်ရှိပြီး သေဆုံးသူ စီးနင်းသော 7C/-----ယာဉ်နှင့် ဖုန်းတစ်လုံးမှာ ပျောက်ဆုံးနေသဖြင့် စုံစမ်းရှာဖွေလျက်ရှိကြောင်းနှင့် ဘုရားကုန်းမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **မြန်မာ့အလင်း**

# ရွှေကူမြို့နယ်၌ လက်ပစ်ဗုံးပေါက်ကွဲသဖြင့် လူငါးဦး ထိခိုက်ဒဏ်ရာရ

**ရွှေကူ အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ် သဘော်အင်းကျေးရွာအနီး၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီခန့်က လက်ပစ်ဗုံးပေါက်ကွဲသဖြင့် လူငါးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ် သဘော်အင်းကျေးရွာနေ စိုးမိုးသူ (၃၀ နှစ်)၊ ကျော်ထိုက်အောင်(ခ)ဘူးသီး(၂၄ နှစ်)၊ ထက်အောင် (၃၀ နှစ်)၊ လုကြိုင် (၃၉ နှစ်)၊ နေမောင် (၃၈ နှစ်) တို့သည် အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက သဘော်အင်းကျေးရွာအရှေ့ဘက် သုံးဖာလုံအကွာရှိ ဦးလုကြိုင်၏ ပြောင်းခင်းသို့ သွားရောက်ရှင်းလင်းပြီး ပြန်လာစဉ် တစ်ဖာလုံခန့်အရောက် နံနက် ၁၁ နာရီခန့်က သစ်ပင်အောက်၌ နားနေစဉ် စိုးမိုးသူက လက်ပစ်ဗုံးတစ်လုံးတွေ့ရှိပြီး ပစ်ပေါက်လိုက်သဖြင့် လက်ပစ်ဗုံးပေါက်ကွဲခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် စိုးမိုးသူတွင် ဒဏ်ရာများ (စိုးရိမ်ရ)၊ ကျော်ထိုက်အောင် (ခ) ဘူးသီး၊ ထက်အောင်၊ လုကြိုင်နှင့် နေမောင်တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ကြသည်။

အဆိုပါ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြသူလေးဦးမှာ ရွှေကူမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး စိုးမိုးသူမှာ ဗန်းမော်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၀-၂၀၁၈ (အင်္ဂါနေ့)


**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "ရှမ်းရိုးရာခေါင်းပေါင်း"
- ၈း၃၅ - စီးပွားရေးစကားဝိုင်း "ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ" (ပထမပိုင်း)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - "မီဒီယာနှင့်သတင်း အချက်အလက်ဆိုင်ရာ သိနားလည်မှု စကားဝိုင်း အစီအစဉ်" (MIL Week) (အပိုင်း-၁)
- ၁၀-၄၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေသုတရကြပါစေ" ဦးဟန်ညွန့် (ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဒါရိုက်တာ-ဝေဠု (ဝသန်)
- ၁၁း၂၀ - "ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းခြင်းနှင့် ဥပဒေ"
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅၅)
- ၁၄း၁၅ - Yes or No Talk Show

**ညပိုင်း**

- ၁၇း၀၅ - "ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး" (ရိုးရာယဉ်ကျေးမှုကို စံထားမြန်မာ့ချည်ထည် လုပ်ငန်းများ)
- ၁၇း၂၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-မေမြင့်မိုရ်၊ ဒါရိုက်တာစတီး)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "၂၀၁၈ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ နိုင်ငံရေး ပါတီများ၏ ဟောပြောချက်"
- "ပြည်သူ့အလုပ်သမား ပါတီ"
- စီးပွားရေးစကားဝိုင်း "ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ" (ဒုတိယပိုင်း)
- BBC ခံစားကြည့် (မကွေး-ကျန်းမာရေး စောင့်ရှောက်မှုစကားဝိုင်း)

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀ ဖမ်းဆီးရမိ





**နေပြည်တော် အောက်တိုဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် နံနက် ၁ နာရီခွဲတွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မြန်မာနိုင်ငံဘက်ခြမ်း ဦးစောလုကျွန်း မြောက်ဘက်အနီး၌ မသင်္ကာဖွယ်သစ်သားလက်ခတ်လှေတစ်စင်းကို တွေ့ရှိရသဖြင့် စစ်ဆေးရန် အချက်ပြခေါ်ယူသော်လည်း လှော်ခတ်ထွက်ပြေးသွားခဲ့ကြောင်း၊ သို့ဖြစ်၍ သတိပေးပစ်ခတ်ရာ လှေပေါ်ပါသူများမှာ ရေထဲသို့ ခုန်ချထွက်ပြေးသွားခဲ့ပြီး လှေပေါ်မှ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀ ( ၁ ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၂၈၀၀၀၀) ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ စက်လှေတိမ်းမှောက်၍ သုံးဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၉**

လှည်းကူးမြို့နယ် သက်ကယ်မြောင်တော စခန်းအနီး ပေါင်းလင်းဆည်အတွင်း၌ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက အုန္နပင်ကျေးရွာမှ သက်ကယ်မြောင်တောစခန်းသို့ အောင်တင်ဝင်း မောင်းနှင်ပြီး မင်းကုန်းကျေးရွာနေ မအေးအေးလှိုင် (၂၆ နှစ်) ပါ ၁၅ ဦး (အမျိုးသား ၆ ဦး၊ အမျိုးသမီး ၉ ဦး)တို့ လိုက်ပါလာသည့် အလျားပေ ၂၀ ရှိ စက်လှေသည် ဝမ်းဗိုက်အတွင်းသို့ ရေစိမ့်ဝင် နစ်မြုပ်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မအေးအေးလှိုင် အပါအဝင်သုံးဦးတို့မှာ ရေနစ်သေဆုံးခဲ့ကာ အခြားသူများ ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် အောင်တင်ဝင်းကို ဖောင်ကြီး နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# သာယာဝတီမြို့နယ်၌ မိုးကြိုးထိမှန်သဖြင့် သုံးဦးသေဆုံး

**သာယာဝတီ အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ဘိုကုန်းကျေးရွာအနီးရှိ အင်းယားလေးအင်းအတွင်း၌ အောက်တိုဘာ ၂၈ ရက်က မိုးကြိုးထိမှန်သဖြင့် လူသုံးဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူဒေါ်နီနီ၏ ဖခင်ဦးမြငွေ (၆၀ နှစ်) သည် မိုးကြိုးပစ်သံကြားရသဖြင့် ၎င်းတို့နေထိုင်သည့် တဲနှင့် ၂၅ကိုက်အကွာခန့်ရှိ ဒေါ်နီနီတို့ မိသားစုနေထိုင်ရာ အင်းတဲသို့သွားရောက်ကြည့်ရှုရာ ဦးဇေဒါ(၄၀ နှစ်)၊ ဒေါ်နီနီ (၃၈ နှစ်)နှင့် မချစ်သက်ဝေ (၈ နှစ်)တို့တွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ စံရွေးနယ်မြေရဲစခန်းမှ ရဲအုပ်တင်မောင်ဝင်းက သွားရောက်စစ်ဆေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စံရွေးနယ်မြေစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

# ရေပူစစ်ဆေးရေးအဖွဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉၁ စီး၊ သွင်းကုန် ၄၀၆ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၆၀ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစန်းမှ တားဆီးမှု ငါးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄၁၁ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၆ သန်း စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၆၂၇ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ကင်တာခြောက်ဘီးယာဉ် နှစ်စီး၊ Nissam Wingroad ယာဉ်တစ်စီး၊ Toyota Wish ယာဉ်တစ်စီးနှင့် ခရီးသည်တင် ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄၁၁ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးသတင်းအရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၂)ရပ်ကွက်၊ (၆၆)လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား၊ အမှတ်(စ-၄/၆၁)ရှိ Gold Sky စားသောက်ဆိုင်နေ မျိုးမင်းမြတ်စံ(ခ)အာနိုး(ခ)မျိုးကို၏ အခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်စိုးမင်းကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၂၁၈၃ ပြား ကိုလည်းကောင်း၊ အလားတူ ညနေ ၇ နာရီ မိနစ် ၂၀ တွင် ကျောက်ဆည်မြို့နယ် စပါယ်တောကျေးရွာအနီး မင်းစု-စပါယ်တော ကျေးရွာသွားကားလမ်း ပန်းလောင်မြစ်ကူးတံတားအနီးတွင် ပြေစိုးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)(လားရှိုး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင်တွင် ဒေါ်တင်တင်မြင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယမန်နေ့ညနေပိုင်းက တပ်မတော်မှ ကုန်းကြမ်းမြို့နယ် တာရှန်ကျေးရွာအနီးလမ်းဆုံတွင် အကောက် မောင်းနှင်ပြီး အလန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈၀၊ ဘိန်းဖြူ ဂရမ် ၄၀၊ အိုက်စ် ၂၆ ဂရမ်၊ ငွေကျပ် ၅၀၀၀ နှင့် တရုတ်ယွမ်ငွေ ၇၂ ယွမ်တို့ကို လည်းကောင်း၊ အလားတူ ယနေ့ မွန်းလွဲ ၂ နာရီက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း - ငါးအိုးသွားကားလမ်းတွင် မာဂွန်းမောင်းနှင်ပြီး မာဂန်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၀၀၀ **(အောက်ပုံ)** သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



# ကျွန်းစုမြို့နယ်၌ ငါးဖမ်းစက်လှေလေးစင်းနှင့်အတူ တရားမဝင်ငါးဖမ်းလုပ်ကိုင်သူများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းအနီး၌ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက ငါးဖမ်းစက်လှေလေးစင်းနှင့်အတူ တရားမဝင်ငါးဖမ်းလုပ်ကိုင်သူများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက်က ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းအနီး တပ်မတော်သားများသည် နီဒလင်း အမည်ပါ ငါးဖမ်းစက်လှေပေါ်တွင် မြိတ်မြို့ ရေပုန်းရပ်ကွက်နေ ရန်နိုင်လင်း(၃၇ နှစ်) ပါ အမျိုးသား ၁၁ ဦးကို လည်းကောင်း၊ အောင်သက်ပိုင်အမည်ပါ ငါးဖမ်းစက်လှေပေါ်တွင် စခန်းသစ်ကျေးရွာနေ သက်ပိုင်ဦး (၂၆ နှစ်) ပါ အမျိုးသားခြောက်ဦးကိုလည်းကောင်း၊ ရွှေရည်တိုး အမည်ပါ ငါးဖမ်းစက်လှေပေါ်တွင် စခန်းသစ်ကျေးရွာနေ စိုးအောင်(၄၅ နှစ်) ပါ အမျိုးသားခြောက်ဦးကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မိဘကျေးဇူး-၂၇ အမည်ပါ ငါးဖမ်းစက်လှေပေါ်တွင် စခန်းသစ်ကျေးရွာနေ ကြည်စိုး(၅၀ နှစ်) ပါ အမျိုးသားခြောက်ဦးကို လည်းကောင်းတွေ့ရှိ၍ စစ်ဆေးရာ လှေစက်ဂရန်သာ ပါရှိပြီး ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပုံနှင်းလှေသား လိုင်စင်မပါရှိဘဲ တားမြစ်ပိုက်ကွက်(အစိပ်) အသုံးပြု ငါးဖမ်းနေသည့်အတွက် ဖမ်းဆီးကာ မြိတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီခွဲက ဖမ်းဆီးရမိသူ ၂၉ ဦးတို့ကို မြိတ်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# လေယာဉ်အမှုထမ်းများအပါအဝင် ခရီးသည် ၁၈၉ ဦးလိုက်ပါလာသော အင်ဒိုနီးရှားလေယာဉ်ပျက်ကျ

**ဂျကာတာ အောက်တိုဘာ ၂၉**

အင်ဒိုနီးရှားလေကြောင်းလိုင်းသစ်ဖြစ်သော Lion Air လေကြောင်းလိုင်းမှ လေယာဉ်အမှုထမ်းများအပါအဝင် ခရီးသည် ၁၈၉ ဦး တင်ဆောင်လာသော လေယာဉ်သည် တနင်္လာနေ့က ပင်လယ်ထဲသို့ ပျက်ကျသွားကြောင်း အာဏာပိုင်များက ပြောသည်။ ဘိုးရင်း MAX -737 သည် လွန်ခဲ့သောလအနည်းငယ်အတွင်းကမှ ပြေးဆွဲခဲ့သော လေယာဉ်ဖြစ်ပြီး အင်ဒိုနီးရှားမြို့တော်မှ ပျံသန်းပြီး ၁၃ မိနစ်အကြာ ရေဒါမှ ပျောက်ကွယ်သွားခဲ့ပြီး ဂျာဗားပင်လယ်ပြင်အတွင်း ထိုးကျသွားခဲ့သည်။

သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါဝို နူဂရိုဟိုက လေယာဉ်အပျက်အစီးများကို ရိုက်ထားသည့်ဓာတ်ပုံကို ပြသခဲ့သည်။ အာဏာပိုင်များက ပျက်စီးသွားသော လေယာဉ်အပိုင်းအစများကို ဆက်လက်ရှာဖွေနေကြပြီး အဆိုပါ လေယာဉ်သည် လေကြောင်းထိန်းချုပ်ရေးစင်တာနှင့် နံနက် ၆ နာရီခွဲခန့်တွင် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ ပျက်ကျသွားသည့် လေယာဉ်သည် ရေအောက်မီတာ ၃၀ မှ ၄၀ အတွင်းရှိသည်ဟု ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ယူဆက်လက်တစ်ဖ်က အေအက်ဖ်ပီသို့ ပြောသည်။

ခရီးသည်များတွင် လူကြီးခရီးသည် ၁၇၈ ဦး၊ ကလေးတစ်ဦး၊ မွေးကင်းစကလေးနှစ်ဦး၊ လေယာဉ်မှူးနှစ်ဦး၊ လေယာဉ်အမှုထမ်း ခြောက်ဦးတို့ ပါရှိသွားကြောင်း အင်ဒိုနီးရှားအမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှုကော်မတီက ပြောသည်။

အစောပိုင်းကာလတွင် အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနမှ လေယာဉ်ပေါ် ပါရှိသွားသူဦးရေမှာ ၁၈၈ ဦးဖြစ်သည်ဟု ပြောသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ၎င်းတို့ဝန်ထမ်း ၂၀ ခန့် လေယာဉ်ပေါ်တွင် ပါသွားကြောင်း ပြောသည်။ လေယာဉ်ပေါ်တွင် နိုင်ငံခြားခရီးသည် မည်မျှပါဝင်သွားသည်ကိုမူ အတိအကျ မပြောနိုင်သေးပေ။

**အေအက်ဖ်ပီ**



ရေအောက်မှ ဆယ်ယူရရှိသော လေယာဉ်အပျက်အစီး အပိုင်းအစများကို တွေ့ရစဉ်။

# ဘော်ဆွန်နယ်ရိုကို ဘရာဇီးသမ္မတအဖြစ် ရွေးကောက်

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၉**

ဘရာဇီးနိုင်ငံတွင် လက်ယာယိမ်းနိုင်ငံရေးသမားဖြစ်သူ ဂျာရီဘော်ဆွန်နယ်ရိုကို သမ္မတသစ်အဖြစ် ရွေးချယ်ခဲ့သည်။ ၎င်းသည် ပြိုင်ဘက်ဖြစ်သူ လက်ဝဲစွန်းရောက် ဖာနန်ဒိုဟတ်ဒတ်ကို ၁၀ ရာခိုင်နှုန်းအသာဖြင့် တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ယူခဲ့သည်။



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ပြုလုပ်သော ဒုတိယအကျော့ မဲပေးပွဲသို့ ရောက်ရှိလာသော ဘော်ဆွန်နယ်ရိုကို တွေ့ရစဉ်။

ဘရာဇီးနိုင်ငံ၏ သမ္မတ ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ဘော်ဆွန်နယ်ရိုသည် အကျင့်ပျက် ခြစားမှုများကို တိုက်ဖျက်ပြီး ဆင်းရဲသားများဘက်မှ ရပ်တည်မည်ဟု ကတိပြုခဲ့ပြီး ပြိုင်ဘက်ဖြစ်သူ ဟတ်ဒတ်ကမူ အလုပ်သမားများ၏ ထောက်ခံမှုကို ရရှိခဲ့သည်။ ဘော်ဆွန်နယ်ရိုကို လူလတ်တန်းစားများနှင့် လက်ရှိအစိုးရကို စိတ်ကုန်နေကြသည့် ချမ်းသာကြွယ်ဝသူများက အဓိကထောက်ခံပေးကြသည်။

အသက် ၆၃ နှစ်အရွယ် ဘရာဇီး စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ မစ္စတာ ဘော်ဆွန်နယ်ရိုကို ဘရာဇီးနိုင်ငံ၏ ထရမ့်ဟု တင်စားကြသည်။ မဲဆွယ်စည်းရုံးမှုများတွင် ၎င်းက ဘရာဇီးနိုင်ငံကို တစ်ဖန်ပြန်၍ ကြွယ်ဝချမ်းသာစေရန် စွမ်းဆောင်ပေးမည်ဟု ကတိပြုခဲ့သည်။

လူပေါင်းတစ်သိန်းခန့်က ၎င်းအနိုင်ရရှိမှုအတွက် ဘရာဇီးလမ်းမထက်တွင် အောင်ပွဲခံခဲ့ကြသည်။ လူတစ်ဦးကမူ မစ္စတာဘော်ဆွန်နယ်ရိုသည် ဘရာဇီးနိုင်ငံအတွက် အသင့်တော်ဆုံး သမ္မတဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၎င်းအနိုင်ရရှိပြီးနောက် ရွေးကောက်ပွဲသမ္မတအဖြစ် တရားဝင်ကြေညာမှု မပြုသေးပေ။ ၎င်းသည် မီဒီယာများကို သတင်းအမှားများ ဖြန့်ဝေသူများဟု စွပ်စွဲလေ့ရှိသည်။ ဘော်ဆွန်နယ်ရိုကို ထောက်ခံသူများနှင့် အတိုက်အခံအုပ်စုတို့ကြား ပဋိပက္ခများ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်နေကြောင်း ရဲများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို အမေရိကန် မရပ်တန့်နိုင်ဟု အီရန်ပြော

**တီဟီရန် အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၄ ရက်တွင် စတင်အသက်ဝင်မည့် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုအပေါ် အမေရိကန်၏ ပိတ်ဆို့မှုအတွက် အီရန်နိုင်ငံအနေဖြင့် အသင့်ပြင်ထားကြောင်း အီရန်နိုင်ငံ၏ ဒုတိယသမ္မတ(၁) အက်ရှ်ဟတ် ဂျာဟန်ဂီရီက တနင်္ဂနွေနေ့တွင် ပြောသည်။

အီရန်နိုင်ငံအစိုးရသည်လည်း အမေရိကန်၏ ပိတ်ဆို့မှုကို ပြန်လည်တုံ့ပြန်သောအားဖြင့် တစ်နေ့လျှင် ရေနံစည်ပေါင်း တစ်သန်းခန့်တင်ပို့မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပရက်စ်တီဗွီသို့ ပြောသည်။ လွန်ခဲ့သော လများအတွင်း အီရန်နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ရေနံစည်ပေါင်း ထောင်ဂဏန်းမျှသာ ကျဆင်းသွားမည်ဖြစ်ကြောင်း၊ သို့သော်အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် စည်ပေါင်းတစ်သန်းအောက် လျော့ကျသွားခြင်းမရှိစေရန် အလေးထားဆောင်ရွက်နေကြောင်း ပြောသည်။

အောက်တိုဘာလအစောပိုင်းကလည်း အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို လုံးဝမရှိတော့သည်အထိ ဖြစ်လာစေရန် နည်းလမ်းများရှာဖွေခဲ့သည်။ အီရန်နိုင်ငံအပေါ် စွမ်းအင်ကဏ္ဍတွင် ပိတ်ဆို့လိုက်ခြင်းအားဖြင့် လက်ရှိစီးပွားရေးပဋိပက္ခတွင် အီရန်နိုင်ငံ၏ဝင်ငွေကို လျော့ကျသွားအောင်လုပ်ရန်မှာ ထရမ့်၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ အမေရိကန်၏အီရန်အပေါ် စွမ်းအင်ကဏ္ဍတွင် ပိတ်ဆို့မှုများအတွက် အီရန်နိုင်ငံမှ စိုးရိမ်မည်မဟုတ်ကြောင်းလည်း ၎င်းကဆက်ပြောသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုဝင်ဘာ ၄ ရက်နောက်ဆုံးထားပြီး အီရန်နိုင်ငံမှ ရေနံများကို မဝယ်ယူကြရန် အပြည်ပြည်ဆိုင်ရာမှ ရေနံဝယ်ယူသူများကို သတိပေးထားသည်။

**ဆင်ဟွာ**

# သီရိလင်္ကာတွင် နိုင်ငံရေးပဋိပက္ခများမှ အကြမ်းဖက်မှု အသွင်ပြောင်းသွား၍ သမ္မတ ဖိအားများနှင့်ရင်ဆိုင်နေရ

**ကိုလံဘို အောက်တိုဘာ ၂၉**

သီရိလင်္ကာသမ္မတ မိုင်သရီပါလာဆီရီဆီနာသည် ဝန်ကြီးချုပ်ကို ရာထူးမှထုတ်ပယ်ပြီးနောက် တနင်္လာနေ့တွင် ပါလီမန်ခေါ်ရန် ဖိအားများနှင့် ရင်ဆိုင်နေရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပါလီမန်ညီလာခံချက်ချင်း ပြန်ခေါ်ရန် တနင်္ဂနွေနေ့က တိုက်တွန်းခဲ့ပြီး သောကြာနေ့က သမ္မတဆီရီဆီနာ ရာထူးမှ ထုတ်ပယ်ခဲ့သော ဝန်ကြီးချုပ်ပြဿနာနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာသည့် ပဋိပက္ခများကို ဖြေရှင်းရန် တိုက်တွန်းခဲ့သည်။

သမ္မတသည် နောက်ပိုင်းတွင် တရုတ်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိသူ သမ္မတဟောင်း မဟင်ဒါရာဂျာပက်ဆာ ကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။ ဖြုတ်ချခံလိုက်ရသည့် ဝန်ကြီးချုပ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်နှင့် ၎င်း၏ပါတီက သမ္မတဆီရီဆီနာ၏လုပ်ရပ်သည် တရားမဝင်ဟု ကြေညာပေးရန် တရားရုံးတွင် တောင်းဆိုလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ ဒေသတွင်းအင်အားကြီးနိုင်ငံလည်းဖြစ်သည့် အိန္ဒိယနိုင်ငံသည်လည်း သီရိလင်္ကာသမ္မတကို ပါလီမန်ပြန်ခေါ်ရန် ဖိအားပေးလျက်ရှိသည်ဟု သံတမန် သတင်းအရင်းအမြစ်များက အေအက်ဖ်ပီသို့ ပြောသည်။

ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်သည် ဝန်ကြီးချုပ်နေအိမ်မှ ဖယ်ရှားပေးရန် ငြင်းဆိုခဲ့ပြီး ၎င်းကို ထောက်ခံသူ ၁၀၀၀ ခန့်နှင့် နေအိမ်အတွင်းတွင် ဆက်လက်ရှိနေဆဲဖြစ်သည်။ အသက် ၆၉နှစ်အရွယ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်က ၎င်းကို ထုတ်ပယ်မှုမှာ တရားမဝင်ကြောင်း၊ ၎င်းကို ထောက်ခံသူအများအပြားရှိနေဆဲ ဆိုသည်ကို သက်သေပြရန် အရေးပေါ် ပါလီမန်အစည်းအဝေး ခေါ်ယူစေလိုကြောင်း ပြောသည်။ မြို့တော်ကိုလံဘိုတစ်ဝန်းတွင် အခြေအနေတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လက်ရှိပြီး အကယ်၍ သမ္မတအနေဖြင့် အရေးပေါ် ပါလီမန်ခေါ်ယူခဲ့ခြင်းမရှိပါက လမ်းပေါ်တွင် အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပေါ် လာနိုင်ကြောင်း ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်၏ သစ္စာခံလွှတ်တော်အမတ်များက သတိပေးထားသည်။

**အေအက်ဖ်ပီ**




သီရိလင်္ကာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်နေသော လူအုပ်ကြီးကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ရာဆူဒါလွတ်မြောက်မှုအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကျေးဇူးတင်စကားဆို

**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် အကြမ်းဖက်သမားများ၏ ဖမ်းဆီးမှုကိုခံထားရသည့် ဂျပန်ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျမ်ပီရာဆူဒါ လွတ်မြောက်ရေးအတွက် ကြိုးပမ်းပေးခဲ့သော ဂျော်ဒန်အစိုးရကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ရာဆူဒါသည် ဆီးရီးယား၌ စစ်သွေးကြွများ၏ဖမ်းဆီးမှုကို သုံးနှစ်ကျော်ခံခဲ့ရသူလည်းဖြစ်သည်။ ဘာရိန်း၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာညီလာခံတွင် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမန်ဆာဖာဒီနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းအချက်အလက်များပေးပို့ခြင်းနှင့်အတူ ဂျပန်သတင်းထောက်လွတ်မြောက်ရေးအတွက် ဂျော်ဒန်အစိုးရ၏ ကူညီပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးတို့သည် အကြမ်းဖက်တိုက်ဖျက်မှုတွင် နှစ်နိုင်ငံလက်တွဲကာ ရှေ့ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ ထို့အပြင် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ်မည့်နေ့ကိုလည်း မျှော်လင့်နေကြောင်း မစ္စတာ ကိုနိုက ပြောသည်။ **အင်န်အိတ်ချ်ကေ**

### ရီနော့ကားများ အဓိကထုတ်လုပ်ရာနေရာ မော်ရိုကို ဖြစ်လာမည်

**ရာဘတ် အောက်တိုဘာ ၂၉**

လာမည့်နှစ်အနည်းငယ်အတွင်း မော်ရိုကိုသည် ပြင်သစ်ကားဖြစ်သည့် ရီနော့ကားများ ထုတ်လုပ်ရာ အဓိကနေရာတစ်ခုဖြစ်လာလိမ့်မည်ဟု ရီနော့အုပ်စုမှ စီအီးအို ကာလို့စ် ဂေါ့ဆင်က စနေနေ့တွင် ပြောခဲ့သည်။

ကာဆာဘလန်ကာနှင့် တန်ဂျီရာတို့ရှိ ရီနော့ကားစက်ရုံနှစ်ခုမှ တစ်နှစ်လျှင် ကားအစီးရေ ၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့မူဝါဒရေးရာ ညီလာခံတွင် စီအီးအို ကာလို့စ်က ပြောသည်။ တန်ဂျီရာစက်ရုံမှာ အာဖရိကတွင် ကားထုတ်လုပ်လုပ်မှု၏ ဗဟိုဖြစ်လာနိုင်ကြောင်း၊ နှစ်စဉ် ကားအစီးရေ ၃၄၀၀၀၀ ခန့် ထုတ်လုပ်လာနိုင်ကြောင်း၊ ထိုအရေအတွက်မှ ၆၀ ရာခိုင်နှုန်းကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

မော်ရိုကိုနိုင်ငံရှိ ကားထုတ်လုပ်ရေးကဏ္ဍတွင် အလုပ်သမားပေါင်း ၈၅၀၀၀ ခန့်လုပ်ကိုင်လျက်ရှိသည်။ ကမ္ဘာ့မူဝါဒရေးရာ ညီလာခံတွင် နိုင်ငံပေါင်း ၄၀ ကျော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ အကြံပေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံရေး အားပြိုင်မှုတွေကြောင့် ခဏတာရပ်နားခဲ့ရတဲ့ ပါလီမန်

**ထွန်းသစ်စ**

ကျွန်းနိုင်ငံလေးဖြစ်တဲ့ သီရိလင်္ကာနိုင်ငံမှာ နိုင်ငံရေးမငြိမ်သက်မှုတွေ မြင့်တက်လာတာနဲ့အတူ ဖြုတ်ချခံရတဲ့ ဝန်ကြီးချုပ်ရဲ့ စိန်ခေါ်မှုကို ကြိုတင်ဟန့်တားဖို့အတွက် သီရိလင်္ကာသမ္မတ မိုင်သရီပါလာ ဆီရီဆီနာအနေနဲ့ ပါလီမန်ကို ခဏတာရပ်ဆိုင်းခဲ့ပါတယ်။



ဝန်ကြီးချုပ်ကို ဖြုတ်ချနိုင်သည့် သမ္မတ၏အာဏာကို ဖယ်ရှားပေးရေး ပြင်ဆင်ပေးရန်တောင်းဆိုနေသည့် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို တွေ့ရစဉ်။

**ဖြုတ်ချ**

သီရိလင်္ကာ သမ္မတဟာ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို ဖြုတ်ချပြီး သူ့နေရာမှာ အငြင်းပွားဖွယ်ဖြစ်နေတဲ့ ယခင်သံမဏိလူသားခေါင်းဆောင် တစ်ဖြစ်လဲ မဟင်ဒါရာဂျာပက်ဆာကို အစားထိုးခန့်အပ်ခဲ့ပြီးနောက်တစ်နေ့မှာပဲ ကိုလံဘိုမှာ တင်းမာမှုတွေ မြင့်တက်လာတဲ့အတွက် ရဲတပ်ဖွဲ့ဟာ ခွင့်ပြုချက်တွေ အကုန်လုံးကို ဖျက်သိမ်းခဲ့ရပါတယ်။

ပါလီမန်အဖွဲ့ဝင်တွေက သီရိလင်္ကာသမ္မတအနေနဲ့ ပါလီမန်ကို နိုဝင်ဘာ ၁၆ ရက်အထိ ရွှေ့ဆိုင်းခဲ့ကြောင်း ပြောခဲ့ပါတယ်။ အများစုအပေါ် ဩဇာလွှမ်းမိုးမှုရှိသေးကြောင်း သက်သေထူရန် အလို့ငှာ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို အစောပိုင်းက အရေးပေါ်အစည်းအဝေးခေါ်ရန် တောင်းဆိုခဲ့ကြောင်း သိရပါတယ်။

"အခုလိုမျိုး အငြင်းပွားမှုတွေ သွားစမ်းပါ" လို့ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်က သတင်းထောက်တွေကို သူ့ရဲ့ အိမ်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။ ရုတ်တရက်အရေးပေါ်အစည်းအဝေးကသာ သူ့မှာ ထောက်ခံသူအများအပြားရှိသေးတယ်ဆိုတာကို သက်သေထူနိုင်မှာ ဖြစ်တယ်လို့ သူကပြောခဲ့ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌ ကာရူးဂျာယာဆူရီယာသာလျှင် မဟင်ဒါရာဂျာပက်ဆာနဲ့ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်တို့ကို ဘယ်သူ့ကို ဝန်ကြီးချုပ် ခန့်အပ်မလဲဆိုတာ ဆုံးဖြတ်ပေးနိုင်မှာဖြစ်ကြောင်း ပါလီမန်ဆိုင်ရာ သတင်းရင်းမြစ်တွေမှာ ဖော်ပြခဲ့ပါတယ်။

**သဘောထားကွဲလွဲမှု အရှိန်အဟုန်ပြင်းလာ**

သီရိလင်္ကာသမ္မတ ဆီရီဆီနာဟာ ယခုနှစ်အစောပိုင်းက အစိုးရကို ခေါင်းဆောင်ဖို့ သူအသေအချာ ရွေးချယ်ခဲ့တဲ့သူကို ထောက်ခံမှုမရှိတဲ့ အပေါ် သူ့အနေနဲ့ ပြန်လည်ဖေးမထောက်ခံခဲ့တဲ့ အချိန်ကစလို့ မိတ်ဆွေဟောင်းကြီး နှစ်ဦးရဲ့သဘောထားကွဲလွဲမှုဟာ အရှိန်အဟုန်ပြင်းထန်လာခဲ့ပါတယ်။

ဆီရီဆီနာဟာ အစောပိုင်းက သူ့အနေနဲ့ သမ္မတသက်တမ်း တစ်ကြိမ်သာလုပ်မယ်လို့ ပြောခဲ့ပေမယ့်လည်း နောက်ပိုင်းမှာတော့ သူဟာ နောက်ထပ် သမ္မတသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်ဦးမယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ကတော့ သမ္မတဖြစ်ချင်နေတဲ့ ဝှစ်ခရမန်ဆင်းဂ်နဲ့ ယှဉ်ပြိုင်ရဖို့များပါတယ်။

သီရိလင်္ကာဆိုင်ရာ တရုတ်သံအမတ်ကြီး Cheng Xueyuan ကတော့ မဟင်ဒါရာဂျာပက်စ်နဲ့ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်တို့နဲ့ သီးခြားတွေ့ဆုံခဲ့တယ်လို့ဆိုပေမယ့် အသေးစိတ်ကိုတော့ ထုတ်ဖော် မပြောကြားခဲ့ပါဘူး။

**လေ့လာစောင့်ကြည့်**

ဒေသတွင်းအင်အားကြီးမားတဲ့ အိန္ဒိယကလည်း ကိုလံဘိုရဲ့ အဖြစ်အပျက်တွေကို အနီးကပ်လေ့လာ စောင့်ကြည့်နေတယ်လို့ သက်ဆိုင်ရာအရာရှိတွေက ပြောပါတယ်။

မဟင်ဒါရာဂျာပက်ဆာဟာ မဟာမိတ် အိန္ဒိယနဲ့ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးထူထောင်ချင်တဲ့ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ထက် တရုတ်နဲ့ ပိုမိုနီးကပ်သူလည်း ဖြစ်ပါတယ်။

ကိုလံဘိုအခြေစိုက် အနောက်အုပ်စုဆိုင်ရာ သံတမန်တွေက ရာထူးသိမ်းပိုက်နိုင်ရေးကိစ္စ ဆွေးနွေးရန် ဝှစ်ခရမန်ဆင်းဂ်ကို တမ်ပဲလ်ထရီးဂေဟာမှာ တွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလို တွေ့ဆုံမှုမလုပ်ခင်မှာ အမေရိကန်ပြည်ထောင်စုကတော့ အနောက်အုပ်စုတွေအနေနဲ့ သီရိလင်္ကာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာပြီး အကြမ်းဖက်ဖြစ်စဉ်တွေ မဖြစ်အောင်ရှောင်ရှားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ကိုလံဘိုရှိ ဥရောပသံအမတ်တွေကလည်း အလားတူ ထုတ်ပြန်ချက်မျိုး မကြာသေးမီက ထုတ်ပြန်ခဲ့တယ်လို့ သိရပါတယ်။

**နှစ်ဖက်အဖွဲ့တွေ အားပြိုင်**

ညတွင်းချင်း မဟင်ဒါရာဂျာပက်ဆာရဲ့သစ္စာခံတွေဟာ နိုင်ငံပိုင်ရုပ်မြင်သံကြားမှာ မဟင်ဒါရာဂျာပက်ဆာကို ထောက်ခံမှာဖြစ်တယ်လို့ ကြွေးကြော်ခဲ့ပြီး ဖြုတ်ချခံဝန်ကြီးချုပ်ရဲ့ဘက်တော်သားတွေကို ထွက်သွားဖို့ ပြောခဲ့ပါတယ်။

မဟင်ဒါရာဂျာပက်ဆာအနေနဲ့ လွန်ခဲ့တဲ့ သောကြာနေ့က ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ရဲ့ United National ပါတီ ထောက်ခံသူတွေကို နိုင်ငံတစ်ဝန်း မကြာခဏဆိုသလို တိုက်ခိုက်မှုတွေ ခံနေရတယ်လို့ သိရပါတယ်။

အခုလို တိုက်ခိုက်မှုတွေဟာ မြို့တော်မှာ တည်ငြိမ်သွားပြီဖြစ်ပေမယ့်လည်း မဟင်ဒါရာဂျာပက်ဆာရဲ့ဂေဟာမှာတော့ လုံခြုံရေးတွေ တင်းကျပ်နေသလို နိုင်ငံပိုင်ရုပ်မြင်သံကြားထုတ်လွှင့်ရုံမှာလည်း လုံခြုံရေးတွေ တင်းကျပ်နေပါတယ်။

**ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်ဖို့လုပ်ဆောင်**

ဆီရီဆီနာဟာ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ရဲ့ လုံခြုံရေးတွေနဲ့ ယာဉ်တွေကိုတော့ ပြန်လည်ရုပ်သိမ်းခဲ့တယ်လို့ ဘဏ္ဍာရေးဝန်ကြီး မန်ဂလာဆာမာရာဝီရာက ပြောပါတယ်။

သီရိလင်္ကာသမ္မတက အသက် ၆၉ နှစ်ရှိ ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို အလုပ်တာဝန်က ရပ်စဲလိုက်တာဟာ ဒုတိယအကြိမ်မြောက်ရှိခဲ့ပါပြီ။ လွန်ခဲ့တဲ့ ၂၀၀၄ခုနှစ်ကလည်း သူ့ကို တာဝန်က ရပ်စဲလိုက်ပြီးတော့ လျှပ်တစ်ပြက်ရွေးကောက်ပွဲ ပြုလုပ်ခဲ့ပါတယ်။

ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရရှိခဲ့ပါတယ်။ သူဟာ ချက်ချင်းဆိုသလို အရင်ဖြစ်ရပ်မျိုးမဖြစ်ဖို့၊ ဝန်ကြီးချုပ်ကို ဖြုတ်ချနိုင်တဲ့ နိုင်ငံအကြီးအကဲရဲ့လုပ်ပိုင်ခွင့်အာဏာကို ဖယ်ရှားဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့လုပ်ဆောင်ခဲ့ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်**

သို့သော်လည်း ဆီရီဆီနာအနေနဲ့ ဝန်ကြီးချုပ်ကို ဖြုတ်ချဖို့ အခွင့်အာဏာမရှိဘူးလို့ နိုင်ငံရေးလေ့လာစောင့်ကြည့်သူတွေက ပြောပေမယ့် သူ့အနေနဲ့ လုပ်မြဲဆက်လုပ်ခဲ့ပါတယ်။

နိုင်ငံရေးအကြောင်းကျွမ်းကျင်သူ ဗစ်တာအိုင်ဗန်က ဆီရီဆီနာအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြောင့်ကျကျ ချိုးဖောက်ခဲ့တယ်လို့ ပြောခဲ့ပါတယ်။

သို့သော်လည်း မဟင်ဒါရာဂျာပက်ဆာရဲ့သစ္စာခံတွေနဲ့ ယခင်နိုင်ငံခြားရေးဝန်ကြီး ဂျီအယ်လ်ပါရီးစ်တို့က ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို ဖြုတ်ချလိုက်တာနဲ့ပတ်သက်ပြီး ဘာမှ တရားမဝင်စရာမရှိဘူးလို့ ပြောခဲ့ပါတယ်။

**နိုင်ငံရေးဇာတ်ခုံမှာ ရှေ့တန်းက ပါဝင်လာ**

အလျင်အမြန် ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့နောက်မှာတော့ မဟင်ဒါရာဂျာပက်ဆာဟာ သူ့ရဲ့ တရားဝင်လုပ်ရှားဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး မည်သည့်သတင်းထုတ်ပြန်ချက်မှ မပြုသေးပေမယ့် သူ့ကို ထောက်ခံသူတွေကတော့ သူ့အနေနဲ့ အစိုးရအဖွဲ့ကို တနင်္ဂနွေနေ့မှာ ဖွဲ့စည်းမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ လက်ရှိ သီရိလင်္ကာသမ္မတ ဆီရီဆီနာကို ရှုံးနိမ့်ပြီးနောက် အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ မဟင်ဒါရာဂျာပက်ဆာဟာ ပြည်တွင်းနဲ့ ပြည်ပမှာ အငြင်းပွားစရာလူတစ်ယောက်ဖြစ်နေပေမယ့်လည်း အခုအခါမှာတော့ နိုင်ငံရေးဇာတ်ခုံမှာ ရှေ့တန်းက ပြန်လည်ပါဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

သူအာဏာရခဲ့တဲ့အချိန်တုန်းကတော့ ကိုလံဘိုဟာ တမီးလ်ကျားသူပုန် ပုန်ကန်ထကြွမှုကို နှိမ်နင်းခဲ့ပါတယ်။

တမီးလ်ကျားသူပုန် ထကြွသောင်းကျန်းမှုကို နှိမ်နင်းတုန်းက တမီးလ်အရပ်သားတွေ ထောင်ပေါင်းများစွာ သေဆုံးခဲ့ကြတယ်လို့ လူ့အခွင့်အရေးအုပ်စုတွေက ပြောကြားခဲ့ပေမယ့် မဟင်ဒါရာဂျာပက်ဆာကတော့ ပြည်တွင်းစစ်မှာ မတရားနှိပ်စက်ညှဉ်းပန်းခြင်းမရှိခဲ့ကြောင်း ဆိုပါတယ်။

ဆီရီဆီနာ သမ္မတဖြစ်လာပြီးတဲ့အချိန်မှာတော့ သီရိလင်္ကာနိုင်ငံဟာ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စုနဲ့ အခြားအနောက်နိုင်ငံတွေနဲ့ ပြန်လည်သင့်မြတ်လာခဲ့ပါတယ်။

အခုအခါမှာတော့ သီရိလင်္ကာနိုင်ငံမှာ နိုင်ငံရေး ဆူပူအုံကြွမှုတွေဖြစ်နေပြီး လွှတ်တော်ကိုတောင် ဆိုင်းငံ့ထားရတဲ့ အချိန်ဖြစ်လို့နေပါတယ်။ သီရိလင်္ကာရဲ့ လတ်တလော အခြေအနေဟာ တည်ငြိမ်မှုမရှိသေးပေမယ့် သိပ်မကြာခင်မှာ ဘယ်လိုဖြစ်လာမလဲဆိုတာကိုတော့ ဆက်လက်လေ့လာစောင့်ကြည့်ရမှာပဲဖြစ်ပါကြောင်း ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရရှိခဲ့ပါတယ်။ သူဟာ ချက်ချင်းဆိုသလို အရင်ဖြစ်ရပ်မျိုးမဖြစ်ဖို့၊ ဝန်ကြီးချုပ်ကို ဖြုတ်ချနိုင်တဲ့ နိုင်ငံအကြီးအကဲရဲ့ လုပ်ပိုင်ခွင့်အာဏာကို ဖယ်ရှားဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့လုပ်ဆောင်ခဲ့"**

# ယင်းမာပင် ရွှေတောင်ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ



**ယင်းမာပင် အောက်တိုဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကန်ချောင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင် ရွှေတောင်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာလ စတုတ္ထပတ်က အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ အရှင်သူမြတ်ထံမှ ကိုးပါးသီလ ခံယူခဲ့သည်။

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များကို စေတီရင်ပြင်တွင် လက်ယာရစ် သုံးပတ်လှည့်လည်အပူဇော်ခံပြီး မင်္ဂလာနတ်ရထားပျံနှင့် တင်လှူပူဇော်ခဲ့သည်။ ထို့နောက် ဆရာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခဲ့ကြသည်။

အဆိုပါ စေတီတော်မြတ်ကြီးကို သာသာနာနှစ် ၂၂၁ ၌ သီရိဓမ္မာသောကမင်းကြီးသည် ဒေသနာပေါင်း ၈၄၀၀၀ ကို ပူဇော်သောအားဖြင့် တန်ခိုးကြီးသော အရှင်ဣန္ဒဂုတ္တ မထေရ်၏ အစီအစဉ်ဖြင့် စေတီပေါင်း ၈၄၀၀၀ တည်ထားကိုးကွယ်ခဲ့ရာတွင် ပါဝင်ခဲ့သော စေတီတော်မြတ်ကြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်အောက်ဘက်မှ ပြတ်ကျ၍ ထီးတော်မြေခခဲ့ရကြောင်း၊ ယခုအခါ အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီး၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ရွှေတောင်ဦးဂေါပကအဖွဲ့ထံမှ သိရသည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ လာရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သန်းဒွေးအောင် (ကနီ)**

# လယ်ယာမြေစိုက်ပျိုးလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်

**ပြင်ဦးလွင် အောက်တိုဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ တောင်သူ ၁၄၉ ဦးအား လယ်ယာမြေ စိုက်ပျိုးလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး (ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး) ဦးဇေယျာကျော်က တောင်သူများထံ လယ်ယာမြေစိုက်ပျိုးလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များ ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာမြေစိုက်ပျိုးလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များအား ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု မှ တောင်သူ ၁၄၉ ဦးကို ပေးအပ်ပြီး လယ်ယာမြေစိုက်ပျိုးလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ( ၇ ) ရရှိသည့် တောင်သူများကိုယ်စား ဝက်ဝံကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ပြင်ဦးလွင်)**




# မူဆယ်မြို့နယ်အတွင်းရှိ မေတ္တာစံအိမ် မိဘမဲ့ဂေဟာသို့ သံသေတ္တာ ၂၃၈ လုံးပေးအပ်လှူဒါန်း



**မူဆယ် အောက်တိုဘာ ၂၉**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်းရှိ မေတ္တာစံအိမ် မိဘမဲ့ဂေဟာသို့ သံသေတ္တာ ၂၃၈ လုံး ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ၁၀၅ မိုင်ကျေးရွာအုပ်စု နမ့်ဟွယ်ကျေးရွာ ဇေယျမင်္ဂလာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ခရိုင်/ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ မေတ္တာစံအိမ် မိဘမဲ့ဂေဟာရှိ ကလေးငယ်များ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များ တက်ရောက်ခဲ့သည်။

လှူဒါန်းပွဲတွင် တန်ဖိုးငွေကျပ် ၆၃၈၀၀၀၀ ရှိ သံသေတ္တာ ၂၃၈ လုံးကိုလည်းကောင်း၊ ငွေကျပ် ၁၀၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး အဆိုပါလှူဒါန်းပစ္စည်းများနှင့် အလှူငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိန်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ဒေသခံပြည်သူများ သွားလာရေးလွယ်ကူစေရန် ကျောက်မဲမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်း

**သီပေါ အောက်တိုဘာ ၂၉**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် ပေ ၁၀၀၀ ကျော်ရှိ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ငွေကျပ် သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနက မတည်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းပြီးစီးမှုကို မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဒေါ်ဖြူဖြူအောင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၄ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# နန်းယွန်းမြို့နယ်အတွင်း ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားခဲ့ရသော ကျေးရွာများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မုံရွာ အောက်တိုဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း ရာသီတုပ်ကွေးရောဂါ အပြင်းအထန်ခံစားခဲ့ရသော ကျေးရွာများရှိ ပြည်သူများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အာဟာရဖြည့်အစားအစာများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ ဟဟောင်၊ ဝန်ရုတ်၊ ရှန်ဟဲနုတ်ညို၊ ရှန်ဟဲပေါ်ကွန်၊ လန်းပန်း၊ ဟချွန်းဆာကျေးရွာနှင့် ရန်နောစန်ရီကျေးရွာစသည့်ကျေးရွာခုနစ်ရွာတွင် ယခုနှစ် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရာသီတုပ်ကွေးရောဂါ ၁၃၈၆ ဦး အပြင်းအထန်ဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင် ပေးပို့သော စာရင်းများအရ သိရသည်။

ထိုသို့ ရာသီတုပ်ကွေးရောဂါ အပြင်းအထန်ခံစားခဲ့ရသော ကျေးရွာများရှိ ပြည်သူများသို့ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ငွေကျပ် ၁၆၃ သိန်းကျော်တန်ဖိုးရှိ ဆန် ၁၀ ပြည်အိတ် ၆၃၉ အိတ်၊ နို့ဆီ ၁၂၇၈ ဘူး၊ မိုင်လို ၆၃၉ ထုပ်၊ ကွေကာအုတ် ၆၃၉ ထုပ်၊ ဖန်မလီမုန့်ပုံး ၆၃၉ ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ကျေးရွာများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော လဟယ်မြို့နယ်မှ ဦးကယ်၊ ခန္တီးမြို့နယ်မှ ဦးမောင်ကေး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**



# မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလ ကြိုတင်မဲများလက်ခံလျက်ရှိ

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲကို ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားမြို့နယ်အတွက် ကြိုတင်မဲများကို ယခု ၂၄ ရက်မှ စတင်လက်ခံလျက်ရှိနေပြီဖြစ်ကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံခြင်းနှင့်ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းသီတာအောင်က "ကြိုတင်မဲများကို အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ တစ်ပိုင်းကတော့ အောက်တိုဘာ ၂၄ ရက်ကနေ နိုဝင်ဘာ ၂ ရက်အတွင်း တာဝန်နဲ့ ထွက်ခွာရမယ့် ပြည်ထောင်စုနဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတွေ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း တာဝန်တွေနဲ့ သွားလာမယ့်သူတွေ ပါဝင်ပါတယ်။ နောက်တစ်ပိုင်းကတော့ နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက် ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာတော့ ရွေးကောက်ပွဲကာလမှာ မဖြစ်မနေ တာဝန်နဲ့ ခရီးထွက်ခွာရမယ့်သူတွေကို ပေးရမှာဖြစ်ပါတယ်။

ဆက်လက်ပြီး လက်ရှိအနေနဲ့ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲတွေကို ပုံစံ (၁၅) နဲ့ တောင်းခံထားတာဆိုရင် ၁-၁ က ရှစ်ဦးရှိပါတယ်။ ၁-၃ ကတော့ သုံးဦးရှိပြီး စုစုပေါင်း ၁၁ ဦး ပြန်ပို့လာတာရှိပါတယ်။ အဲဒီမဲလက်မှတ်တွေကို ပြီးခဲ့တဲ့ ၁၈ ရက်နေ့မှာ စေ့စပ်ညှိနှိုင်းရေးကော်မတီရှေ့မှာပဲ မဲပုံးထဲထည့်ပြီး လုံခြုံရေးကြိုးချည်ပိတ်ထားပြီးဖြစ်ပါတယ်" ဟု ပြောသည်။

ကြားဖြတ်ရွေးကော်ပွဲ ကာလအတွင်း မြစ်ကြီးနားမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကျော်ရှိနေပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်နေရာအတွက် မြို့ပေါ်ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ အုပ်စု၊ တာလောကြီးနယ်မြေအတွင်း ငါးအုပ်စု၊ ဆင်ဘိုဒေသအတွင်း ၁၅ အုပ်စုတို့ဖြင့် စုစုပေါင်း နေရာ ၆၀ တို့တွင် မဲရုံပေါင်း ၁၁၄ ရုံရှိကြောင်းနှင့် ကိုယ်စားလှယ်လောင်းနေရာအတွက် ကချင်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ စသည့်ပါတီငါးခုမှ ကိုယ်စားလှယ်လောင်း ငါးဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း တစ်ဦးတို့ ရွေးကောက်ခံပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံများသို့ ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ မဲရုံသုံးပစ္စည်းများထုတ်ပေးခြင်းနှင့် မဲရုံများပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြိုတင်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ပဲခူးခရိုင်အတွင်းမှ မြို့နယ်တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း




**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ပဲခူးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၏ စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်း အမှတ်စဉ် (၁/ ၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် ပဲခူးခရိုင်နှင့် ခရိုင်အတွင်းရှိ တရားသူကြီးများအား တွေ့ဆုံ၍ မှုခင်းလက်ကျန်များကို မှန်မှန်နှင့် မြန်မြန်ပြီးပြတ်အောင် ကြိုးစားဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူနှင့် အဂတိကင်းရှင်းအောင် လုပ်ကိုင်ရေး၊ လုံခြုံရေး၊ သန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ဂရုစိုက်ဆောင်ရွက်ရေး၊ သက်သေခံပစ္စည်းများ စနစ်တကျစီမံဆောင်ရွက်ရေးနှင့် သက်သေစရိတ်များ တိကျမှန်ကန်စွာ ထုတ်ပေးရေး၊ တရားသူကြီးကျင့်ဝတ်နှင့်အညီ နေထိုင်ပြောဆိုဆက်ဆံရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)နှင့် ရွှေပါရမီပဲနို့အာဟာရဖောင်ဒေးရှင်းတို့မှ ပဲနို့ကြိတ်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**မကွေး အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စည်ဆွဲကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဇေယျသုခအောင်ချမ်းသာဓမ္မာရုံ၌ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ) နှင့် ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်းတို့မှ ပဲနို့ကြိတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် စည်ဆွဲကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဃောသိတက ဩဝါဒကထာချီးမြှင့်ပြီး ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်း ကိုယ်စား ရွှေပါရမီ ကုသိုလ်ဖြစ်မေတ္တာဆေးခန်းနှင့် ပညာဒါနစာသင်ခန်း (ကုန်ဇောင်း) ဥက္ကဋ္ဌ ဦးခင်မောင်ဦးက စည်ဆွဲဓမ္မစကူးသင်တန်းကျောင်းသို့ ပဲနို့စက်လှူဒါန်းရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)နှင့် ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်း အဖွဲ့ဝင်များက စည်ဆွဲဓမ္မစကူးဖောင်ဒေးရှင်းသို့ ပဲနို့စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ စည်ဆွဲကျောင်း ပဓာနနာယကဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ယင်းအသင်း၏ အဖွဲ့ဝင်အဆိုပြုလွှာ ၃၀၀ ကို တိုင်းဒေသကြီး၏ အသင်းဖြစ်မြောက်ရေးတာဝန်ခံ ဒေါ်ခင်အေးအေးဝင်းနှင့် ဒေါ်ကြီးမြင့်တို့ထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ကလေးများအား ပဲနို့အာဟာရတိုက်ကျွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူကျေးရွာသားများအား ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)၏ အသင်းအကြောင်းနှင့် ပဲနို့အာဟာရ ဆက်လက်တိုက်ကျွေးသွားမည့် ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး (ငဖဲ)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၀၉၅ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၅ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၉ ⋅ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ⋅ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၁ ⋅ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၀ ⋅ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၅ ⋅ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ⋅ ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၀၃၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ⋅ ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ⋅ ၉၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ⋅ ၇၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ရှေးဟောင်းပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံ

မောင်သာ(ရှေးဟောင်းသုတေသန)

**နိုင်ငံတစ်ခု၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်ကို ကြွင်းကျန်နေသည့် ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအထောက်အထားများဖြင့် ခန့်မှန်းဖော်ထုတ်နိုင်သည်။ ယဉ်ကျေးမှုအဆင့်မြင့်လေ အမွေအနှစ်များစွာကျန်ရှိလေဖြစ်သဖြင့် ယနေ့ ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံများတွင်ရှိနေသည့် ရှေးဟောင်းအထောက်အထားများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းလျက် ရှိကြပေသည်။**

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)သည် ကမ္ဘာ့နေရာဒေသအသီးသီး၌ တည်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်(World Heritage)နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World)ဟု အမျိုးအစားနှစ်ခု ခွဲခြားကာ နှစ်နှစ်လျှင်တစ်ကြိမ် စိစစ်ထုတ်ပြန်ပေးလျက်ရှိသည်။ လူသားများ၏ အတိတ်သမိုင်း အထောက်အထားများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် လူ့ယဉ်ကျေးမှုသမိုင်းကို တန်ဖိုးထားနိုင်ခဲ့ကြပေသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားခဲ့မှုဖြစ်စဉ် ရှည်လျားသောနိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် ရှေးဟောင်းအမွေအနှစ်များစွာ ကျန်ရှိနေခဲ့သည်။ ယင်းတို့ကို ၁၉၀၀ ခုနှစ်မှစတင်၍ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ရှာဖွေဖော်ထုတ်ထိန်းသိမ်းခဲ့သဖြင့် မြန်မာ့ယဉ်ကျေးမှု အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် များစွာအထောက်အကူဖြစ်ခဲ့သည်။

မျက်မှောက်ခေတ်တိုင်အောင်ကျန်ရှိနေသည့် ယဉ်ကျေးမှုနှင့် သမိုင်းအထောက်အထားများသည် ရေရှည်တည်တံ့စေရန် လိုအပ်သဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်သည် ဥပဒေများ ပြဋ္ဌာန်း၍ ကာကွယ်ခဲ့ရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၅ ဇူလိုင် ၂၂ ရက်တွင်လည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၅ ဩဂုတ် ၂၆ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။

### ဥပဒေများ၏ ရည်ရွယ်ချက်များ

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေတို့၏ ရည်ရွယ်ချက်များမှာ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများ အဓွန့်ရှည် တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ယိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊ ယင်းတို့၏ တန်ဖိုးမြင့်မားမှုကို အများပြည်သူ သိရှိနားလည်စေရန်၊ ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ ရှေးဟောင်းအဆောက်အအုံများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်နှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီဆောင်ရွက်ရန် ဖြစ်ပေသည်။

### ရှေးဟောင်းဝတ္ထုပစ္စည်း

နိုင်ငံအတွင်းတည်ရှိနေသည့် ရှေးဟောင်းပစ္စည်းများကို စောင့်ရှောက်နိုင်ရန် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းဝတ္ထုပစ္စည်းသည် မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင် ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ၊ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သည့် အရာဝတ္ထုများဖြစ်သည်။ ပြည်ပနိုင်ငံတစ်ခုခုတွင်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ အကြောင်းတစ်ရပ်ရပ်ကြောင့်ရောက်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းသည် မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းပစ္စည်းဖြစ်သည်။

ဥပဒေအရ ရှေးဟောင်းပစ္စည်းများကို-

(က)လူနှင့် တိရိစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများအပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

(ခ)ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊

(ဂ) အများပြည်သူတို့ ယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင် အနုပညာလက်ရာများ

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်ဖြစ်စေ အရိုး၊ အစွယ်၊ ဦးချို၊ သစ်သား သို့မဟုတ် ဝါးဖြင့်ဖြစ်စေ ပြုလုပ်ထားသည့် လက်နက်ကိရိယာများ

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသောဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့်ပြုလုပ်ထားသည့် ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့် ငွေခွက်များ အပါအဝင် ငွေကြေးအဖြစ် ထုထွင်းသွန်းလောင်းထားသော သတ္တုပစ္စည်းများ

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သား၊ အရိုး၊ ဦးချို၊ အစွယ်တို့ဖြင့်ဖြစ်စေ ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတု၊ ရုပ်လုံးရုပ်ကြွများ အပါအဝင် ထုဆစ်ထားသောဝတ္ထုပစ္စည်းများ

(ဆ) မြန်မာ့မင်းခမ်းတော်နှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့် လှည်းများ အပါအဝင် ခရီးသွားယာဉ်များ

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေပေါ်တွင် ရေးထားသောစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ အက္ခရာ၊ တံဆိပ်တုံးနှင့် တံဆိပ်များ အပါအဝင် စာပေဆိုင်ရာပစ္စည်းများ

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှုအနုပညာပစ္စည်းများ

(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ် ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တုပုံဖော်လက်ရာ ပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များ အပါအဝင် အနုပညာလက်ရာပစ္စည်းများ

(ဌ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီ အဝတ်အစားများ အပါအဝင် အဝတ်အထည်များ

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ

(ဎ) အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ အပါအဝင် အချိန်အတွယ်အတိုင်းအတာအဖြစ်အသုံးပြုသော ကိရိယာများ

(ဏ) ထွန်၊ ထယ်၊ အိုး လက်ခတ်နှင့် ရက်ကန်းသုံးပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ၊ အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှု အသုံးအဆောင်ပစ္စည်းများ

(ထ) ဗုံ၊ မောင်း၊ ပုလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ

(ဒ) ဆင်၊ မြင်း၊ ကျွဲ၊ နွား အပါအဝင် တိရိစ္ဆာန်များတွင် ဆင်ယင်သော အဆင်တန်ဆာပစ္စည်းများ

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများ အပါအဝင် မြန်မာ့ရိုးရာ ကလေးကစားစရာပစ္စည်းများ

(န) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် မှတ်တမ်းထားရှိသည့် အခြားအရာဝတ္ထုပစ္စည်းများဟု သတ်မှတ်ထားသည်။

### ရှေးဟောင်းအဆောက်အအုံများ

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအဆောက်အအုံများတွင်

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာနများ၊ ဥယျာဉ်များ၊ အလုပ်လုပ်ရာဌာနများနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ



မန္တလေးမြို့မှ ရှေးဟောင်းအဆောက်အအုံ ဘုန်းကြီးကျောင်းတစ်ကျောင်း

> **“ နိုင်ငံတစ်ခု၏ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းကို ဖော်ထုတ်ကြရာတွင် ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိမှုများသည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်း ဒြပ်ရှိ ဒြပ်မဲ့ ပစ္စည်းများကို နည်းအသွယ်သွယ်ဖြင့် ရှာဖွေဖော်ထုတ်၍ သေးငယ်သော အိုးကွဲစလေးများမှသည် ကြီးမားသော ရှေးဟောင်းအဆောက်အအုံများအထိ ဒြပ်ရှိပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကာ မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဂုဏ်ယူကြ ”**

(ဂ) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြား ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ နေရာများ အပါအဝင် ဘူမိ သဘာဝပတ်ဝန်းကျင်နေရာများ

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖိုနှင့် အခြား သတ္တုကျိုချက်သည့်ဖိုများနှင့် ဆက်စပ်နေရာများ

(င) ရှေးဟောင်းအဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ်ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သောအဆောက်အအုံ၊ ဂူ၊ ပြာသာဒ်

(စ) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ယင်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာ၊ ဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ

(ဆ) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ

(ဇ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ်သတ်မှတ်သည့် အခြားအဆောက်အအုံများ ပါဝင်သည်။

### ကာကွယ်ထိန်းသိမ်းခြင်း

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရာတွင် ဖုံးအုပ်ကာကွယ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်း၊ အသစ်ပြန်လည်ပြင်ဆင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့် ဓာတုဗေဒနည်း အပါအဝင် အခြားသောနည်းလမ်းများဖြင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သည်။

ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းရာတွင် အဆောက်အအုံနှင့် ယင်း၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အဆောက်အအုံကို ဝင်းခြံကာရံခြင်း၊ အလွယ်တကူဝင်ထွက်နိုင်ရန် လိုအပ်ချက်နှင့်အညီ ပြုလုပ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ် ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အင်ဂျင်နီယာနည်းလမ်း၊ ဓာတုဗေဒနည်းလမ်းနှင့် အခြားနည်းလမ်းများ အပါအဝင် သိပ္ပံနည်းကျ ပြုပြင်ကာကွယ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပေသည်။

တရားမဝင်သောနည်းလမ်းများဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ တရားမဝင်ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူများက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်နှင့် ကာကွယ်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်စေရန် ပညာပေးခြင်းကိုလည်း ဆောင်ရွက်ကြရပေသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရှိရန် ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းနိုင်သကဲ့သို့ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းသူမရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းနိုင်သည်။ ထို့အတူ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားကြောင်း နည်းဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ဝန်ကြီးဌာနပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်း၊ ခင်းကျင်းပြသခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ဒေသဆိုင်ရာပြတိုက်များတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေမည့် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကိုပြသရန် ညွှန်ကြားနိုင်သည်။

ရှေးဟောင်းအဆောက်အအုံများကိုလည်း ပြုပြင်မွမ်းမံရန်နှင့် မပျက်စီးအောင်ထိန်းသိမ်းရန် ပိုင်ရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်မှုမရှိသော ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတော်ပိုင်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊ နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိ၍ ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

### နိုင်ငံတော်သို့အပ်နှံခြင်း

ပုဂ္ဂိုလ်တစ်ဦးဦးသည် တစ်နည်းနည်းဖြင့်ပိုင်ဆိုင်ထားသည့်၊ လက်ဝယ်ရရှိထားသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို အပ်နှံလာလျှင် နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်လက်ခံကာ ချီးမြှင့်ငွေများကို ပေးအပ်သည်။ ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံသူများအား ထိုက်တန်သောကာလတန်ဖိုးအပြင် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးကိုပါ ချီးမြှင့်သကဲ့သို့ အဆောက်အအုံအပ်နှံသူကိုလည်း သင့်လျော်သော ချီးမြှင့်ငွေကို ပေးအပ်လျက်ရှိသည်။

ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းလျှင်ပျက်စီးမည့်အန္တရာယ် ရှိနိုင်ပါက ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးကိုပါ ထပ်ဆောင်းချီးမြှင့်၍ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိပေသည်။ သို့သော် ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်း၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းများအရ လက်ရှိအသုံးပြုနေသည့် ရှေးဟောင်းအဆောက်အအုံပိုင်ရှင်က မိမိ သို့မဟုတ် မိမိဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သောအကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများ မပါဝင်ချေ။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့၏ ယဉ်ကျေးမှုသမိုင်းကိုဖော်ညွှန်းသည့် ဒြပ်မဲ့ ဒြပ်ရှိ ဝတ္ထုများ ရှိကြမြဲဖြစ်ပေသည်။ ဒြပ်မဲ့ပစ္စည်းသည် ကိုင်တွယ်ထိတွေ့၍မရသည့် ဘာသာစကား၊ ထုံးတမ်းဓလေ့၊ အတီးအမှုတ်၊ အကအခုန်၊ အားကစားနည်း၊ အနုပညာ၊ စာပေအရေးအသားစသည် စသည်တို့ဖြစ်ပြီး ဒြပ်ရှိပစ္စည်းဟူသည်ကား မြင်နိုင်၊ တွေ့ထိနိုင်သမျှသော ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ကြသည်။

နိုင်ငံတစ်ခု၏ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းကို ဖော်ထုတ်ကြရာတွင် ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိမှုများသည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်း ဒြပ်ရှိ ဒြပ်မဲ့ ပစ္စည်းများကို နည်းအသွယ်သွယ်ဖြင့် ရှာဖွေဖော်ထုတ်၍ သေးငယ်သော အိုးကွဲစလေးများမှသည် ကြီးမားသော ရှေးဟောင်းအဆောက်အအုံများအထိ ဒြပ်ရှိပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကာ မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဂုဏ်ယူကြရပေသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မူဝါဒသုံးရပ်၊

*စာမျက်နှာ ၂၄ သို့*

# စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ဦးစားပေးကုန်စည် ကိုးမျိုးအား မြန်မာဘာသာဖြင့် ဖော်ပြရမည်ဟု ထုတ်ပြန်ကြေညာ



**မန္တလေး အောက်တိုဘာ ၂၉**

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် ဘေးကင်းလုံခြုံရေးအတွက် ဈေးကွက်ထဲတွင် ရောင်းချမည့် ကုန်စည်များအား သတင်း၊ အချက်အလက်နှင့် ညွှန်ကြားချက်များကို မြန်မာဘာသာ(သို့မဟုတ်) မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု တွဲလျက်ဖြစ်စေဖော်ပြရမည်ဟု အမိန့်ကြော်ငြာစာတစ်ခုကို စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက အောက်တိုဘာ ၂၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူအကာအကွယ်ပေးရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လုပ်ငန်းရှင်တွေအနေနဲ့ သုံးစွဲဖို့အညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတင်းပေးချက်တွေနဲ့ ဘေးထွက်ဆိုးကျိုးတွေကို မြန်မာဘာသာနဲ့ ဖော်ပြရမှာ ဖြစ်ပါတယ်။ လိုက်နာမှုမရှိရင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူသွားမှာဖြစ်ပါတယ်။ အခု အမိန့်ကြေညာစာထုတ်ပြီး ခြောက်လပြည့်တာနဲ့ အရေးယူမှုတွေကို လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါထုတ်ပြန်ချက်တွင် ဦးစားပေးကုန်စည်များအဖြစ် အစားအသောက်များတွင် အချိုရည်နှင့်ယိုမျိုးစုံ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသားနှင့် အသားထွက်ပစ္စည်းများ၊ ဥနှင့်ဥထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွတ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အရန်သင့် အစားအစာအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ဆေးလိပ်အမျိုးမျိုး၊ ယမကာအမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့် အခြားပြုပြင်ထုပ်ပိုးထားသော စားသောက်ကုန်အမျိုးမျိုး၊ ထို့အပြင် အိမ်သုံးပစ္စည်းများထဲတွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးတို့နှင့် ကလေးအသုံးအဆောင်ပစ္စည်းများတွင် ကလေးလက်တွန်းလှည်း၊ ကလေးလမ်းလျှောက်ကွင်း၊ ကလေးကစားစရာအရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ ကလေးပုခက်အမျိုးမျိုး၊ ကလေးတစ်ကိုယ်ရေသန့်ရှင်းသုံး ပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။

ထို့အပြင် ဆက်သွယ်ရေးသုံးပစ္စည်းများတွင် ကြိုးဖုန်း(သို့မဟုတ်) ကြိုးမဲ့ဖုန်းအမျိုးမျိုး၊ လက်ကိုင်ဖုန်းနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့်ဖြည့်စွက်စာများတွင် ဆရာဝန် ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးအမျိုးမျိုး (သောက်ဆေးလိမ်းဆေး)၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး၊ ဓာတုပစ္စည်းများ စိုက်ပျိုးရေးသုံးဓာတ်မြေ သြဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များတွင် အသုံးပြုသော ဓာတုပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းများထဲတွင် အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် ဆံပင်ပြုပြင်ရန် သုံးစွဲပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းများတွင် သွားတိုက်ဆေး၊ ဆပ်ပြာအမျိုးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများထဲတွင် စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာ၊ ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းများတွင် အဓိကဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။

**အေဗီကေ(မန်းကိုယ်ပွား)**

# တိရစ္ဆာန်ကောင်ရေစာရင်း အတိအကျကို ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က သတ်မှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအရ စာရင်းဇယားများ မှန်ကန်တိကျစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယခုနှစ် ဇန်နဝါရီလမှစတင်ကာ တိရစ္ဆာန်ကောင်ရေစာရင်းများကောက်ယူခဲ့ရာ ဒီဇင်ဘာလတွင် စာရင်းအတိအကျ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

တိရစ္ဆာန်ကောင်ရေ စာရင်းများကောက်ယူရာတွင် ကျေးလက်ဒေသရှိ တစ်ပိုင်တစ်နိုင် မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူပြီး ရှေ့ပြေးအကြမ်းဖျင်းထုတ်ပြန်ထားကာ ဒီဇင်ဘာလတွင် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပြောကြားသည်။

"တိရစ္ဆာန်ကောင်ရေ စာရင်းကို နောက်ဆုံးကောက်ခဲ့တာက ၁၉၉၂ ခုနှစ် အတောအတွင်းက ကောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မကောက်ဖြစ်တော့ဘူး။ စာရင်းဇယားကို ခန့်မှန်းခြေနဲ့ပဲ တိရစ္ဆာန်စာရင်းကို သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကလည်း တိုင်းပြည်စီးပွားရေး တိုးတက်ဖို့ဆိုတဲ့ လမ်းကြောင်းဖြစ်ပြီးတော့ တိရစ္ဆာန်ကောင်ရေစာရင်းကို အတိုးနဲ့ပဲ တွက်ချက်ပြီးတော့ သွားခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်က အခြေအနေတွေ အများကြီးပဲ ပြောင်းလဲနေတယ်။ ဘယ်လိုပြောင်းလဲနေတာလဲဆိုတော့ တိရစ္ဆာန်တွေ လျော့ပါးစေတဲ့ အကြောင်းရင်းတွေရှိတယ်။ မှောင်ခိုရောင်းနေတာတွေရှိတယ်။ မှောင်ခိုရောင်းရင် ဘယ်တော့မှ ဈေးမရဘူး။ နောက်ပြီးတော့ သဘာဝဘေးအန္တရာယ်တွေ ကြုံတာလည်းရှိတယ်။ ဒါကြောင့်မို့ တိရစ္ဆာန်စာရင်းက ၂၀၃၀ ပြည့်နှစ်အတွင်း အပြောင်းအလဲတွေ အများကြီးရှိလာတယ်။ စာရင်းဇယားနဲ့ ခန့်မှန်းတာတွေက မတိကျတော့ဘူး။ အဲဒီတော့နိုင်ငံကလည်း ပြောင်းလဲလာပြီး ခေတ်စနစ်တွေလည်း ပြောင်းလဲလာပြီဖြစ်တဲ့အတွက် မှန်မှန်ကန်ကန်လုပ်ဖို့ လိုအပ်လာပါတယ်။ အဲဒီအတွက် ဌာနမှာရှိတဲ့ စာရင်းဇယားတွေ မှန်ကန်ဖို့လိုလာပြီဖြစ်တဲ့အတွက် ဒီအစိုးရတက်တဲ့ နှစ်မှာပဲ တိရစ္ဆာန်စာရင်း ကောက်ယူဖို့ ကြိုးစားတဲ့အခါမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး တစ်ပိုင်တစ်နိုင် တိရစ္ဆာန်စာရင်းကို ကောက်လိုက်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ ကောက်ပြီးသွားပြီ။ အဲဒီစာရင်းဇယားတွေကို မှန်ကန်ရဲ့လား ပြန်လည်စစ်ဆေးတာတွေလုပ်ရတယ်။ စာရင်းဇယားတွေကို ဆန်ခါတင်စစ်ဆေးတာပေါ့။ မှန်ပြီဆိုတော့မှ စာရင်းအင်းပညာနဲ့ တွက်ချက်တဲ့နည်းကို ဆောင်ရွက်နေပါတယ်။ ပြီးသလောက်နီးပါးရှိနေပါပြီ။ မကြာခင် ထုတ်ပြန်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမှုကို တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများတွင်သာမက စီးပွားဖြစ် မွေးမြူရေးခြံများကိုပါ ၂၀၁၉ ခုနှစ်တွင် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်ကတွက်ချက်ထားတာထက်စာရင် တိရစ္ဆာန်တွေလျော့ပါးသွားတယ်။ အရင်တုန်းက စာရင်းမှာ ၁၄ သန်းလောက်ရှိတာ။ အခုတော့ ၁၀ သန်းလောက်ပဲရှိတာကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် စာရင်းအင်းအရ အမှန်ကန်ဆုံး၊ အနီးစပ်ဆုံးကို ရရှိလာပြီ။ နောင်ကို ဘာပဲလုပ်လုပ် စာရင်းဇယားမှာ အခြေခံပြီး ကျွန်တော်တို့ဌာနက ဆောင်ရွက်တာတွေဟာ ဒီဖြစ်ရပ်နဲ့ နီးစပ်တဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိသွားမှာဖြစ်ပါတယ်။ အစတုန်းကတော့ အရင်ရှိပြီးသား စာရင်းဇယားကို အခြေခံပြီး ပြုလုပ်ရတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ၊ မှန်လားမှားလားဆိုတာကို သိပ်မဆုံးဖြတ်နိုင်ဘူး။ အခုဆိုရင်တော့ မှန်ကန်တဲ့စာရင်းဇယားပေါ်မူတည်ပြီး မိမိနိုင်ငံအတွက် ဖွံ့ဖြိုးမှုဘာတွေလုပ်ရမယ်ဆိုတာကို သိရှိပြီးဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



**သိမ့်သိမ့်မိုး**

**ဓာတ်ပုံ-သိန်**

# မန္တလေး၌ စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးခရိုင် (Book Club) စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် စာရေးဆရာ လက်ာရည်ကျော် ရေးသားသည့် ကျောက်စရစ်ခဲကလေးများမှတစ်ဆင့် စာဖတ်ဝိုင်းကို အောက်တိုဘာလနောက်ဆုံးပတ်က မန္တလေးခရိုင် လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်းဥက္ကဋ္ဌ ဆရာဦးထိန်ဝင်းမွန် (အနီမောင်)က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စာရေးဆရာများက ကျောက်စရစ်ခဲကလေးများမှတစ်ဆင့် စာအုပ်နှင့်ပတ်သက်၍ မိမိဖတ်ရှုခဲ့သည်များကို ပြန်လည်မျှဝေပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# နွားမေထုန်မဲ့ သားစပ်နည်းဖြင့် မျိုးမြှင့်တင်ခြင်း စတင်ဆောင်ရွက်

**မိုးနဲ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ဒေသတွင်းနွားမျိုးများ မျိုးကောင်းမျိုးသန့်ပြန့်ပွားစေရေး၊ နွားမွေးမြူရေးဆိုင်ရာ နည်းပညာများ ဒေသခံပြည်သူများကို ဖြန့်ဖြူးနိုင်ရန် အဓိကရည်ရွယ်ချက်ဖြင့် နိုင်ငံခြားနွား(ဘရာမင်)မျိုးရည်ချောင်းများဖြင့် နွားမေထုန်မဲ့ သားစပ်ခြင်းကို နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ဒေသတွင်းနွားများ မျိုးကောင်းမျိုးသန့် ပြန့်ပွားလာခြင်း၊ နွားသားပေါက်အား အချိန်တိုအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် မွေးမြူရေးသမားများအတွက် အကျိုးအမြတ် ဖြစ်ထွန်းစေခြင်းနှင့် နောင်တွင် မွေးမြူသူကိုယ်တိုင် သားစပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်လည်း မေထုန်မဲ့ သားစပ်နည်းပညာပေးသင်တန်းနှင့် မွေးမြူရေးဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ရှာငံမြို့နယ် အလယ်ချောင်ရေတံခွန်၌ လာရောက်လည်ပတ်သူများစည်ကား

**ရှာငံ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် အလယ်ချောင်ရေတံခွန်၌ သီတင်းကျွတ်ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အလယ်ချောင်ရေတံခွန်သည် ရှာငံမြို့မှ မိုင် ၂၀ ဝေးပြီး ရှာငံ-အောင်ပန်းလမ်းမကြီးမှ အတွင်းသို့ နောက်ထပ်နှစ်မိုင် ဆက်ဝင်ရသည်။ ကတ္တရာလမ်းကောင်းဖြစ်ပြီး အတက်အဆင်းပြေပြစ်သဖြင့် သွားလာရလွယ်ကူသည်။ အလယ်ချောင်သို့ရောက်ရှိသောအခါ သဘာဝတောလမ်းအတိုင်း ရေတံခွန်သို့သွားရပြီး လမ်းပတ်ဝန်းကျင်၌ ဒေသခံတောင်သူတို့၏ လက်ဖက်၊ ကော်ဖီ၊ လိမ္မော်စိုက်ခင်းများကို လေ့လာနိုင်သည်။

ရေတံခွန်သို့ မိနစ် ၂၀ ကျော်သွားရကာ သာယာလှပပြီး သဘာဝအလယ်ချောင်ရေတံခွန်ကို ရောက်ရှိသည်။ ရေတံခွန်သည် စရည်းတောင်ပေါ်မှအဆင့်ဆင့်ဖြာကျစီးဆင်းလာပြီး ရေတံခွန်သည် အမြင့်ပေ ၂၀၊ ပေ ၅၀ စသည်ဖြင့် နေရာပေါင်းစုံမှ စီးဆင်းလာသည်ကို မြင်တွေ့နေရသည်။ ရေတံခွန်စီးဆင်းလာရာ စရည်းတောင်သည် ထုံးကျောက်တောင်ဖြစ်နေသဖြင့် ထုံးကျောက်တောင်တို့၏ သဘာဝအတိုင်း ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်ခဲများကြားမှ လှလှပပ စီးဆင်းလာသည်ကိုလည်း လာရောက်လည်ပတ်ကြသူများ နှစ်ခြိုက်သဘောကျကြပြီး ရေတံခွန်၌ အဆင့်ပေါင်းကိုးဆင့်ရှိကြောင်း သိရသည်။

ဒေသခံတို့၏ ပြောပြချက်အရ အလယ်ချောင်ရေတံခွန်သည် ရှေးယခင်ကတည်းကတည်ရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အသွားအလာနည်းပါးခဲ့ပြီး ယခုအခါ ရှာငံ-ပင်းတယဖြတ်လမ်းဖောက်လုပ်အပြီး လွန်ခဲ့သည့် လေးငါးနှစ်မှစတင်၍ လာရောက်သူများပြားလာကြောင်း သိရသည်။

အလယ်ချောင်ရေတံခွန်သို့ လာရောက်သူများသည် ရှာငံမြို့နယ်အတွင်းတည်ရှိနေသည့် ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ မိန်းမရဲသခင်မတောင် စသည့်အထင်ကရနေရာများကို လာရောက်လည်ပတ်ရင်း အလယ်ချောင်ရေတံခွန်သို့ပါ တစ်ဆက်တည်းလာရောက်ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

## အခန်း(၃)

### လူမွဲပိုင်ပစ္စည်းများအား ကာကွယ်ပေးခြင်းနှင့် လူမွဲ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးခြင်း

### လူမွဲပိုင်ပစ္စည်းများ

၂၆၉။ (က) ဤအပိုင်း(၈)ပါ ပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် အောက်ပါပစ္စည်းများ ပါဝင်ရမည်-

(၁) လူမွဲဖြစ်မှုစတင်ချိန်တွင် လူမွဲက ပိုင်ဆိုင်သော သို့မဟုတ် ၎င်းထံတွင် ဆက်ခံပိုင်ဆိုင်သော ပစ္စည်းများ အားလုံး၊

(၂) ဤမှနောက်တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များအရ ထိုပစ္စည်းများတွင် ပါဝင်သည်ဟု သတ်မှတ်ထားသော ပစ္စည်းများအားလုံး သို့မဟုတ် ပုဒ်မခွဲငယ် (၁) အတွင်း ကျရောက်သည်ဟု မှတ်ယူထားသော ပစ္စည်းများအားလုံး။

(ခ) ပုဒ်မခွဲ (က) တွင်ဖော်ပြထားသော လူမွဲပိုင်ပစ္စည်းများတွင် ဤဥပဒေအရ သတ်မှတ်ထားသည့် ဖယ်ထုတ်ရမည့်ပစ္စည်းများ ပါဝင်ခြင်း မရှိစေရ။

(ဂ) ဤအပိုင်းပါပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် လူမွဲမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ပါရှိလျှင် ယင်းတို့ကို ထိခိုက်စေခြင်း မရှိစေရ။ သို့ရာတွင် မြီစားအား လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာနှင့်အတူ ဤဥပဒေ ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁) အရ သတ်မှတ်ထားသော ဖော်ပြချက်ပါ အခွင့်အရေးများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

### လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းအပေါ် ကန့်သတ်ချက်များ

၂၇၀။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်နေ့မှစ၍ ဤအခန်း (၄)ပါ ပြဋ္ဌာန်းချက်များအရ ယုံမှတ်အပ်နှံခြင်း ခံရသူ၏လက်ဝယ်သို့ လူမွဲပိုင်ပစ္စည်းများအား လွှဲပြောင်းအပ်နှံပြီးသည်အထိ သက်ဆိုင်စေရမည်။

(ခ) တစ်ဦးတစ်ယောက်အား လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ရာတွင် ဤပုဒ်မ၌ ဖော်ပြထားသည့်အချိန်ကာလအတွင်း လူမွဲဖြစ်သူမှ ၎င်းပိုင်ပစ္စည်းအား စီမံခန့်ခွဲခြင်းသည် တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် တရားရုံးက အတည်ပြုပေးခဲ့သော အတိုင်းအတာအထိမှတစ်ပါး ပျက်ပြယ်စေရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များသည် လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သကဲ့သို့ ငွေပေးချေမှုများနှင့်လည်း သက်ဆိုင်စေရမည့်အပြင် ငွေပေးချေမှုတစ်ရပ်သည် ယင်းပုဒ်မခွဲအရ ပျက်ပြယ်သည့်အခါ ထိုပေးချေမှုကို လက်ခံရယူထားသူသည် ယင်းသို့ပေးချေခဲ့သောငွေပမာဏကို လူမွဲပိုင်ပစ္စည်းများ၏ အစိတ်အပိုင်းအဖြစ် ထိန်းသိမ်းထားရှိရမည်။

(ဃ) အထက်ပါပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်ကို ဆန့်ကျင်၍ ကုစားမှု ပေးသည်ဟု မှတ်ယူခြင်း မပြုရ -

(၁) လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းပြီးနောက် လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ ထိုသို့ လျှောက်လွှာတင်သွင်းထားခြင်းကို တစ်စုံတစ်ဦးက မသိရှိဘဲ သဘောရိုးဖြင့် တန်ရာတန်ကြေးပေးကာ ရယူခဲ့သောပစ္စည်း သို့မဟုတ် ငွေပေးချေမှုတစ်ရပ်ရပ်၊

(၂) ဤပုဒ်မခွဲအရ ကုစားခွင့် မရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်တစ်ရပ်ရပ်။

(င) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲကဘဏ် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်ထံမှ ကြွေးမြီရယူခဲ့ရာတွင် ယင်းသို့ရယူမှုမှာ ဤပုဒ်မအရ ပျက်ပြယ်သော ပေးချေမှုကြောင့်ဖြစ်သော်လည်း ထိုကြွေးမြီမှာ အောက်ပါအခြေအနေတစ်ရပ်အရဖြစ်လျှင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ အလို့ငှာ ထိုကြွေးမြီကို လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ တင်ရှိသော ကြွေးမြီဖြစ်ကြောင်း မှတ်ယူရမည် -

(၁) ကြွေးမြီရယူစဉ်က ထိုမြီစားမှာ လူမွဲဖြစ်ကြောင်းကို ထိုဘဏ် သို့မဟုတ် ထိုသူက မသိရှိခဲ့လျှင်၊ သို့မဟုတ်

(၂) ထိုပေးချေမှုကို လက်ခံခဲ့သူထံမှ ထိုငွေပမာဏကို ပြန်လည်ရရှိရန်မှာ ကျိုးကြောင်းဆီလျော်မှုမရှိခြင်း မဟုတ်လျှင်။

(စ) ပစ္စည်းတစ်ရပ်သည် လူမွဲပိုင်ပစ္စည်း မဟုတ်လျှင် သို့မဟုတ် လူမွဲပစ္စည်းတွင် ပါဝင်ခြင်း မရှိလျှင် ထိုပစ္စည်းများကို စီမံခန့်ခွဲခြင်းသည် ဤပုဒ်မအရ ပျက်ပြယ်စေရမည်။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အခြားသူတစ်ဦးတစ်ယောက်အတွက် ယုံကြည်အပ်နှံထားသော လူမွဲ၏ လက်ဝယ်ရှိပစ္စည်းအား တစ်ဦးတစ်ယောက်က စီမံခန့်ခွဲမှုကို ထိခိုက်စေခြင်း မရှိစေရ။

### မှုခင်းများနှင့် ကုစားခွင့်များပေးခြင်းအပေါ် ကန့်သတ်ချက်များ

၂၇၁။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပြီးနောက် လူမွဲပိုင်ပစ္စည်းအပေါ် သက်သေထင်ရှားပြသနိုင်သောကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ မည်သည့်မြီရှင်ကမျှ အောက်ပါကိစ္စများကို ဆောင်ရွက်ခြင်း မပြုရ -

(၁) ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို လူမွဲဖြစ်သူအပေါ် သို့မဟုတ် ၎င်းပိုင်ပစ္စည်းအပေါ် ကုစားမှု တောင်းခံပိုင်ခွင့်၊ သို့မဟုတ်

(၂) လူမွဲအဖြစ်မှ ရပ်စဲခြင်းမပြုမီ တရားရုံး၏ ခွင့်ပြုချက်အရနှင့် ယင်းက သတ်မှတ်သည့်စည်းကမ်းများနှင့်အညီမှတစ်ပါး လူမွဲအပေါ် အရေးယူဆောင်ရွက်ချက် သို့မဟုတ် ဥပဒေဆိုင်ရာမှုခင်းဆောင်ရွက်ချက် တစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်တစ်ဦးက အာမခံပစ္စည်းအား အတည်ပြုဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်အရ မှုခင်းကို ဆက်လက်ဆောင်ရွက်နေစဉ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို သို့မဟုတ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက်ပိုင်း မည်သည့်အချိန်တွင်မဆို တရားရုံးသည်လူမွဲအပေါ် သို့မဟုတ်၎င်းပိုင်ပစ္စည်းအပေါ် ဆောင်ရွက်နေသည့် အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီအတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေဆိုင်ရာမှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆိုင်းငံ့ထားနိုင်သည်။

(ဃ) တစ်စုံတစ်ယောက်အပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်တင်သွင်းထားကြောင်း သို့မဟုတ် ထိုသူသည် လူမွဲဖြစ်မှုမရပ်စဲသေးကြောင်း သက်သေထင်ရှားသည့်အခါ ထိုသူအပေါ် စစ်ဆေးနေသော တရားရုံးသည် ထိုမှုခင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်တော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များသတ်မှတ်၍ ဆက်လက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(င) တစ်နည်းနည်းဖြင့်ပေါင်နှံခြင်း သို့မဟုတ် အာမခံပေး၍ ပေါင်နှံခြင်းဖြင့် လူမွဲဖြစ်မှု မရပ်စဲသေးသော လူမွဲမှပိုင်ဆိုင်သည့် ကုန်စည်များကို တစ်စုံတစ်ယောက်က လက်ဝယ်ရယူထားသည့်ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ယင်းပစ္စည်းကို စစ်ဆေးလိုကြောင်း လက်ဝယ်ရယူထားသူထံသို့ အကြောင်းကြားစာပေးပို့၍ ကြည့်ရှုစစ်ဆေးနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ အကြောင်းကြားစာတစ်ရပ် ပေးပို့ထားခဲ့သည့်ကိစ္စတွင် ထိုပစ္စည်းလက်ဝယ်ရှိသူအနေဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအား ထိုကုန်ပစ္စည်းကို စစ်ဆေးရန်အခွင့်အရေးနှင့် လူမွဲအားပြန်လည်ရွေးနုတ်ရန် အခွင့်အရေးကို ကျိုးကြောင်းဆီလျော်စွာ ပေးအပ်ခဲ့ခြင်းမရှိလျှင် ထိုသူသည် မိမိရရှိထားသော အာမခံပစ္စည်းအား ထုခွဲရောင်းချခြင်းကို တရားရုံး၏ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခွင့် မရှိစေရ။

(ဆ) လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်သည် လူမွဲပိုင်ပစ္စည်းတွင် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားသည့် လူမွဲ၏ ပစ္စည်း သို့မဟုတ် ကုန်စည်ဆိုသည့်စကားရပ်တွင် ပါဝင်စေရမည်။

### ယာယီပစ္စည်းထိန်းအား ခန့်အပ်ရန်အခွင့်အာဏာ

၂၇၂။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားပြီးနောက် ထိုအမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို မြီစား၏ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည်ဟု ထင်မြင်ယူဆပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ခ) အပိုင်း (၆) လုပ်ငန်းစဉ်ကို ဆောင်ရွက်ခံရသူတစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းအပိုင်း (၆) လုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေးအကြံပေးအား တရားရုံးက ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ဂ) ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် တရားရုံးသည် ယာယီပစ္စည်းထိန်း၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ချုပ်ချယ်သည့် တားမြစ်ချက်များအား ထည့်သွင်းချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ပိုင်းကို ယာယီပစ္စည်းထိန်းက ချက်ချင်းလက်ရောက်ရယူစေရန် ယင်းအမိန့်တွင် ထည့်သွင်းချမှတ်ရမည်။

(င) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် ယာယီပစ္စည်းထိန်းမှ အခါအားလျော်စွာ ရရှိခွင့်ရှိမည့် အခကြေးငွေကို သတ်မှတ်ဖော်ပြနိုင်သည်။

(စ) တရားရုံးက ပုဒ်မခွဲ(ဂ)အရ အမိန့်တစ်ရပ်ချမှတ်ခြင်း မပြုလျှင် ဤပုဒ်မအရ ခန့်အပ်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးသည် မြီစားပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေး၊ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များ ရရှိစေရမည်-

(၁) မြီစားပိုင်ပစ္စည်းများတွင် ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများ သို့မဟုတ် အမှုအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုပါက တန်ဖိုးယုတ်လျော့သွားနိုင်သော ကုန်ပစ္စည်းများပါရှိလျှင် ယင်းကုန်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(၂) လိုအပ်သည်ဟု ထင်မြင်ပါက မြီရှင်များအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်း။

(ဆ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းအား တရားရုံးမှ ညွှန်ကြားချက်မရှိဘဲ ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုန်ကျစရိတ်ရှိသော လုပ်ငန်းများကို လုပ်ကိုင်စေရန် အခွင့်အာဏာပေးအပ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဇ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးက မြီစားပိုင်ပစ္စည်းများတွင်ပါဝင်ခြင်းမရှိသော ပစ္စည်းတစ်ရပ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် ၎င်း၏ တမင်ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုမှတစ်ပါး အခြားသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မည်သူတစ်ဦး တစ်ယောက်ထံသို့ ပေးလျော်ရန် တာဝန်မရှိစေရ။ သို့ရာတွင် ယာယီပစ္စည်းထိန်းတစ်ဦးအနေဖြင့် ထိုသို့ သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်စဉ်က ထိုသို့ပြုလုပ်ရန် မိမိတွင် လုပ်ပိုင်ခွင့်ရှိကြောင်း ဆီလျော်သော အကြောင်းအချက်ရှိသည်ဟု မိမိကိုယ်တိုင်က ထင်မြင်ယုံကြည်၍ ပြုလုပ်ခြင်းဖြစ်ရမည်။

(ဈ) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပြီးနောက် မြီစားသည် ယာယီပစ္စည်းထိန်းအား ၎င်း၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်အတွက် လိုအပ်သောပစ္စည်းစာရင်းနှင့် အချက်အလက်များကို ပေးအပ်ရမည့်အပြင် ယာယီပစ္စည်းထိန်းက အခါအားလျော်စွာ တောင်းခံသော အခြားလိုအပ်သည့် အကူအညီများကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးရမည်။

(ည) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားရာတွင် ထိုသို့ခန့်ထားသည့် အချိန်နှင့် လူမွဲခံယူစေရန် လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်သည့်အချိန် သို့မဟုတ် ထိုလျှောက်လွှာကို ပလပ်သည့် အချိန်ကာလအထိ ကြားကာလတွင် ပုဒ်မ ၂၅၆ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ဋ) အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် မြီစားပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားခြင်းသည် ရပ်စဲစေရမည်-

(၁) ထိုမြီစားအပေါ် လျှောက်ထားသည့် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအား ပလပ်လိုက်သည့်အခါ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအရ မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်လိုက်သည့်အခါ၊

(၃) ထိုသို့ခန့်ထားမှုကို အခြားတစ်နည်းနည်းဖြင့် ရပ်စဲစေရန် တရားရုံးက အမိန့်ချမှတ်လိုက်သည့်အခါ။

(ဌ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ခြင်းခံခဲ့ရလျှင် ပစ္စည်းတစ်ရပ်သည် နောင်တွင်လူမွဲ၏ပစ္စည်းတွင် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လူမွဲပိုင်ပစ္စည်းများအဖြစ် ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားချက်များ၌ ၎င်း၏ ပစ္စည်းများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်။

### လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်

၂၇၃။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရမှတစ်ပါး လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ လူမွဲဖြစ်သူမြီစားသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိ၏ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို လူမွဲဖြစ်မှုစတင်သည့်နေ့မှစ၍ ၂၁ ရက် ကုန်ဆုံးခြင်းမရှိမီ နည်းဥပဒေဖြင့် သတ်မှတ်ထားချက်များနှင့်အညီ တင်သွင်းရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ပုဒ်မခွဲ(က)အရ လူမွဲဖြစ်သူမြီစားအပေါ် တင်ရှိသည့်တာဝန်မှ ကင်းလွတ်ခွင့်ပေးခြင်း၊ သို့မဟုတ်

(၂) ပုဒ်မခွဲ (က) အရ သတ်မှတ်ကာလကို တိုးချဲ့သတ်မှတ်ပေးခြင်း ပြုနိုင်သည်။ သို့ရာတွင် ဤပုဒ်မအရ အပ်နှင်းထားသော အခွင့်အာဏာကို ယုံမှတ်အပ်နှံခြင်းခံရသူမှ ကျင့်သုံးရန် ငြင်းဆိုလျှင် တရားရုံးသည် ထိုအခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ -

(၁) ဤပုဒ်မတွင် ဖော်ပြသတ်မှတ်ထားသော တာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊

(၂) လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်း မပြုလျှင်။

၎င်းသည် ဤဥပဒေဖြင့်သတ်မှတ်ထားသော ပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ စုံစမ်းထောက်လှမ်းမှုပြုရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၇၄။ (က) ခန့်အပ်ခြင်းခံရပြီးနောက် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုမီ လူမွဲဖြစ်သူမြီစား၏ လုပ်ငန်းကိစ္စရပ်များနှင့် ဆောင်ရွက်မှုများ အပါအဝင် လုပ်ငန်းကိစ္စများနှင့်ဆောင်ရွက်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊

(၂) တွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း။

(ခ) ထိုပုဒ်မခွဲအရ စုံစမ်းစစ်ဆေးရန်လိုအပ်ခြင်းမရှိဟု ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မအရ တင်ပြသော ယုံမှတ်အပ်နှံခြင်းခံရသူ၏အစီရင်ခံစာသည် လူမွဲမှုခင်းများတွင်ဦးစွာအမြင်အားဖြင့် ခိုင်မာသည့်သက်သေခံချက်ဖြစ်စေရမည်။

**လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်မေးခြင်း**

၂၇၅။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပြီးချိန်မှစ၍ လူမွဲအဖြစ်ရပ်စဲသည့် အမိန့်ချမှတ်ခြင်းမပြုမီကာလအတွင်း မည်သည့်အချိန်ကာလတွင်မဆို ထိုလူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာ ခွင့်ပြုရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးမှ အခြားနည်းဖြင့် အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာပေးခွင့်ပြုရန် အကြောင်းကြားစာပေးပို့သူ မြီရှင်အပါအဝင် ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ထက်ဝက်ထက်မနည်း ပိုင်ဆိုင်သူမြီရှင်များ၏ သဘောတူညီချက်ဖြင့် မြီရှင်တစ်ဦးက နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်းဆိုသည့် အကြောင်းကြားစာကိုရရှိပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာကို တင်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ တရားရုံးသည် လူမွဲဖြစ်သူ မြီစားအား သတ်မှတ်သည့်နေ့ရက်တွင် အများပြည်သူရှေ့မှောက်၌ စစ်ဆေးကြားနာမည်ဖြစ်ကြောင်း ညွှန်ကြားရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်သည့် နေ့ရက်တွင် လူမွဲဖြစ်သူမြီစားသည် လာရောက်ရမည့်အပြင် ၎င်းပိုင်ဆိုင်သော လုပ်ငန်းကိစ္စများ၊ ဆက်သွယ်ဆောင်ရွက်ချက်များနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းမှုကို ခံယူရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များသည် လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာရာ၌ မြီစားပိုင်ဆိုင်သော ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းများ၊ လုပ်ငန်းကိစ္စများ၊ လုပ်ငန်းများ မအောင်မြင်ရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ လူမွဲဖြစ်သူမြီစားအပေါ်၌ စစ်ဆေးမေးမြန်းနိုင်သည်။

(၁) အတည်ပြုခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၂) တရားဝင်ပစ္စည်းထိန်း၊ နှင့်

(၃) လူမွဲမှုခင်းတွင် လူမွဲဖြစ်သူမြီစားအပေါ် ကြွေးမြီတင်ရှိကြောင်း သက်သေပြနိုင်သည့် မြီရှင်များ။

(င) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ ပြုလုပ်သော တရားရုံးရှေ့မှောက်တွင် စစ်ဆေးမေးမြန်းရာ၌ တရားရုံးရှေ့သို့ လာရောက်ရန်ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**လူမွဲဖြစ်သူမြီစားက ဆောင်ရွက်ပေးရမည့် တာဝန်များ**

၂၇၆။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရပါက လူမွဲသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(၁) မိမိ၏လက်ဝယ်တွင်ရှိသော ပစ္စည်းများကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်၊

(၂) မည်သည့် စစ်ဆေးစီရင်မှုတွင်မဆို ထုတ်ဖော်ပြောဆိုခြင်းမှ ကင်းလွတ်ခွင့်ရသော အကြောင်းအရာများအပါအဝင် ၎င်းပိုင်ပစ္စည်းများနှင့်သက်ဆိုင်ပြီး ၎င်း၏လက်ဝယ် သို့မဟုတ် စီမံခန့်ခွဲမှုအောက်တွင်ရှိနေသော စာအုပ်စာရွက်စာတမ်းများနှင့် မှတ်တမ်းများကိုလည်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်။

(ခ) လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သည့် အချို့သောပစ္စည်းများမှာ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မဖြစ်နိုင်သော ပစ္စည်းများဖြစ်သည့် ကိစ္စနှင့် လူမွဲပိုင်ပစ္စည်းဖြစ်ကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူက တောင်းဆိုနိုင်သော ပစ္စည်းတစ်ရပ်ရပ်ဖြစ်သည့်ကိစ္စများတွင် ထိုသို့သော အရာဝတ္ထုများ သို့မဟုတ် ပစ္စည်းများနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရန်အတွက် ယုံမှတ်အပ်နှံခြင်းခံရသူက ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့်နည်းလမ်းများအတိုင်း အားလုံးကို ဆောင်ရွက်ပေးရန် လူမွဲတွင်တာဝန်ရှိရမည်။

(ဂ) လူမွဲသည်-

(၁) ၎င်းပိုင်ပစ္စည်းများ၏ စာရင်းနှင့် အခြားလိုအပ်သော အချက်အလက်များကို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ရမည့်အပြင်၊

(၂) ဤအပိုင်းပါ ရည်ရွယ်ချက်တစ်ရပ်အလို့ငှာ ကျိုးကြောင်းဆီလျော်စွာ ဆင့်ဆိုသည့်ကိစ္စများတွင် ယုံမှတ်အပ်နှံခြင်းခံရသူအား လာရောက်ကူညီဆောင်ရွက်ပေးရမည်။

(ဃ) လူမွဲဖြစ်သူအနေဖြင့် လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(င) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသူသည် ကျိုးကြောင်းဆီလျော်သောအကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ သတ်မှတ်ထားသောတာဝန်များကို လိုက်နာရန်ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံထိုက်စေရမည်။

**အခန်း(၄)**

**လူမွဲမှုခင်းမှ ယုံမှတ်အပ်နှံခြင်းခံရသူများ**

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးသက်တမ်း**

**ခန့်အပ်ခြင်း**

၂၇၇။ (က) မည်သူမဆို ဤဥပဒေအပိုင်း (၃) ပါပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားခြင်းမရှိလျှင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ခြင်း မခံထိုက်စေရ။

(ခ) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်အပ်ရန် အခွင့်အာဏာတစ်ရပ်တွင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ပူးတွဲယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်နိုင်သည့် အခွင့်အာဏာလည်း ပါဝင်စေရမည်။ သို့ရာတွင် ထိုသို့ ခန့်အပ်ရာ၌ ယုံမှတ်အပ်နှံခြင်းခံရသူများသည် ပူးတွဲဆောင်ရွက်စေရန် သို့မဟုတ် တစ်ဦးမှတစ်ဦးသို့ ကိုယ်စားလွှဲအပ်ဆောင်ရွက်နိုင်စေရန် အခွင့်အာဏာကို သတ်မှတ်ပေးရမည်။

(ဂ) အချို့သောအခြေအနေများ၌ တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသော ဤအခန်းပါပြဋ္ဌာန်းချက်များကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များက ထိခိုက်စေခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူကို ရာထူးမှ ဖယ်ရှားခြင်း၊ ရာထူးနေရာလစ်လပ်ခြင်း**

၂၇၈။ (က) ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအား တရားရုံး၏ အမိန့်အရဖြစ်စေ သို့မဟုတ် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းအား ရာထူးမှဖယ်ရှားရန်အလို့ငှာ ကျင်းပပြုလုပ်သော မြီရှင်များအစည်းအဝေး၏ ဆုံးဖြတ်ချက်အရဖြစ်စေ ရာထူးမှ ဖယ်ရှားနိုင်သည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူအား အစားထိုးခန့်အပ်ရန်အတွက် ကြွေးမြီစုစုပေါင်း၏ လေးပုံတစ်ပုံထက်မနည်း ပိုင်ဆိုင်သူ မြီရှင်များ၏ သဘောတူညီချက်ဖြင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များက အစည်းအဝေးတစ်ရပ် ဆင့်ခေါ်ပေးရန် တောင်းဆိုလျှင် သို့မဟုတ် တရားရုံးက ဆင့်ဆိုလျှင် မြီရှင်များ အစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဂ) ဤဥပဒေအပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသော အရည်အချင်းရှိသူအဖြစ်မှ ရပ်စဲသွားပါက တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ နုတ်ထွက်ရာတွင် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော နည်းလမ်းများအတိုင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ရမည်။

(င) ယုံမှတ်အပ်နှံခြင်းခံရသူက အထက်ပါအတိုင်း အကြောင်းကြားစာကို ပေးပို့ရာတွင် ပုဒ်မ ၃၁၁ အရ အပြီးသတ်မြီရှင်များအစည်းအဝေး တစ်ရပ်ကို ကျင်းပခဲ့ကြောင်းနှင့် ယင်းအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

(စ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်ခဲ့လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

**တာဝန်မှ ရပ်စဲသွားခြင်း**

၂၇၉။ (က) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားသော တရားဝင်ပစ္စည်းထိန်းအား တာဝန်မှရပ်စဲပြီး ၎င်း၏နေရာ၌ အခြားသူတစ်ဦးအား အစားထိုးခန့်အပ်ခဲ့ပါက ထိုတရားဝင် ပစ္စည်းထိန်းသည် အောက်ဖော်ပြပါ အချိန်တစ်ခုခုတွင် ၎င်း၏ တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည်-

(၁) တရားဝင်ပစ္စည်းထိန်းအား မြီရှင်များအစည်းအဝေးမှ ခန့်အပ်ခြင်းဖြစ်လျှင် ၎င်း၏နေရာသို့ အစားထိုးခန့်အပ်ပြီးဖြစ်ကြောင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာပေးပို့သည့်အချိန်နှင့်

(၂) တရားဝင်ပစ္စည်းထိန်းအား တရားရုံးက ခန့်အပ်ခြင်းဖြစ်လျှင် ယင်းတရားရုံးက ဆုံးဖြတ်ချက်အမိန့်ချမှတ်သည့်အချိန်။

(ခ) တရားဝင်ပစ္စည်းထိန်းက ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ၎င်းအနေဖြင့် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု လုပ်ငန်းများမှာ လက်တွေ့အားဖြင့် ပြီးပြတ်သွားပြီဖြစ်ကြောင်း မှတ်ပုံတင် အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပြီးနောက် တရားရုံးက အမိန့်ဖြင့် သတ်မှတ်သည့်အချိန်မှစ၍ ၎င်း၏တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည်။

(ဂ) အောက်ဖော်ပြပါ အချိန်တစ်ရပ်ရပ်တွင် တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်းခံရသူတစ်ဦးတစ်ယောက်၏ တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည်-

(၁) မြီရှင်များ၏အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏ တာဝန်မှ ရပ်စဲချိန်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်သတ်မှတ်ထားခြင်း မရှိသည့်ကိစ္စ သို့မဟုတ် ထိုသူသေဆုံးသွားသည့်ကိစ္စတွင် ထိုသူသည် ရာထူးတာဝန်မှရပ်စဲသွားပြီးဖြစ်ကြောင်း နည်းဥပဒေနှင့်အညီ မှတ်ပုံတင်အရာရှိနှင့်တရားရုံးသို့အကြောင်းကြားသည့်အချိန်၊

(၂) မြီရှင်များ၏ အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏ရာထူးမှ စွန့်လွှတ်ချိန်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်ထားပြီးဖြစ်သည့် ကိစ္စ သို့မဟုတ် ထိုသူအား တရားရုံးအမိန့်ဖြင့် ရာထူးမှဖယ်ရှားသည့် ကိစ္စ သို့မဟုတ် ပုဒ်မ ၂၇၈ ပုဒ်မခွဲ (ဃ) အရ ရာထူးမှ နုတ်ထွက်သွားသည့်ကိစ္စတွင် ထိုသူ၏လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်၊

(၃) ရာထူးမှ မိမိဆန္ဒအလျောက် နုတ်ထွက်သည့်ကိစ္စတွင် တရားရုံးက တစ်နည်းနည်းဖြင့် အမိန့်တစ်စုံတစ်ရာ ချမှတ်ခဲ့ခြင်းမရှိလျှင် ၎င်း၏ နုတ်ထွက်မှု စတင်အကျိုးသက်ရောက်ချိန်၊

(၄) ပုဒ်မ ၂၇၈ ပုဒ်မခွဲ (စ) အရ ရာထူးနေရာ လစ်လပ်သည့်ကိစ္စတွင်-

(က) ထိုပုဒ်မခွဲတွင် ရည်ညွှန်းဖော်ပြထားသော မြီရှင်များ အပြီးသတ်အစည်းအဝေး၌ ထိုသူ၏ရာထူးတာဝန်မှ စွန့်လွှတ်ခဲ့သည့် အချိန်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့ပြီးဖြစ်လျှင် ထိုသူ၏ လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်၊ နှင့်

(ခ) ထိုမြီရှင်များ အပြီးသတ်အစည်းအဝေး၌ ဆုံးဖြတ်သတ်မှတ်ခဲ့ခြင်းမရှိလျှင် ရာထူးတာဝန်မှ လစ်လပ်သွားချိန်။

(ဃ) မြီစားအား လူမွဲအဖြစ်ခံယူစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ခဲ့ရာတွင် ထိုသို့ပယ်ဖျက်ချိန်၌ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသူသည် ထိုတရားရုံးမှ ဆုံးဖြတ်သည့်အချိန်တွင် ၎င်း၏ရာထူးတာဝန်သည် ရပ်စဲစေရမည်။

(င) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအား ရာထူးတာဝန်မှ စွန့်လွှတ်စေသည့်အခါ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲရာ၌ ၎င်းမှ လုပ်ဆောင်သော ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း အခြားနည်းဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် လုပ်ဆောင်သည့် ၎င်း၏အပြုအမူများနှင့် စပ်လျဉ်း၍လည်းကောင်း တင်ရှိသောတာဝန် အားလုံးသည် ဤပုဒ်မ၏ အထက်ပါပြဋ္ဌာန်းချက်များတွင် သတ်မှတ်ဖော်ပြထားသည့်အချိန်မှစတင်၍ ရပ်စဲပြီး ဖြစ်စေရမည်။

(စ) ဤပုဒ်မအရ ရာထူးတာဝန်မှ စွန့်လွှတ်စေပြီးဖြစ်သော တစ်စုံတစ်ဦးနှင့် စပ်လျဉ်း၍ တရားရုံးမှ ပုဒ်မ ၂၈၂ အရ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းအား ဤပုဒ်မပါ မည်သည့်အချက်ကမျှ တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာလစ်လပ်ခြင်း**

၂၈၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာလစ်လပ်သည့်အခါ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုလစ်လပ်နေသော ရာထူးနေရာတွင် တစ်စုံတစ်ဦးအား ထပ်မံခန့်အပ်ပြီးသည့်အချိန်ကာလအထိ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ထိုလစ်လပ်နေသောရာထူးနေရာကို ခန့်အပ်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းသည် မြီရှင်များအစည်းအဝေး တစ်ရပ်ကို ဆင့်ခေါ်နိုင်ပြီး ပုဒ်မ ၂၉၅ ပုဒ်မခွဲ (ဇ) ပါပြဋ္ဌာန်းချက်နှင့်အညီ မြီရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဃ) ပုဒ်မ ၂၈၁ အရ မြီရှင်များကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် ထိုလစ်လပ်နေသော ရာထူးကို ခန့်အပ်ရန်အလို့ငှာ ထိုမြီရှင်များကော်မတီအစည်းအဝေးကို ခေါ်ယူကျင်းပရန် ဆင့်ဆိုနိုင်သည်။

(င) အကယ်၍ ထိုလစ်လပ်နေသောရာထူးကို ထိုသို့ဖြည့်တင်းခန့်အပ်ခြင်း မပြုခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် တရားဝင်ပစ္စည်းထိန်းက ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အစည်းအဝေးကို ဆင့်ခေါ်နိုင်သည့်အာဏာကို ထိခိုက်စေခြင်း မရှိစေရ။

(စ) ဤပုဒ်မပါ လစ်လပ်နေသောရာထူးဆိုသည့်စကားရပ်တွင် လူမွဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းပစ္စည်းတွင် ပါဝင်နိုင်သော ပစ္စည်း တစ်ရပ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၁၁ အရ ဆင့်ခေါ်သော မြီရှင်များအပြီးသတ်အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ထိုပစ္စည်း၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ခန့်ထားရန် လိုအပ်နေသည့် ယုံမှတ်အပ်နှံခြင်းခံရသူ ရာထူးလည်း ပါဝင်စေရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း**

**မြီရှင်များကော်မတီ**

၂၈၁။ (က) ဤဥပဒေနှင့် နည်းဥပဒေများဖြင့် အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ မြီရှင်များအစည်းအဝေးတစ်ရပ် ကျင်းပ၍ နည်းဥပဒေများဖြင့် သတ်မှတ်ထားချက်များနှင့်အညီ မြီရှင်များကော်မတီကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) မြီရှင်များအစည်းအဝေးတွင် တရားဝင်ပစ္စည်းထိန်း၏နေရာ၌ တစ်စုံတစ်ဦးအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် အစားထိုးခန့်အပ်ခဲ့သည့် အခါမှတစ်ပါး တရားဝင်ပစ္စည်းထိန်းက လူမွဲ၏ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသည့် ကာလအတွင်း ထိုအစည်းအဝေးဖြင့် မြီရှင်များကော်မတီကို တည်ထောင်ခြင်း သို့မဟုတ် ယင်းကော်မတီအား လုပ်ငန်းတာဝန်ပေးခြင်းများကို မပြုရ။

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

**တရားရုံးမှ ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း**

၂၈၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိလျှင် လူမွဲကိုယ်တိုင်ဖြစ်စေ သို့မဟုတ် မြီရှင်များကဖြစ်စေ သို့မဟုတ် အခြား အကျိုးသက်ဆိုင်သူတစ်ဦးကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်ပြီး ယင်းသို့လျှောက်ထားမှုအပေါ် တရားရုံးသည် ယုံမှတ်အပ်နှံခြင်းခံရသူ ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ် အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် အခြားသင့်လျော်သည်ဟု ထင်မြင်ယူဆသော အမိန့်များချမှတ်နိုင်သည်။

(ခ) လူမွဲဖြစ်မှုအရ ပေါ်ပေါက်လာသော ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ညွှန်ကြားပေးနိုင်ရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် လူမွဲခံယူစေသည့် အမိန့် ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းထားသည့်ကိစ္စ၌ ထိုသို့ လျှောက်ထားခြင်းခံရသူများသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော အစုစပ်လုပ်ငန်း၏ အစုဝင်များဖြစ်သည့်အခါ တရားရုံးသည် တရား မျှတမည်ဟု ထင်မြင်ယူဆလျှင် ၎င်းတို့ကို လူမွဲမှုခင်းတစ်ရပ်တည်း၌ ပူးတွဲ၍ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

(ဃ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် တာဝန်ရှိသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက် အရ တရားရုံးသည် ပုဒ်မခွဲ(ဂ)အရ အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် အစုစပ်လုပ်ငန်း၏ပူးတွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် အစုဝင် တစ်ဦးချင်းစီ၏ သီးခြားပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ထည့်သွင်းညွှန်ကြားနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ**

၂၈၃။ (က) ဤပုဒ်မအရ လျှောက်ထားချက်တစ်ရပ်အပေါ် တရားရုံးက -

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သော ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်စုံတစ်ရာအား အလွဲအသုံးပြုထားကြောင်း သို့မဟုတ် လက်ဝယ်ရယူထား ကြောင်း သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်း တင်ပြရန် တာဝန်ရှိကြောင်း၊ သို့မဟုတ်

(၂) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက် မှုကြောင့် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆုံးရှုံးမှုတစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း။

ကျေနပ်မှုရှိလျှင် တရားရုံးသည် တရားမျှတသည်ဟု ထင်မြင်သည့်အတိုင်း ထိုသို့သော ဥပဒေနှင့်မညီသော မှားယွင်း ဆောင်ရွက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှု သို့မဟုတ် အခြားတာဝန်တစ်ရပ်ရပ်အတွက် လျော်ကြေးပေး စေရန် သို့မဟုတ် ထိုပစ္စည်း၏ အကျိုးအမြတ်အတွက် ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် မူလအနေအထားသို့ ပြန်လည်ထားရှိစေရန် သို့မဟုတ် တာဝန်ယူစာရင်းရှင်းလင်းတင်ပြစေရန် ယုံမှတ် အပ်နှံခြင်းခံရသူအပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သောအမိန့်တွင် တရားရုံးက သင့်လျော် သောအတိုးနှုန်းကို ထည့်သွင်းသတ်မှတ်နိုင်သည်။ သို့ရာတွင် ထိုသို့ သတ်မှတ်ချက်သည် ဤပုဒ်မအရမှတစ်ပါး ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ထိုပစ္စည်းအတွက် ထပ်မံခန့်ထား သော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် မြီရှင် သို့မဟုတ် လူမွဲက ဤပုဒ်မအရ လျှောက်ထားနိုင်သည်။ သို့ရာတွင် လူမွဲကိုယ်တိုင်မှ လျှောက်ထားခြင်း သို့မဟုတ် ပုဒ်မ ၂၇၉ အရ ယုံမှတ်အပ်နှံခြင်းခံရသူ က ၎င်း၏ရာထူးတာဝန်ရပ်စဲပြီးမှ လျှောက်ထားလျှင် တရားရုံး၏ ခွင့်ပြုချက်ဖြင့်သာ လျှောက်ထားရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းတွင် မပါဝင်သော ပစ္စည်း တစ်ရပ်ကို သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုခွင့်ရှိကြောင်း ဆီလျော်သော အကြောင်းတစ်ရပ်ရပ်အရ ယုံကြည်၍ ဆောင်ရွက်ရာ တွင် ၎င်းမှ လက်ဝယ်ထားခွင့်ရှိသော ပစ္စည်းတစ်ရပ်အား သိမ်းဆည်း ခြင်း၊ သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ၎င်း၏ ပေါ့လျော့မှုကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများမှတစ်ပါး ယုံမှတ် အပ်နှံခြင်းခံရသူသည် ထိုသို့သော ပစ္စည်းတစ်ရပ်အား သိမ်းဆည်း ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တာဝန် မရှိစေရ။

**အခန်း(၅)**

**ယုံမှတ်အပ်နှံခြင်းခံရသူ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

**နိဒါန်း**

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ**

၂၈၄။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူမွဲပိုင်ပစ္စည်းများကို လက်ရောက်ရယူ၍ ထုခွဲရောင်းချကာ မြီရှင်များအား ခွဲဝေပေးရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားကို ကျင့်သုံး၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခွင့် ရှိသည်။

(ခ) ထိုလူမွဲမှုခင်းနှင့်ပတ်သက်၍ ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင် နိုင်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းက ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့်အခါ တရားဝင်ပစ္စည်းထိန်းမဟုတ်သော ယုံမှတ် အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) တရားဝင်ပစ္စည်းထိန်းထံသို့ အချက်အလက်များ တင်ပြခြင်း၊

(၂) စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင်ပစ္စည်း ထိန်းထံသို့ တင်ပြခြင်း၊ လိုအပ်သလို အစစ်ခံခြင်း၊ နှင့်

(၃) အခြားလိုအပ်သော အကူအညီများပေးခြင်း။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ တရားဝင်ရာထူးအမည်ကို သုံးစွဲရာတွင် "လူမွဲဖြစ်သူ ဦး / ဒေါ် +++ ၏ ပစ္စည်းအတွက် ယုံမှတ်အပ်နှံခြင်းခံရသူ" အဖြစ် ရည်ညွှန်းသုံးစွဲရမည်ဖြစ်ပြီး "ထိုလူမွဲ၏ ယုံမှတ်အပ်နှံခြင်းခံရသူ" အဖြစ် သုံးစွဲရမည်။

**လူမွဲပိုင်ပစ္စည်းများအား သိမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထုခွဲရောင်းချခြင်း**

**လူမွဲပိုင်ပစ္စည်းများ ယုံမှတ်အပ်နှံခြင်းခံရသူထံ လွှဲပြောင်းရောက်ရှိခြင်း**

၂၈၅။ (က) တစ်စုံတစ်ဦးကိုဖြစ်စေ တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်ထားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် လူမွဲပိုင်ပစ္စည်း များအား တရားဝင် စီမံခန့်ခွဲခွင့် ရှိစေရမည်။

(ခ) လူမွဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်သော မည်သည့်ပစ္စည်းကိုမဆို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းအပ်နှံရာတွင် တရားဝင်စာချုပ်ဖြင့် လွှဲပြောင်းခြင်း၊ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုသော်လည်း ဥပဒေနှင့်အညီ လွှဲပြောင်း အပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**လူမွဲဖြစ်ပြီးနောက် ရရှိလာသော ပစ္စည်းများ**

၂၈၆။ (က) လူမွဲဖြစ်မှု စတင်ပြီးနောက် လူမွဲက ရရှိသော သို့မဟုတ် ဆက်ခံပိုင်ဆိုင် သော ပစ္စည်းတစ်ရပ်ရပ်ကို လူမွဲပိုင်ပစ္စည်းအဖြစ် လက်ရောက်လွှဲပြောင်း ပေးအပ်ရန် ယုံမှတ်အပ်နှံခြင်းခံရသူသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာကို ပေးပို့၍ တောင်းခံနိုင်သည်။

(ခ) သို့ရာတွင် အောက်ပါပစ္စည်းများနှင့်စပ်လျဉ်း၍ တောင်းခံပိုင်ခွင့် မရှိစေရ-

(၁) ဤဥပဒေအရ ဖယ်ထုတ်ရမည့်ပစ္စည်းများ၊ နှင့်

(၂) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းအဖြစ်မှ ဖယ်ထုတ်ရမည့် ပစ္စည်းများ။

(ဂ) ဤပုဒ်မအရ အကြောင်းကြားစာပေးပို့ပြီးသည့်အခါ ထိုစာတွင် ဖော်ပြ တောင်းခံထားသောပစ္စည်းသည် လူမွဲပိုင်ပစ္စည်း၏အစိတ်အပိုင်းအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိ သွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ၏ စီမံခန့်ခွဲခွင့်သည် ထိုပစ္စည်းများကို လူမွဲက လက်ဝယ်ရရှိခဲ့သည့်အချိန် သို့မဟုတ် ဆက်ခံ ပိုင်ဆိုင်ခဲ့သည့်အချိန်မှ စတင်၍ရရှိခဲ့သည်ဟု မှတ်ယူရမည်။

(ဃ) ဤပုဒ်မအရ အကြောင်းကြားစာကို ပေးပို့ခြင်းမပြုမီကဖြစ်စေ ပေးပို့ပြီး နောက်တွင်ဖြစ်စေ အကယ်၍-

(၁) လူမွဲဖြစ်မှုကို မသိရှိဘဲ တစ်စုံတစ်ဦးသည် ထိုပစ္စည်းအား သဘော ရိုးဖြင့် တန်ရာတန်ဖိုးပေး၍ ဝယ်ယူကာ လက်ဝယ်ရယူထားလျှင်၊ သို့မဟုတ်

(၂) လူမွဲဖြစ်မှုကို မသိရှိဘဲ ဘဏ်လုပ်ငန်းရှင်တစ်ဦးသည် သဘောရိုး ဖြင့် လုပ်ငန်း ဆက်သွယ်ဆောင်ရွက်ခဲ့လျှင်။

ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုသူ သို့မဟုတ် ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ၎င်းတို့ထံမှ ပိုင်ဆိုင်မှုဆက်ခံရယူထားသူအား ဆန့်ကျင် ၍ ဤပုဒ်မအရ ကုစားခွင့် မရှိစေရ။

(င) ဤပုဒ်မအရ ပစ္စည်းဆိုသော စကားရပ်တွင် လူမွဲ၏ဝင်ငွေ အစိတ်အပိုင်း အဖြစ် ပုဒ်မ ၂၈၉ အရ အမိန့်ချမှတ်နိုင်သောပစ္စည်း ပါဝင်ခြင်း မရှိစေရ။

**တန်ဖိုးများပြားသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူထံ လွှဲပြောင်း ရောက်ရှိခြင်း**

၂၈၇။(က) လူမွဲ၏ ဖယ်ထုတ်ရမည့်ပစ္စည်းများအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်အား ရောင်းချ၍ ရနိုင်သောတန်ဖိုးသည် ထိုပစ္စည်းအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်အတွက် အစားထိုးအသုံးပြု နိုင်သည့် ပစ္စည်းတစ်ရပ်၏ တန်ဖိုးထက်သိသာစွာ ကျော်လွန်နေကြောင်း ပေါ်ပေါက်လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်ကို လူမွဲပိုင်ပစ္စည်းအဖြစ် ပေးအပ်ရန် စာဖြင့်ရေးသား အကြောင်းကြားစာ ပေးပို့တောင်းခံနိုင် သည်။

(ခ) ဤပုဒ်မအရ လူမွဲဖြစ်သူထံသို့ အကြောင်းကြားစာ ပေးပို့ပြီးသောအခါ ထိုအကြောင်းကြားစာတွင် ဖော်ပြတောင်းခံထားသော ပစ္စည်းသည် လူမွဲပိုင်ပစ္စည်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်း ရောက်ရှိသွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ၏ စီမံခန့်ခွဲခွင့်သည် လူမွဲဖြစ်မှုကို မသိရှိဘဲ ထိုပစ္စည်းအား သဘောရိုးဖြင့် တန်ရာတန်ကြေးပေး၍ ဝယ်ယူခဲ့သူအပေါ် တွင်မှတစ်ပါး လူမွဲဖြစ်မှု စတင်သည့် အချိန်မှစ၍ စတင်သည်ဟု မှတ်ယူ ရမည်။

(ဂ) ဤပုဒ်မအရ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်း ရောက်ရှိသွားသော ပစ္စည်းတစ်ရပ်ရပ်အတွက် သင့်လျော်သည့် အစား ထိုးပစ္စည်းကို လူမွဲကိုယ်တိုင်ဖြစ်စေ ၎င်း၏ကိုယ်စားဖြစ်စေ ဝယ်ယူရာ၌ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ငွေကြေးမှ ပေးချေရမည်။ ယုံမှတ်အပ်နှံ ခြင်းခံရသူ၏အပေါ်တွင် တင်ရှိနေသော ဤပုဒ်မခွဲအရ ပေးချေရန် တာဝန်သည် လူမွဲပိုင်ပစ္စည်းများကို ရထိုက်ခွင့်ရှိသူများထံသို့ ခွဲဝေပေး ရာတွင် လုပ်ဆောင်ရန် တင်ရှိနေသော အခြားသောပေးရန် တာဝန်များ အနက်မှ ဦးစားပေးတာဝန် ဖြစ်စေရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ပစ္စည်းတစ်ခု၏ လိုအပ်ချက်များကို အခြားပစ္စည်း တစ်ခုက ကျိုးကြောင်းဆီလျော်စွာ လုံလုံလောက်လောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှုရှိလျှင် ထိုပစ္စည်းသည် အခြားပစ္စည်းတစ်ရပ် အတွက် သင့်လျော်သောအစားထိုးပစ္စည်း ဖြစ်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာ ပေးပို့ရမည့် ကာလသတ်မှတ်ချက်**

၂၈၈။ (က) တရားရုံး၏ခွင့်ပြုချက်အရမှတစ်ပါး အကြောင်းကြားစာကို အောက်ပါ အခြေအနေများတွင် ပေးပို့ခြင်း မပြုရ-

(၁) ပုဒ်မ ၂၈၆ အရ ပစ္စည်းကို လူမွဲက လက်ရောက်ရယူပိုင်ဆိုင် ကြောင်း သို့မဟုတ် ဆက်ခံပိုင်ဆိုင်ကြောင်းကို ယုံမှတ်အပ်နှံခြင်း ခံရသူက စတင်သိရှိသည့်နေ့မှစ၍ ၄၂ ရက် ကုန်ဆုံးသွားလျှင်၊

(၂) ပုဒ်မ ၂၈၇ အရ ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူ စတင်သိရှိသည့်နေ့မှစ၍၄၂ ရက် ကုန်ဆုံးသွားလျှင်။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်များအလို့ငှာ -

(၁) ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူမှ စတင်သိရှိသည် ဟုဆိုရာတွင် ပထမယုံမှတ်အပ်နှံခြင်းခံရသူက သိရှိခဲ့သည့်အချိန် သည် ၎င်းကို ဆက်ခံသော ယုံမှတ်အပ်နှံခြင်းခံရသူက သိရှိသည့် အချိန်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) နှင့် မသက်ဆိုင်သောကိစ္စရပ်ဖြစ်ပါက၊ တစ်စုံ တစ်ဦးမှ သိရှိခဲ့ခြင်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားခြင်းမခံရမီ သိရှိခဲ့ခြင်းဖြစ်လျှင် ၎င်းအားခန့်ထားသည့် နေ့တွင်မှသာ သိရှိကြောင်းနှင့် တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားခြင်းဖြစ်လျှင် ထိုသို့ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားသည့်အချိန်တွင်မှ သိရှိ သည်ဟု မှတ်ယူရမည်။

**လူမွဲ၏ဝင်ငွေများမှ ကြွေးမြီများကို ပေးဆပ်စေရန် အမိန့်ချမှတ်ခြင်း**

၂၈၉။ (က) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် ထိုအမိန့်အတည်ဖြစ်နေသည့် အချိန်ကာလအတွင်း လူမွဲ၏ကြွေးမြီအတွက် လူမွဲ၏ဝင်ငွေများအနက် မှ အများစုကို ပေးဆပ်စေရန် တရားရုံးသည် ထည့်သွင်းညွှန်ကြား နိုင်သည်။

(ခ) ထိုဝင်ငွေမှ ပေးဆောင်ရန်အမိန့်ကို ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက် ထားချက်အရသာ ချမှတ်နိုင်ပြီး ထိုသို့ချမှတ်ရာတွင် လူမွဲဖြစ်မှု ရပ်စဲ သည့်အချိန်ကာလအထိသာ ပေးဆပ်စေရန် သတ်မှတ်နိုင်သည်။

(ဂ) ထိုသို့အမိန့်ချမှတ်ရာတွင် လူမွဲနှင့် ၎င်းမိသားစု၏ စားဝတ်နေရေး အတွက် ကျိုးကြောင်းဆီလျော်သည့် ငွေပမာဏထက် လျော့နည်းစေ သည်အထိ ဝင်ငွေများမှ ပေးဆပ်စေ သည့်အမိန့်ကို ချမှတ်ခြင်း မပြုရ။

(ဃ) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ် နိုင်သည်-

(၁) ထိုအမိန့်တွင် သတ်မှတ်ထားသည့် ငွေပမာဏကို လူမွဲမှယုံမှတ် အပ်နှံခြင်းခံရသူထံသို့ ပေးချေစေရန်၊ သို့မဟုတ်

(၂) တစ်စုံတစ်ဦးမှ လူမွဲထံသို့ ပေးရန်ရှိသော ထိုငွေပမာဏကို လူမွဲ ထံသို့ ပေးချေခြင်းမပြုစေဘဲ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ တိုက်ရိုက်ပေးချေစေရန်။

(င) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် တရားရုံးသည် လူမွဲ၏ဝင်ငွေအပေါ် တရားမကျင့်ထုံးဥပဒေအရ ဝရမ်းကပ်ထားသော အမိန့်အား ကင်း လွတ်ခွင့်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

(စ) ဤပုဒ်မပါအမိန့်အရ ယုံမှတ်အပ်နှံခြင်းခံရသူက လက်ခံရရှိထားသော ငွေပမာဏအား လူမွဲပိုင်ပစ္စည်းအဖြစ် မှတ်ယူရမည်။

(ဆ) ဤပုဒ်မအရ ချမှတ်သော ဝင်ငွေများမှ ပေးဆပ်စေရန်အမိန့်တွင် ထိုအမိန့်အတည်ဖြစ် အကျိုးသက်ရောက်မှုရှိရမည့် ကာလကို ထည့်သွင်းဖော်ပြ သတ်မှတ်ရမည်ဖြစ်ပြီး ထိုသက်တမ်းကာလသည် လူမွဲဖြစ်မှုရပ်စဲသည့် ကာလထက်ကျော်လွန်ခြင်း မရှိစေရ။

(ဇ) လူမွဲအား လူမွဲဖြစ်မှု ရပ်စဲခြင်းမပြုမီဖြစ်စေ၊ ရပ်စဲပြီးနောက်တွင် ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် လူမွဲ၏ လျှောက်ထား ချက်အရ တရားရုံးသည် ဤပုဒ်မအရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ် စေသည့်အမိန့်ကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

(ဈ) ဤပုဒ်မအလို့ငှာ လူမွဲ၏ဝင်ငွေဟုဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ရပ် လုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှုတစ်ရပ်ရပ် သို့မဟုတ် ရာထူးတစ်ရပ် သို့မဟုတ် အလုပ်အကိုင်တစ်ရပ်နှင့်စပ်လျဉ်း သည့် ငွေပေးချေမှုတစ်ရပ်နှင့် ပင်စင်အစီအစဉ်တစ်ရပ်အရ ငွေပေး ချေမှုတစ်ရပ် အပါအဝင် အခါအားလျော်စွာ လူမွဲက ရထိုက်ခွင့်ရှိသော ဝင်ငွေသဘောသဘာဝရှိသည့် ငွေပေးချေမှုအားလုံး ပါဝင်သည်။

**ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ်**

၂၉၀။(က) ဤပုဒ်မအရ ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ် ဆိုသည်မှာ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲနှင့်၎င်း၏ ယုံမှတ် အပ်နှံခြင်းခံရသူတို့အကြား သို့မဟုတ် လူမွဲနှင့်တရားဝင်ပစ္စည်းထိန်း တို့အကြား စာဖြင့် ရေးသားချုပ်ဆိုသည့် သဘောတူညီချက်ကို ဆိုသည်-

(၁) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲမှရရှိလာ သော ဝင်ငွေများအနက်မှ သတ်မှတ်ထားသောငွေပမာဏ သို့မဟုတ် အချိုးအစားတစ်ရပ်နှင့် ညီမျှသောငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်ရန်၊ သို့မဟုတ်

(၂) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲထံသို့ တစ်စုံတစ်ဦးက ပေးဆပ်ရန်ရှိသော ငွေများအနက်မှ သတ်မှတ် ထားသော ငွေပမာဏ သို့မဟုတ် အချိုးအစားတစ်ရပ်နှင့် ညီမျှသော ငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်စေရန်၊

*(ဆက်လက်ဖော်ပြပါမည်)*

# မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ကလေးသူငယ်တွေ့ဆုံပွဲ ရန်ကုန်၌ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မူးယစ်ဆေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးသည့် ကလေးသူငယ် တွေ့ဆုံပွဲကို အောက်တိုဘာ ၂၆ ရက်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး ကလေးသူငယ် အခွင့်အရေးနှင့် ကလေးသူငယ်ဥပဒေနှင့် ပတ်သက်သော အကြောင်းအရာများ၊ အမှုအခင်းများ ဖြစ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကလေးများနေ့အခမ်းအနားများ ကျင်းပခြင်း၊ အပြုသဘော ဆောင်သော သင်ကြားလမ်းညွှန်မှုကို စီမံချက်ရေးယာရှိ မိဘများအား အသိပညာပေးဆွေးနွေးခြင်း စသည်တို့ကို သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် TCRC အဖွဲ့ဝင်များ၊ မြို့နယ် ကလေးသူငယ်ဆိုင်ရာကော်မတီဝင်များက ဆွေးနွေးခဲ့ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုလင်းက မူးယစ်ဆေးဝါးနှင့် ကလေးသူငယ် အခွင့်အရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ "မူးယစ်ဆေးဝါး ရောင်းတယ်၊ ဝယ်တယ်ဆိုတာသိရင် သတင်းပေးတဲ့အခါမှာ အန္တရာယ်မရှိဘူးဆိုတာကို ပြောလိုပါတယ်။ မိမိသားသမီးနဲ့ တပည့်တွေ ဆေးလိပ်သောက်၊ ကွမ်းစားရင် တားဆီးဖို့လိုပါတယ်။ ကိုယ်တိုင်သုံးစွဲမှုမလုပ်ဖို့လည်း တိုက်တွန်းလိုပါတယ်။ ကလေးတွေ အခုလို ပွင့်လင်းစွာ ပြောရဲဆိုရဲတာကို သဘောကျပါတယ်။ ရှေ့ဆက်ပြီး ပြောရဲဆိုရဲမှုနဲ့အတူ ပူးပေါင်းဆောင်ရွက်ရင်းနဲ့ ဒီထက်ကြီးမားတဲ့လုပ်ငန်းစဉ်တွေ ဆောင်ရွက်ဖို့ရှိသေးတယ်ဆိုတာကို သားတို့ သမီးတို့ သိရှိစေလိုပါတယ်"ဟု ပြောကြားသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးသူကိုကလည်း "မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ၁၈ နှစ်အောက် ကလေးတွေရဲ့ ၅၀ ရာခိုင်နှုန်းဟာ ကျွန်တော်တို့ကောက်ယူထားတဲ့ စာရင်းအရ သုံးစွဲမှုတွေရှိနေတယ်။ ၁၈ နှစ်အောက်ကလေးတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ကျွန်တော်တို့ရဲ့ စာသင်ကျောင်းတွေမှာ ရှိနေတယ်။ ကျောင်းထဲမှာရှိနေတဲ့ ၃၅ ရာခိုင်နှုန်းဟာ မူးယစ်ဆေးဝါးနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတယ်၊ နောက်တစ်ခု ကြုံတွေ့နေရတဲ့ပြဿနာက ရောင်းဝယ်ဖောက်ကားသူတွေက ကလေးတွေကို အဓိကပစ်မှတ်အဖြစ် ထားတယ်၊ လှိုင်သာယာက ကျောင်းတိုင်းမှာ မပြည့်စုံတဲ့ကလေးတွေ ကျောင်းတက်နေကြတာဆိုတော့ မုန့်ဖိုးမရသူ၊ ထမင်းချိုင့်မယူနိုင်သူတွေ ရှိတယ်။ အဲဒီလိုကလေးတွေကို ငွေနဲ့စည်းရုံးတာကို တွေ့နေရတယ်။ သက်ဆိုင်ရာကျောင်းအုပ်နဲ့ ဌာနဆိုင်ရာတွေပူးပေါင်းပြီး မူးယစ်ဆေးဝါးအသိပညာပေးတွေ လုပ်တယ်၊ ဒါပေမယ့် ထင်သလောက် မတားဆီးနိုင်သေးဘူး။ အတန်းလိုက် လွယ်အိတ်တွေထဲမှာ ရှာဖို့တောင် ခက်ခဲလောက်တဲ့အခြေအနေအထိ ကျောင်းတွေမှာ ရှိနေတယ်။ ဒါကြောင့် အားလုံးပူးပေါင်းပြီး ကလေးတွေ အနာဂတ်အတွက် ကြိုးပမ်းဆောင်ရွက်ဖို့လိုပါတယ်"ဟု ပြောကြားသည်။

ဆွေးနွေးပွဲတွင် ကလေးများအပေါ်ထားရှိသည့် မူဝါဒများဖြစ်သော မိမိတို့အကျိုးစီးပွားအတွက် ကလေးများအား ရှေ့တန်းတင်အသုံးချခြင်းမပြုရန်၊ ကလေးများအပေါ် ခွဲခြားဆက်ဆံမှုကို မိမိတို့ကိုယ်တိုင်မပြုရန်၊ မိမိတို့ကိုယ်တိုင် ကလေးများအပေါ် ကြမ်းတမ်းစွာဆက်ဆံခြင်းမပြုရန်၊ ကလေးများအပေါ် ကိုယ်ထိလက်ရောက် မပြုရန်နှင့် ကလေးများ၏ စိုးရိမ်ဖွယ်ရာနှင့် စွပ်စွဲချက်များကို လျှို့ဝှက်စွာပြုလုပ်ဆောင်ရွက်ရမည့်အစား အများကြားတွင် ဖွင့်ဟပြောဆိုခြင်းမပြုရန် စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ ကလေးများကြုံတွေ့နေရသော အခက်အခဲများတွင် ၇၅ ရာခိုင်နှုန်းသည် စက်ရုံများမှထွက်သော အနံ့အသက်ဆိုးများ၊ ငါးညှီနံ့များ၊ ငရုတ်သီးညှော်နံ့၊ ငါးပိစက်ရုံ၊ ကြက်သတ်စက်ရုံ၊ သားရေစက်ရုံ၊ နွားသတ်စက်ရုံတို့မှထွက်သော အညစ်အကြေးများနှင့် အနံ့အသက်များ၊ ၂၀ ရာခိုင်နှုန်းသော ရေမြောင်းများအတွင်းမှ ထွက်ရှိသည့် အနံ့ဆိုးများကို ရှူရှိုက်နေရကြောင်း၊ ထိုသို့ အနံ့ဆိုးများကို ရှူရှိုက်နေရသောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် ခေါင်းအုံခြင်း၊ အဆုတ်ရောင်ရောဂါများကို ခံစားရမှုများရှိနေကြောင်း သိရသည်။

ရပ်ကွက်၊ ကျေးရွာများတွင် ရေမြောင်းပိတ်ဆို့မှုကြောင့် ၈၀ ရာခိုင်နှုန်းသောပြည်သူများ ခံစားနေရမှုနှင့်ပတ်သက်၍ ကလေးများကိုယ်တိုင်ကောက်ခံထားသော သတင်းအချက်အလက်များကိုလည်း ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

"ဒီနေ့ကျင်းပတဲ့ရည်ရွယ်ချက်က မြို့နယ်မှာရှိတဲ့ TCRC အဖွဲ့ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို မြို့နယ်အတွင်းမှာရှိတဲ့ ကလေးတွေရဲ့ စစ်တမ်းကောက်ယူထားတဲ့ အချက်အလက်တွေဖြစ်တဲ့ ကျန်းမာရေးနဲ့မညီညွတ်တာ၊ အသက် ၁၈ နှစ်အောက် မူးယစ်ဆေးဝါးသုံးစွဲတာအတွက် မြို့နယ်အဆင့်တင်ပြဆွေးနွေးမှုအပေါ် ဘာတွေလုပ်ဆောင်ပေးမလဲဆိုတာ ဒီနေ့ တွေ့ဆုံမှုလုပ်တာပါ"ဟု Community Base Organization(ပန်းတိုင်ရှင်)မှ ညှိနှိုင်းရေးမှူး ဒေါ်ခင်နှင်းယုက ပြောသည်။

ကလေးသူငယ်များက မြို့နယ်အတွင်း လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ကျန်းမာရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်များကိုပြုလုပ်ကာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်သို့ တင်ပြပြီး မည်သို့ဆောင်ရွက်ပေးမည်ဟူသော ကတိကဝတ်ဖြင့် ကလေးများ၏အခွင့်အရေးအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လက်ဆင့်ကမ်းပညာအမွေခံသူ နည်းလာ၍ မြန်မာ့ရိုးရာ ပန်းတဉ်းပညာရပ်များ တိမ်ကောပပျောက်သွားနိုင်



ကြေးသွန်း ပန်းတဉ်းပညာဖြင့် ပြုလုပ်ထားသော ဆင်းတုနှင့် ရုပ်တုများ

**မုံရွာ အောက်တိုဘာ ၂၉**

လက်ဆင့်ကမ်း ပညာအမွေဆက်ခံသူ နည်းပါးလာသည့်အတွက် မြန်မာ့ရိုးရာ လက်မှုပညာတစ်ရပ်ဖြစ်သော ပန်းတဉ်းပညာသည် တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်သွားနိုင်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြေးမုံကျေးရွာမှ ပန်းတဉ်းပညာရှင်တစ်ဦးဖြစ်သူ ဦးအောင်ကိုက ပြောကြားသည်။

"တခြားလူငယ်တွေကလည်း ပန်းတဉ်းပညာကို စိတ်ဝင်စားမှုမရှိဘူး၊ နေ့တွက်နဲ့ခေါ်လည်း ကိုယ်ပေးတဲ့တစ်ရက်လုပ်ခထက် ပိုများတဲ့ဆီကိုပဲ လိုက်ကြတယ်၊ ပန်းတဉ်းပညာနဲ့စာရင် ဝင်ငွေရလွယ်တဲ့အလုပ်ကိုပဲ ဦးစားပေးသလိုဖြစ်နေတယ်၊ ပညာကလည်း အလွယ်တကူသင်လို့ရတဲ့ပညာ မဟုတ်တဲ့အတွက် စိတ်လည်းမဝင်စားကြဘူး၊ ဒီလိုမျိုး ဌာပနာထည်တွေလုပ်ကြတာ မန္တလေးဘက်မှာရှိတယ်၊ မုံရွာနယ်တစ်ဝိုက်မှာတော့ ကျွန်တော်တစ်ဦးပဲ ရှိတော့တယ်၊ ပန်းတဉ်းလုပ်ငန်းက အပူပေးတဲ့ ကြေးအရည်တွေကို မိုနဲ့လောင်းပြီးတော့ အရုပ်ပုံကြမ်းထုတ်တယ်၊ နောက်ပိုင်းမှာ အနုစိတ်ကို လိုက်ပြီးလုပ်ရတယ်၊ လက်ဝင်တယ်၊ ပညာတစ်ခုရဖို့အတွက်လည်း နှစ်အတော်ကြာကြာ လေ့လာရတယ်၊ ပန်းတဉ်းပညာကို ဝါသနာပါတဲ့သူတွေ နည်းလာတယ်၊ လေ့လာလိုက်စားမှုလည်း အားနည်းလာတယ်၊ အပင်ပန်းမခံချင်တာ၊ ဒီပညာက လုပ်နေရင်းနဲ့ကို ပညာကို လေ့လာနေရတာ၊ ကျွန်တော်လည်း အခုအချိန်ထိ လေ့လာနေတုန်းပဲ၊ ပန်းတဉ်းလုပ်ငန်းတစ်ခုတည်းကနေ ရတဲ့ဝင်ငွေက စားဖို့သောက်ဖို့ မလောက်ဘူး၊ ဒါကြောင့် မျိုးဆက်သစ်ပညာအမွေဆက်ခံသူ နည်းလာတဲ့အတွက် ပန်းတဉ်းပညာရပ်တွေ ပျောက်ကွယ်တော့မယ့်အခြေအနေတွေ ရှိနေတယ်"ဟု ၄င်းက ပြောသည်။

ကြေးမုံကျေးရွာတွင် ယခင်က ပန်းတဉ်းလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးခန့် ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပုံမှန်ဝင်ငွေမရှိခြင်း၊ ကြေးဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ပန်းတဉ်းလုပ်သူများအနေဖြင့် ဝင်ငွေရလွယ်သော အခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်မှု များပြားခဲ့ရာ ယခုလက်ရှိတွင် ပန်းတဉ်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးသာကျန်ရှိပြီး အဆိုပါကျေးရွာတွင် ရှေးယခင်ကတည်းက မိရိုးဖလာလုပ်ငန်းအဖြစ် ပညာအမွေ လက်ဆင့်ကမ်းလုပ်ကိုင်လာသော ပန်းတဉ်းလုပ်ငန်းမှာ တိမ်ကောပပျောက်တော့မည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# သက်တမ်းလွန် မှတ်ပုံတင်မဲ့ ဆေးဝါးနှင့် စားသောက်ကုန်များ မြစ်ကြီးနားမြို့၌ မီးရှို့ဖျက်ဆီး

**မြစ် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ သုံးစွဲရန်နှင့် စားသုံးရန် မသင့်သည့် သက်တမ်းလွန် မှတ်ပုံတင်မဲ့ စားသောက်ကုန်နှင့် ဆေးဝါးများကို အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ကလွင်ကျေးရွာမှ အမှိုက်စွန့်ပစ်သည့်နေရာ၌ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မီးရှို့ဖျက်ဆီးခဲ့သည့် ဆေးဝါးများမှာ မှတ်ပုံတင်မဲ့ဆေးဝါး ၂၈ မျိုးနှင့် သက်တမ်းလွန်ဆေးဝါး ၂၅ မျိုး(စုစုပေါင်းတန်ဖိုး ကျပ် ၃၁၅၄၅၀) နှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်ငါးမျိုး၊ သက်တမ်းလွန် စားသောက်ကုန်သုံးမျိုး၊ တားမြစ်အလှကုန်တစ်မျိုး (စုစုပေါင်း ကျပ် ၁၄၈၉၀၀) တို့ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်မဲ့နှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီအနေဖြင့် ဆေးဆိုင် ၂၈ ဆိုင်ကို စီမံချက်ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ရှာဖွေတွေ့ရှိသော မှတ်ပုံတင်မဲ့နှင့် သက်တမ်းလွန် ဆေးဝါးများကို သိမ်းဆည်းခဲ့ပြီးနောက် ယခု မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း မြိတ်ခရိုင် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်မွန်က ပြောသည်။

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပြည်သူများစားသုံးရန်နှင့် သုံးစွဲရန် မသင့်သည့် အစားအသောက်နှင့် ဆေးဝါးများ မြို့နယ်အတွင်း ရောင်းချခြင်းမရှိစေရန် အရောင်းဆိုင်များ၊ ဆေးဆိုင်များကို တစ်လတစ်ကြိမ်ခန့် အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# ရပ်ရွာအခြေပြု ကင်းထောက်အခြေခံသင်တန်း မြိုင်မြို့နယ်၌ ဖွင့်လှစ်

**မြိုင် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ပညာရပ်များ လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်အရ အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များကို အခြေပြု၍ သင်တန်းများဖွင့်လှစ်ခဲ့ပြီးနောက် ရပ်ကွက်၊ ကျေးရွာများမှ လူငယ်များအား အခြေပြုသည့် ရပ်ရွာအခြေပြု ကင်းထောက်အခြေခံသင်တန်းကို မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ယင်းတိုင်းတောင်တမံ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းစခန်း၌ အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြိုင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ Action Aid Myanmar အပူပိုင်းဇုန်ဒေသမန်နေဂျာ ဦးအောင်မင်းနိုင်နှင့် မြိုင်မြို့နယ်တာဝန်ခံ ဒေါ်ခင်စောဝင်းတို့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေနှင့် ဆရာ ဆရာမ ရှစ်ဦးတို့က ကင်းထောက်ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ တောတွင်းစခန်းချပညာရပ်များနှင့် ပြည်သူ့အကျိုးပြု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။ သင်တန်းသို့ မြိုင်မြို့နယ်အတွင်းရှိ ပတ်ဝန်းကျင် ရွာ ၃၀ မှ လူငယ်ခေါင်းဆောင် တစ်ဦးစီအပြင် မြိုင်မြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ရပ်ရွာလူငယ် ခေါင်းဆောင် ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၈ ရက်အထိ ဖြစ်သည်။




မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ၂၀၁၂ ခုနှစ်မှစ၍ ပြန်လည်ဖွဲ့စည်းပြီး အခြေခံပညာကျောင်းပေါင်း ၂၀ မှ ကျောင်းသားကျောင်းသူ အင်အား ၂၀၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများဖြင့် အင်အားတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုးကြားတက်ကြွစွာဆောင်ရွက်မည့် လူငယ်မောင်မယ်များပေါ်ပေါက်လာစေရန် ယခုကဲ့သို့ ရပ်ရွာကျေးလက် အခြေပြု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကျင်းပ

**ဒီမိုကရေစီခေတ်တွင် အစိုးရဌာန တာဝန်ရှိသူများနှင့် ပြည်သူများ ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး သင့်လျော်သည့်ခေါင်းစဉ်များဖြင့် မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**ခန္တီး**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လာဝယ်ကျေးရွာ၌ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့ရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်အိအိသန်းက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြသည်။



ထို့နောက် ပြည်သူ့စကားဝိုင်းသို့တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိရေး၊ ကျွဲ၊ နွားများကို နယ်နိမိတ်သတ်မှတ်၍မွေးမြူစေရန်၊ လာဝယ်ကျေးရွာနှင့် အောင်မြေကျေးရွာကြား၌ နန်စီပွန်ချောင်းကူးတံတား တည်ဆောက်ပေးရန် စသည်တို့ကို တင်ပြမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စနေမောင်မောင်**

**ခမောက်ကြီး**

ကော့သောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခမောက်ကြီးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ 'လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ခမောက်ကြီးမြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်က အမှာစကားပြောကြားပြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်နန္ဒာဦးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကျော်စိုးနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်စိုးတို့က နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရည်ရွယ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် စာပေရေးရာကိစ္စများကို ဆွေးနွေးကြသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြကာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**မုံရွာ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြေးမုံကျေးရွာ စူဠာမဏိရွာလယ်ဓမ္မာရုံ၌ အောက်တိုဘာ ၂၆ ရက်က ကျင်းပသည်။

စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်အောင်နှင့် ဌာနဆိုင်ရာများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း(ရဲတပ်ဖွဲ့)၊ လူကုန်ကူးမှုတိုက်ဖျက်ရေး(ရဲတပ်ဖွဲ့)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မီးသတ်ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ ကျေးလက်လမ်း ဦးစီးဌာနနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနအလိုက် လုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများက ကျေးရွာအလိုက် လိုအပ်ချက်များကိုတင်ပြပြီး သိလိုသည်များကိုလည်း ဆွေးနွေးမေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ကြေးမုံကျေးရွာအုပ်စု၊ မုံရွေးကျေးရွာအုပ်စု၊ မင်းရွာကျေးရွာအုပ်စု၊ ပုရစ်ကုန်းကျေးရွာအုပ်စု၊ ကြာပိုင်ကျေးရွာအုပ်စုနှင့် တောပုကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ယခုပြုလုပ်သည့် ပြည်သူ့စကားဝိုင်းမှာ မုံရွာမြို့နယ်အတွင်း ပဋ္ဌမအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# ရွှေဘိုဈေးကြီး၌ အန္တရာယ်ရှိ ဆိုးဆေးပါအစားအသောက်များ ရောင်းချပါက ဆိုင်ပိတ်သည်အထိ အရေးယူမည်

**ရွှေဘို အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စည်ပင်သာယာရေးဈေးကြီး၌ စားသောက်ကုန်ပစ္စည်းများ ရောင်းချနေသော ဈေးသူဈေးသားများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ စားသုံးသူအကာအကွယ်ပေးရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးတို့မှ တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၆ ရက်က တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်က စားသုံးသူ၏ အဓိပ္ပယ်သတ်မှတ်ချက်ကို ရှင်းလင်းပြောကြားပြီး သန့်ရှင်းသောအစားအသောက်များ ရောင်းချနိုင်ရေးအတွက် ဈေးသူဈေးသားများက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ရွှေဘိုမြို့နယ် စည်ပင်သာယာဥက္ကဋ္ဌ ဦးမြင့်လွင်ကလည်း မိမိတို့အနေဖြင့် အန္တရာယ်ရှိဆိုးဆေးများပါဝင်သော အစားအသောက်များကို ဈေးအတွင်းမရောင်းချရန် အကြိမ်ကြိမ်ကွင်းဆင်းစစ်ဆေး ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ဆိုးဆေးများပါရှိသော အစားအသောက်များကို ဆက်လက်ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါက ဆိုင်ခန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောပြောပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယ တိုင်းတာဝန်ခံ ဒေါ်ခင်ထားရီက လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော ဆိုးဆေးများ၏ အန္တရာယ်များကိုလည်းကောင်း၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်ငွေက စားသုံးသူများလိုက်နာရန်နှင့် သိရှိသင့်သည့်အချက်များကိုလည်းကောင်း အသေးစိတ် ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်သည့် ဈေးသူဈေးသားများအား အစားအသောက်တွင် သုံးခွင့်မပြုသော ဆိုးဆေးများနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ အန္တရာယ်ကင်းသော အစားအစာဖြစ်စေရေး အဓိကဆောင်ရွက်ရမည့်အချက်များနှင့် ဓာတုဆိုးဆေးပါအစားအသောက်များ၏ အန္တရာယ်အကြောင်း သိကောင်းစရာများ ပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များကို FDA နှင့် ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့သည်။



ဆိုးဆေး၏အန္တရာယ်များကို ဈေးသူဈေးသားများအား အသိပညာပေး ဟောပြောစဉ်။

**စိုးသီဟ(ကုန်းဘောင်)**

# ဖမ်းဆီးရမိထားသည့် သစ်တန်ချိန် ၈၅၀ ခန့်ကို လေလံတင်ရောင်းချမည်

**ကလေး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန် သစ်လိုအပ်ချက်အပေါ် အမှန်တကယ်သုံးစွဲခွင့်ရရှိရေးကို ရည်ရွယ်လျက် ကလေးခရိုင် သစ်တောဦးစီးဌာနက ဖမ်းဆီးရမိထားသော တရားမဝင်သစ်အမျိုးအစား လေးမျိုးတို့ကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကလေးမြို့ရှိ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း လေလံတင်ရောင်းချရေးကော်မတီမှ သိရသည်။

ကလေးခရိုင်အတွင်း ဖမ်းဆီးရမိခဲ့သည့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်းသစ် ၆၃၉ လုံး(၁၇၂ ဒသမ ၅၁၇ တန်)၊ ကျွန်းခွဲသား ၂၅၁၈ ချောင်း (၉၆ ဒသမ ၃၆၂ တန်)၊ သစ်မာသစ်လုံး ၂၂၂ လုံး (၁၀၁ ဒသမ ၇၀၈၉ တန်)နှင့် သစ်မာခွဲသား ၁၄၉၃၁ ချောင်း (၄၇၉ ဒသမ ၀၅၆၃ တန်) စုစုပေါင်း ၈၄၉ ဒသမ ၆၄၄၃ တန်ကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/သစ်စက်ကြီးနှင့် အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ၊ အစိုးရဌာနပိုင် အဆောက်အအုံများနှင့် လမ်းတံတားများဆောက်လုပ်ရန် ဌာနအသီးသီးတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် သစ် လိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သည့် အချက်အလက်၊ အထောက်အထားများနှင့်အတူ လေလံဆွဲဝယ်ယူနိုင်မည်ဖြစ်ကြောင်း ကလေးခရိုင် ဈေးပြိုင်လေလံ တင်ရောင်းချရေးကော်မတီ၏ လေလံကြော်ငြာအရ သိရသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကလေးခရိုင် သစ်တောဦးစီးဌာနသည် မြို့နယ်ဦးစီးအရာရှိများ၊ သစ်တောဝန်ထမ်းများနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒေသအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို အရှိန်အဟုန်မြှင့် လိုက်လံစစ်ဆေးဖမ်းဆီးလျက်ရှိကာ ဖမ်းမိသည့် တရားခံများအား သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

*စာမျက်နှာ ၁၈ မှ*

ရည်မှန်းချက် ၁၀ ချက် ချမှတ်လျက် လုပ်ငန်းစဉ်များရေးဆွဲကာ သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ရှေးဟောင်းပစ္စည်းများအား ဌာနအစီအစဉ်ဖြင့် တူးဖော်စုဆောင်းသကဲ့သို့ အများ ပြည်သူများထံတွင် ရောက်ရှိနေသည့် ရှေးဟောင်းပစ္စည်းများကိုလည်း စုဆောင်း လျက်ရှိသည်။ ဝန်ကြီးဌာနသို့ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံသည့် ပြည်သူများအား ရုပ်ဝတ္ထုပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းခေတ်ကာလနှင့် ယဉ်ကျေးမှုတန်ဖိုးများ ပေါင်းကာ ချီးမြှင့်ငွေများ ထပ်ဆောင်းပေးအပ်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရှေးဟောင်းအဆောက် အအုံ စစ်မှန်ခြင်းရှိမရှိ စိစစ်ရန်လိုအပ်ပါက ရှေးဟောင်းဝတ္ထုပစ္စည်းစစ်ဆေးရေးအဖွဲ့၊ ရှေးဟောင်းအဆောက်အအုံ စစ်ဆေးရေးအဖွဲ့တို့က စစ်ဆေးပြီး အဆုံးအဖြတ်ပြုကြရသည်။ ဤနေရာတွင် အငြင်းပွားမှုဖြစ်ခဲ့ပါက ဝန်ကြီးဌာနက ဖွဲ့စည်းထား သည့် ပညာရှင်အဖွဲ့၏ အဆုံးအဖြတ်ဖြင့် အတည်ပြုသည်။

နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတော်က စောင့်ရှောက်ထိန်းသိမ်းနေသကဲ့သို့ ပြည်သူများကလည်း တန်ဖိုးထားမြတ်နိုးကာ ဝိုင်းဝန်းထိန်းသိမ်းကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအထောက်အထားများသည် နှစ်ကာလရှည်ကြာစွာ အဓွန့်ရှည်တည်တံ့နေမည်ဖြစ်ပေသည်။ ။

# ၂၀၁၈ ကမ္ဘာ့ဓာတ်မှန်ပညာနေ့

**ခင်မောင်တင် (ဓာတ်ရောင်ခြည်)**

**ယခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကမ္ဘာ့ဓာတ်မှန်ပညာနေ့အဖြစ် ကမ္ဘာတစ်ဝန်းလုံးမှ ဓာတ်မှန်ရောင်ခြည်ဖြင့် တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်နေသောသူများ၊ ဌာနများသည် အထိမ်းအမှတ်နေ့တစ်နေ့အဖြစ် ကျင်းပကြမည်ဖြစ်သည်။ သို့သော် အချို့သော အသင်းအဖွဲ့၊ ဓာတ်မှန်ဌာနများ၊ ဓာတ်ရောင်ခြည်နည်းပညာရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် နိုဝင်ဘာလ ၈ ရက်နေ့မတိုင်မီ ကျင်းပကြသလို နိုဝင်ဘာလ ၈ ရက်နေ့နောက်ပိုင်းတွင်လည်း ကျင်းပကြမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဆရာဝန်များက ယင်းနေ့ကိုပင် "World Radiology Day" အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။**

အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူနည်းပညာရှင်များအဖွဲ့ချုပ် (International Society of Radiographers & Radiological Technologists – ISRRT) သည် ၂၀၁၈ ကမ္ဘာ့ဓာတ်မှန်ပညာနေ့အတွက် ပြဋ္ဌာန်းထားသောဆောင်ပုဒ်မှာ " Precision & Compassion – Radiographer's Qualities" ဟူ၍ ဖြစ်သည်။


ISRRT ၏ ယခုနှစ်ဆောင်ပုဒ်မှာ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူနည်းပညာရှင်များ၏ အခန်းကဏ္ဍကို ဖော်ညွှန်းထားသည်။ "တိကျမှန်ကန်၊ ရည်သန်စိတ်ထား၊ မေတ္တာပွားကာ၊ ဆောင်ရွက်ခြင်းသာ၊ ကျွမ်းကျင်လုပ်သား၊ စွမ်းပကား" ဟုသာ ဆိုချင်ပါသည်။

**အရည်အချင်းကောင်းတစ်ရပ်**

လူနာအား ဓာတ်မှန်ရိုက်သည်ဖြစ်စေ၊ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအတွက်ဆောင်ရွက်သည်ဖြစ်စေ လိုအပ်သောနေရာကိုသာ ဓာတ်ရောင်ခြည်ထိစေခြင်းဖြင့် လူနာ၏ မလိုအပ်သော နေရာကို ဓာတ်ရောင်ခြည်မထိစေရန် မေတ္တာ၊ စေတနာ၊ ကရုဏာထားဆောင်ရွက်ခြင်းသည် ကျွမ်းကျင်ပညာရှင်များ၏ အရည်အချင်းကောင်းတစ်ရပ် ဖြစ်သည်။

ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်ထိမှုတွင် ဓာတ်မှန်ဘက်ဆိုင်ရာ နည်းပညာရှင်များသည် ခိုင်လုံတရားမျှတမှုအတွက် အချက်အချာ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။

ထို့ကြောင့် ဓာတ်မှန်ဘက်ဆိုင်ရာ နည်းပညာရှင်များသည် မိမိ၏လူနာအား အတတ်နိုင်ဆုံး လိုအပ်သည်ထက် ဓာတ်ရောင်ခြည်မထိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဓာတ်ရောင်ခြည် ကာကွယ်ရေးကော်မရှင် (ICRP)၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးတွဲပြဋ္ဌာန်းခဲ့သော "ALARA" As Low As




Reasonably Achievable ဆိုသော ကာကွယ်ရေးအခြေခံသဘောတရားကိုလည်း လိုက်နာရန်လိုအပ်ပေသည်။

ဓာတ်ရောင်ခြည် အန္တရာယ်ကင်းရှင်းရေးဒဿနတွင် သက်ရှိတစ်သျှူးများအပေါ် ဓာတ်ရောင်ခြည်ထိမှု၏ ဇီဝဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုကို အခြေခံထားသည့် ယူဆချက်ဖြစ်ပြီး Linear hypothesis သာ ဖြစ်သည်။ ဆိုလိုရင်း အဓိပ္ပာယ်မှာ ဓာတ်ရောင်ခြည်ထိမှု ပြင်းအားအလိုက် ထိခိုက်နစ်နာ အန္တရာယ်ဖြစ်စေနိုင်သည်။ ယင်းအန္တရာယ်ဖြစ်မှုတွင် မျိုးဗီဇပြောင်းလဲခြင်း (Genetic Mutation) နှင့် ကင်ဆာဖြစ်မှုပါဝင်၏။ ထို့ကြောင့် ဓာတ်ရောင်ခြည်ထိမှုအန္တရာယ် လျော့နည်းစေရန် ALARA ကို အမြဲစိတ်တွင်စွဲမှတ်ဖို့ လိုသည်။

ထို့အတူပင် ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအနေဖြင့် လုပ်ငန်းခွင်ဝင်တော့မည်ဆိုလျှင် လူနာများအား ဓာတ်ရောင်ခြည်မလိုအပ်ဘဲ မထိစေရန်အပြင် မိမိကိုယ်တိုင်ပင် လုပ်ငန်းခွင်ဓာတ်ရောင်ခြည်ထိမှုနည်းအောင် အခြေခံ ဓာတ်ရောင်ခြည်ကာကွယ်ရေးစည်းမျဉ်းကို အမြဲတမ်း မှတ်သားထားသင့်သည် -

(၁) Justification of Practice
(၂) Optimization of Protection
(၃) Individual dose Limits တို့ပင်ဖြစ်သည်။

ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ICRP သတ်မှတ်ထားသော ဓာတ်ရောင်ခြည်လုပ်သား (Radiation Workers) များအတွက် လုပ်ငန်းခွင်အန္တရာယ်ထိမှု (Effective Dose) တစ်နှစ်လျှင် 20mSv ထိနိုင်သည်ဟု ဆိုငြားသော်လည်း ဤအဆင့်အထိမရောက်စေရန် အခြေခံ ဓာတ်ရောင်ခြည်ကာကွယ်ရေးဥပဒေဖြစ်သော -

(၁) ဓာတ်ရောင်ခြည်လွှတ်ကြာချိန် (Time)
(၂) ဓာတ်ရောင်ခြည်လွှတ်ပင်ရင်းနှင့် မိမိအကွာအဝေး (Distance)
(၃) ဓာတ်ရောင်ခြည်အကာအရံများ (Shielding) သတိပြုရမည် ဖြစ်ပေသည်။

**ဓာတ်ရောင်ခြည်ထိမှု**

ထို့ပြင် လူနာများ ဓာတ်ရောင်ခြည်ထိမှုနှင့် ပတ်သက်၍ ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်များ၊ အလားတူ ဆေးကုသပေးသော ဆရာဝန်များမှာလည်း တာဝန်အသီးသီးရှိကြသည်။ ဗြိတိသျှတော်ဝင် ဓာတ်ရောင်ခြည်ဌာန၏ အာဘော်မှာ ဆေးကုသသည့် ဆရာဝန်သည် ဓာတ်မှန်ရိုက်စမ်းသပ်မှုတစ်ခုပြုလုပ်ရန် တောင်းဆိုခဲ့လျှင် သူသည် လူနာကို ဓာတ်ရောင်ခြည်ထိမှု၊ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး တာဝန်ယူရမည်ဟု ဆိုထားပါသည်။

ဆေးကုသည့် ဆရာဝန်များသည် မိမိ၏လူနာအား ဓာတ်မှန်ရိုက်ရန် စေလွှတ်သည့်အခါ ဓာတ်မှန်စမ်းသပ်မှု တောင်းခံလွှာတွင် လူနာမှတ်တမ်းအကျဉ်းကိုလည်း ရေးပေးရန် လိုအပ်ပါသည်။ သို့မှသာ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် လူနာခံစားနေရသော ရောဂါအတွက် ကောင်းစွာ အဖြေရှာပေးနိုင်မည် ဖြစ်ပါသည်။ ထို့အတူပင် တစ်ခါတစ်ရံ ဆေးကုသသည့် ဆရာဝန်သည် ဓာတ်မှန်ဌာနသို့ မိမိစမ်းသပ်စစ်ဆေးခိုင်းသော စမ်းသပ်မှု (Investigation)အတွက် ဆောင်ရန်၊ ရှောင်ရန်အပြင် ဆေးပေးမှုလည်း ပြုလုပ်ဖို့လိုပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နှလုံးရောဂါဝေဒနာရှင်များ တစ်နေ့ထက်တစ်နေ့ များပြားလာပါသည်။ နှလုံးရောဂါ အမျိုးမျိုးရှိသည့်အနက် နှလုံးသွေးကြောကျဉ်းရောဂါမှာ အဆိုးဆုံးဖြစ်သည်။ နှလုံးသွေးကြောပိတ်၍ ရုတ်တရက်သေဆုံးမှုများလည်း အများအပြားရှိသည်၊ နှလုံးသွေးကြောကျဉ်းလူနာများအား နှလုံးရောဂါအထူးကုဆရာဝန် (Interventionist) များသည် ဓာတ်မှန်ရောင်ခြည်ကို အသုံးပြု၍ နှလုံးပတ်သွေးကြောအခြေအနေသိရန် ရေဒီယိုအလင်းပိတ်ဆေးသုံးပြီး ရောဂါရှာဖွေကြသည်၊ သွေးကြောပိတ်အနေအထား၊ ကျဉ်းနေသည့်အနေအထားတွေ့လျှင် နှလုံးသွေးကြောချဲ့ပြီး လိုအပ်ပါက Stent ခေါ် ပြွန်ငယ်ကို ထည့်သွင်းကုသပေးသည်။

**ဓာတ်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ရန်**


ဤသို့ တိုက်ရိုက်ကြည့် ဖလော်ရိုစကုပ်ဖြင့် ကုသပေးသည့်အခါ လူနာ၊ ကုသပေးသော နှလုံးရောဂါကု ဆရာဝန်၊ ဆရာမနှင့် ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်နည်းပညာရှင်များ ဓာတ်ရောင်ခြည်ထိမှု မလွဲမသွေရနိုင်သည်။

အထူးသဖြင့် လူနာသည် တိုက်ရိုက်ဓာတ်ရောင်ခြည် Primary Radiation ထိမှုရရှိပြီး နှလုံးအထူးကုဆရာဝန်မှာ လူနာထံမှ ပျံ့လွင့်လာသော ဖြာထွက်ရောင်ခြည် (Scattered Radiation) ရသည်။ ဆရာဝန်၊ သူနာပြု၊ ဓာတ်မှန်ကျွမ်းကျင်သူပညာရှင်တို့မှာ Single Exposure အနေဖြင့် လူနာထက် ဓာတ်ရောင်ခြည်ထိမှုနည်းသော်လည်း နည်းနည်းချင်းထိသည့် ဓာတ်ရောင်ခြည်တို့ကို စုပေါင်း၍ ရရှိသော Cumulative Dose မှာမူ လူနာရရှိသော ဓာတ်ရောင်ခြည်ထိမှုထက် ပို၍များသည်။ ထို့ကြောင့် ဓာတ်ရောင်ခြည်ကာကွယ်ရေးအတွက် အကာအရံများ (Shielding) Lead Apron, Thyroid Shield, Lead Goggle မျက်မှန်များ တပ်ဆင်ရန် လိုပြီး မိမိ ဓာတ်ရောင်ခြည် မည်မျှထိသည်ကို သိရှိနိုင်ရန် ရောင်ခြည်တိုင်းကိရိယာ (Dosimeter) များ တပ်ဆင်ရန်လိုသည်။ ဓာတ်ရောင်ခြည်ကာကွယ်ရေးနှင့်ပတ်သက်၍ IAEA က Cardiologist များကို သင်တန်းပေးခဲ့သည်။

လူနာများအတွက်မှာမူ ဓာတ်ရောင်ခြည်ထိသော်လည်း အသက်အန္တရာယ်ပေးမည့် ရောဂါကုသရသည့်အတွက် Risk အန္တရာယ်နှင့် Benefit ရောဂါပျောက်မည့် အကျိုးသက်ရောက်မှုကသာလျှင် ဓာတ်ရောင်ခြည်ထိမှု Risk ကို လက်ခံရပေမည်။

ထို့ကြောင့် Justification of Practice ဓာတ်ရောင်ခြည်အသုံးပြု၍ နှလုံးသွေးကြောချဲ့ကုသမှုသည် မှန်ကန်ကြောင်း ထင်ရှားစေသည့် လက္ခဏာပင်ဖြစ်သည်။

ဤသို့လူနာ၏ အသက်ကယ်မှုအတွက် ဆရာဝန်၊ ဆရာမ၊ ဓာတ်မှန်ကျွမ်းကျင်သူ နည်းပညာရှင်များသည် ဓာတ်ရောင်ခြည်ထိမှုလျော့နည်းအောင် ပြုလုပ်သင့်လှပေသည်။ အသက်ဉာဏ်စောင့်ဆိုသော စကားအရ သတိမူ၍လုပ်ဆောင်ကြရန် တိုက်တွန်းရင်း **၂၀၁၈ ကမ္ဘာ့ဓာတ်မှန်ပညာနေ့**ကို ကြိုဆိုလိုက်ရပါသည်။ ။




**"ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအနေဖြင့် လုပ်ငန်းခွင်ဝင်တော့မည်ဆိုလျှင် လူနာများအား ဓာတ်ရောင်ခြည်မလိုအပ်ဘဲ မထိစေရန်အပြင် မိမိကိုယ်တိုင်ပင် လုပ်ငန်းခွင်ဓာတ်ရောင်ခြည်ထိမှုနည်းအောင် အခြေခံဓာတ်ရောင်ခြည်ကာကွယ်ရေးစည်းမျဉ်းကို အမြဲတမ်း မှတ်သားထားသင့်"**

# နေပြည်တော်မိသားစုပရဟိတအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံမှ အရာထမ်း၊ အမှုထမ်းများနှင့် ပရဟိတစိတ်ရှိသော ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် Online Social Network တစ်ခုဖြစ်သော နေပြည်တော်မိသားစု ပရဟိတအဖွဲ့သို့ အလှူရှင်များမှ အလှူငွေများ ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရောဝတီလမ်းမကြီးရှိ Mandalay Paradise Food Center တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မိသားစု ပရဟိတအဖွဲ့ နာယက ဦးမျိုးဦးက အမှာစကားပြောကြားကာ အလှူရှင် Focus Enterprise Co., Ltd. (COTTO) မှ တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေကျပ် ၁၀ သိန်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ ဦးနေဝင်းနိုင်မိသားစုက အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ အဖွဲ့နာယက၊ အတွင်းရေးမှူး ဦးဗိုလ်ဝေ၊ အဖွဲ့ဝင် ဦးအောင်မြင့်တို့က လက်ခံယူသည်။

နေပြည်တော်မိသားစု ပရဟိတအဖွဲ့အနေဖြင့် တစ်လလျှင် တနင်္ဂနွေနှစ်ပတ်၌ နေပြည်တော်အတွင်းရှိ ဘုရားစေတီများသို့ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အခါကြီးရက်ကြီးများ၌ စေတီ၊ ပုထိုးများတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ပန်းဆက်ကပ်လှူဒါန်းခြင်းများနှင့် ပြည်တွင်းရှိ သဘာဝဘေးအန္တရာယ်များဖြစ်သော ရေဘေး၊ လေဘေး၊ မီးဘေး ဖြစ်ပွားသည့်နေရာများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း စသည့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်မိသားစု ပရဟိတအဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံလိုပါက အသင်းနာယက ဖုန်း ၀၉-၄၃၀၃၅၄၅၇၊ ဥက္ကဋ္ဌ ဦးနေထိုက် ၀၉-၄၂၀၆၇၆၃၄၃၊ အတွင်းရေးမှူး ၀၉-၄၂၀၇၄၆၇၆၄ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။


**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



**ဝန်ထမ်းအလိုရှိသည်။**
ကျား/မ (၃) ဦး
(ရုံးလုပ်ငန်း) လစာညှိနှိုင်း
အသက် ၂၇နှစ်အထိ ၁၀တန်းနှင့်အောက်
No. 9 , 87လမ်း၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
ဆက်သွယ်ရန် - 09, 73009994
Ph - 09, 253997740

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
**အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို**
မညွှန့် 01-2339310,01-2339355,01-578044

**နယူးနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့** အသက်သာဆုံးခရီးစဉ် ဖွားပွင့်ပေါ၊
စံ(၄)ဌာန+ကိုးလ်ကတ္တားဈေးဝယ် စရံ (2)သိန်း+US 500 (၁၁)ရက်/US 600(၁၅)ရက်ဒေလီ



ဗုဒ္ဓဂယာခရီးစဉ်အား (၁၂) နှစ် ထမ်းဆောင်ခဲ့သော ဒေါ်နီလာ၏ သားကြီး ဦးအောင်ဌေး မှ နယူးနီလာဘုရားဖူးအဖွဲ့အား ဒေါ်စန္ဒာဂင်းနှင့်အတူ ဖွင့်လှစ်လိုက်ပါသည်။ B(1), (101), ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
နယူးနီလာ Account (06230406201337301) KBZ ဘဏ်၊ အလုံ။
ဟိုတယ်မှ (၂)မိနစ်လမ်းလျှောက်ပြီး ဘုရားကြီးကို ဖူးနိုင်မည့်အခွင့်အရေး။
(Email/Facebook: newnilar)/Viber: 5052973, 5069624, 5071583
Office: /899060007/799422740/786337158/9694964952,
အောက်တိုဘာ (၃၀)ရက်မတိုင်မီ စရံပေးသွင်းပါက စရံ (၂)သိန်းထဲမှ
Discount (၅)သောင်း+US 750 (၁၅)ရက်/US 550 (၁)ပတ် (၉)ဦး (၁)ဦး အခမဲ့
အိန္ဒိယလီပ်စာ-(မူပော်လီ)၊ ပချက်တီ၊ ဘီဟာ။ No.7, ဗုဒ္ဓဂယာ (မြန်မာကျောင်းအနီး) 00917091999395

**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**
ကလေးဝမြို့နယ် အထက(ခွဲ)သစ်ချောက် ဆဋ္ဌမတန်းမှ မအေးသီတာထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇေယျာလင်း ၅/ကလဝ(နိုင်)၀၃၅၅၉၀နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၈-၃-၂၀၀၇ ဖြစ်ပါကြောင်း။
**ဦးအောင်ဇေယျာလင်း**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ အထက(ခွဲ)သစ်ချောက် သတ္တမတန်းမှ မမီမီကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ပို ၅/ကလဝ(နိုင်)၀၂၉၆၀၁ဖြစ်ပါကြောင်း။
**ဦးအောင်ပို**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ် အထက(ခွဲ) သစ်ချောက် ဆဋ္ဌမတန်းမှ မနော်ဘွယ်ဘွယ်ဟီ၏ ဖခင်အမည်မှန်မှာ ဦးစောအင်ဒရူး ၇/တငန(နိုင်)၁၁၈၉၆၈ ဖြစ်ပါကြောင်း။
**ဦးစောအင်ဒရူး**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ၈မိုင်၊ အမှတ် ၁၂၂တွင် တည်ရှိသော Asia Petroleum Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်သားများသည် ကုမ္ပဏီ၏မူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၄/ ၁၀၆၀၆/၂၀၁၈)၊ (၄/၁၀၆၀၇/၂၀၁၈)၊ (၄/၁၀၆၀၈/၂၀၁၈)ဖြင့် ၁၈-၉-၂၀၁၈ရက်တွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

(၄/၁၀၆၀၆/၂၀၁၈) (၄/၁၀၆၀၇/၂၀၁၈) (၄/၁၀၆၀၈/၂၀၁၈)

အထက်ဖော်ပြပါ ကုန်ပစ္စည်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ဆိုင်ကယ်အပိုပစ္စည်း အမျိုးမျိုးတို့ကို ထိုင်းနိုင်ငံ Best Sell Manufactory Company Limited မှ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချခွင့် ရရှိထားသည့် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် ဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုး၊ အဆိုပါ ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသော ဂုန်နီအိတ်၊ ပလတ်စတစ်ဘူးပုံစံအမျိုးမျိုး၊ ကတ္တူဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူရွက်အမျိုးမျိုး၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့ကိုလည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head Internet Email & Website၊ ငွေပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့ကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တင်သွင်း၊ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမှတ်အသားများကို ကုမ္ပဏီ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အမှတ်အသားတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ ရောင်းချခြင်းတို့ကို တွေ့မြင်သိရှိ ကြားသိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၈၇)**
**၆၂/၅၊ မြစ်ပယ်လမ်းမြောက်ပိုင်း၊ ၈ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၉၉၁၂၀**

**ORCHID MYANMAR CO.,LTD ၏ မန်နေဂျင်းဒါရိုက်တာ ဦးရွှေမိုး ၉/ဝတန(နိုင်)၁၃၉၇၃၈နှင့်**

## သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ လူကြီးမင်း ဦးရွှေမိုး၏ ကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ၂၉-၉-၂၀၁၇ရက်စွဲပါ သဘောတူစာချုပ်များအရ-

(က) အင်္ဂပူမြို့နယ်၊ အင်္ဂပူဘဲပြားလမ်းပေါ်ရှိ တံတားအမှတ်(၁) (၆၀ပေ×၁၄ပေ×၁၅ပေ) ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်း။

(ခ) ဘိုကလေးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စုရှိ ဂုံမင်းချောင်းတံတား (ပေ၉၀×ပေ၂၀×၁၄ပေ) ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်း။

(ဂ) ဝါးခယ်မမြို့နယ်၊ အူကျွန်းရေလိန်လမ်းပေါ်ရှိ အရှည်(၃ဒသမ၁)ဖာလုံ၊ အကျယ် ၁၂ပေထု၊ ၁၂လက်မ ကျောက်ချောခင်းခြင်းလုပ်ငန်းတို့ကို တင်ဒါလေလံကျပ်သိန်း ၃၄၀၀ဖြင့် အောင်မြင်ခဲ့သည်ဟု သိရပါသည်။

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပိုင်ထွဋ်ဇင် ၁၄/အမန(နိုင်)၁၆၈၁၉၀၊ အခန်း ၂၀/A၊ တိုက် ၂၀/၇၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူနှင့် လူကြီးမင်းဦးရွှေမိုး၏ ကုမ္ပဏီတို့သည် ၁၃-၁၀-၂၀၁၇ရက်တွင် ရန်ကုန်မြို့၌ လုပ်ငန်းလုပ်ဆောင်မှုသဘောတူစာချုပ်ချုပ်ဆိုလျက် လူကြီးမင်း၏ကုမ္ပဏီလေလံရရှိသောအထက်ပါလုပ်ငန်း(၃)ရပ်ကို အကျိုးတူပူးပေါင်းဆောင်ရွက်လာရာ လူကြီးမင်း၏ကုမ္ပဏီက ဦးပိုင်ထွဋ်ဇင်ကို လုပ်ငန်းမန်နေဂျာခန့်အပ်ခြင်း၊ သက်ဆိုင်ရာဌာနများတွင် ငွေသွင်း/ငွေထုတ်ကိုယ်စားလှယ်လွှဲအပ်ခြင်းပြုပေး၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပိုင်ထွဋ်ဇင်က မိမိပိုင်ငွေများ စိုက်ထုတ်ဆောင်ရွက်ပေးလာရာ လုပ်ငန်း(က)နှင့်(ဂ)တို့ပြီးစီးခဲ့သည်ဟု သိရပါသည်။

၃။ လူကြီးမင်းဦးရွှေမိုးသည် ဦးပိုင်ထွဋ်ဇင်နှင့် ချုပ်ဆိုထားသောစာချုပ်ကို ဖျက်ကွယ်ပြုကာ ၂၃-၆-၂၀၁၈ရက်တွင် ဘိုကလေးမြို့၊ ဝဲကြီးကျေးရွာအုပ်စုရှိ ဂုံမင်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းကိုသိမ်းယူလျက် ဦးပိုင်ထွဋ်ဇင်စိုက်ထုတ်ကုန်ကျထားငွေကျပ် ၅၄၅၀၂၁၄၀၀/-(ကျပ်ငါးရာလေးဆယ့်ငါးသိန်း နှစ်ထောင့်တစ်ရာ လေးဆယ်တိတိ)ကို ၃၁-၇-၂၀၁၈ရက်တွင်ပေးပါမည်ဟု ကတိပြုထားသော်လည်း မပေးဘဲအချိန်ဆွဲနေခြင်း၊ ဦးပိုင်ထွဋ်ဇင်၏ဂုဏ်သိက္ခာကျဆင်းစေရန် သက်ဆိုင်ရာဌာနများတွင် မဟုတ်မမှန်ပြောဆိုတင်ပြသည်ဟု သိရသည့်အတွက် ထိုကဲ့သို့မပြုလုပ်ရန် လူကြီးမင်းဦးရွှေမိုးအား ကျွန်ုပ်တို့မှတစ်ဆင့် သတိပေးတားမြစ်လိုက်သည်။ ထို့ပြင်လူကြီးမင်း ဦးရွှေမိုး၏ကုမ္ပဏီမှ ဦးပိုင်ထွဋ်ဇင်သို့ ပြန်အမ်းပေးရမည့်ငွေများကို ၁၅-၁၁-၂၀၁၈ရက် နောက်ဆုံးထားကာ လာရောက်ပေးအပ်ရန် အသိပေးတောင်းဆိုလိုက်သည်။

၄။ လူကြီးမင်း ဦးရွှေမိုးနှင့် Orchid Myanmar Co.,Ltd သည် အထက်စာပိုဒ်(၃)ပါ ဦးပိုင်ထွဋ်ဇင်၏တောင်းဆိုမှုကို လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ နစ်နာကြေးငွေပါပေါင်း၍ တရားစွဲဆိုတောင်းခံရလိမ့်မည်ဖြစ်ကြောင်းနှင့် အဆိုပါတံတား(၂)စင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းရပ်များတွင် ၂၃-၆-၂၀၁၈ရက်မှစ၍ ဦးပိုင်ထွဋ်ဇင်နှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့၍ ဖြစ်ပေါ်လာမည့်အရှုပ်အရှင်းအားလုံးသည် လူကြီးမင်း ဦးရွှေမိုးနှင့် ကုမ္ပဏီ၏ တာဝန်သာဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် သက်ဆိုင်သူအများသိစေရန် အသိပေးကြေညာထားအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**၁။ ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂**
**H.G.P,D.L.P(101)W.I.P.O(Switzerland)**
**အထက်တန်းရှေ့နေကြီး**

**၂။ ဒေါ်မေစပယ်မြင့်(စဉ်-၁၀၆၆၇)**
**LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ် ၅၂၇/၅၂၉၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၁-၅၃၄၃၆၉**

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
09254009334,
09254009335,
09254009336

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တက်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြစို့ !







IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏

IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် **Only One School in Myanmar**

**IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင် !**

Japan Style Career Education
- System Creator Course ( 2 years )
- Web Engineer Course ( 2 years )

**2018 December 7 ရက်တွင်ဖွင့်လှစ်မည့်**
**IT Course တန်းခွဲသစ်အတွက်**
**ကျောင်းအပ်လက်ခံနေပါပြီ**

**09-262007800, 09-262007900**

METRO
IT & Japanese Language Centre

**IT Course Seminar**

Date : 4th . November . 2018 ( Sunday )
Time : 1:00 pm ~ 3:00 pm
Place : Metro IT & Japanese Language Centre

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ





**နေပြည်တော် အောက်တိုဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် တာဝန်ရှိသူများနှင့်အတူ ကိုကိုးကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❑

# (၉) ကြိမ်မြောက် ဂျပန်ဖလား ကရာတေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်နှင့် ဂျပန်သံရုံးတို့ ပူးပေါင်းကျင်းပသည့် (၉) ကြိမ်မြောက် ဂျပန်ဖလား ကရာတေးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပသည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ❍



# မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ၂၀၁၉ ခုနှစ် ဧပြီတွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပမည် ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာသည့် ရှစ်သင်းအား လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည် ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲအပြီးတွင် မြန်မာအသင်းအပါအဝင် တောင်ကိုရီးယား၊ *စာမျက်နှာ ၁၂ ကော်လံ ၅* ✤



**ပထမအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။** ဓာတ်ပုံ - ဖိုးသော်ဇင်




Rakuten Viber

သီတင်းကျွတ်အတွက် Viber မှ ကိုယ်ချစ်ခင်ရတဲ့ သူငယ်ချင်း မိတ်ဆွေကို **မြန်မာငွေ ကျပ်တစ်သောင်း**အထိ ဖုန်းငွေဖြည့်ပေးနိုင်ဖို့ အခွင့်အရေး မျှဝေလိုက်ပါပြီ။ ကိုယ့်သူငယ်ချင်းရဲ့အမည်၊ Viber ဖုန်းနံပါတ်လေးကို အောက်က ကွက်လပ်လေးမှာ ဖြည့်ပြီးသူ့ဘာကြောင့် ထိုက်တန်သလဲ ဆိုတာကိုလည်း ပြောပြပေးခဲ့ပါနော်။

ကြော်ငြာပုံလေးနဲ့တကွ Viber ရဲ့ Hotline Number ကို **အောက်တိုဘာ ၂၂ မှ နိုဝင်ဘာ ၂ ရက်နေ့အတွင်း** ဓာတ်ပုံရိုက် ပေးပို့လိုက်ပါ။ အားလုံးထဲက ကံထူးသူဖြစ်ခွင့်ရဖို့ အမြန်ဆုံးပို့မှ စိတ်ချရမယ်နော်။

ပေးပို့လိုသော ချစ်ရသူ၊ သူငယ်ချင်း၊ မိတ်ဆွေ၏...

**အမည်** ............................................................

**Viber ဖုန်းနံပါတ်** ............................................................

**အကြောင်းအရာ** ............................................................

............................................................